# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၄)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အထူးထိပ်သီးအစည်းအဝေး တက်ရောက်ရန် သြစတြေးလျနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော်　မတ်　၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သြစတြေးလျနေသဟာယနိုင်ငံ၊ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်နှင့် ဆစ်ဒနီမြို့တွင် ကျင်းပပြုလုပ်မည့် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီကာလအတွင်း သြစတြေးလျနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ **Japan Business Federation (Keidanren)** ၏ ဒုတိယဥက္ကဋ္ဌ၊ **Japan-Myanmar Economic Committee of Keidanren** ၏ ဥက္ကဋ္ဌနှင့် **Mitsubishi Corporation** ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ **Mr. Ken KOBAYASHI** နှင့် **Japan-Myanmar Economic Committee of Keidanren** ၏ ဥက္ကဋ္ဌနှင့် **Marubeni Corporation** ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ **Mr. Teruo ASADA** တို့ ဦးဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။　　သတင်းစဉ်

# မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော်　မတ်　၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ Japan Business Federation (Keidanren) ၏ ဒုတိယဥက္ကဋ္ဌ၊ Japan-Myanmar Economic Committee of Keidanren ၏ ဥက္ကဋ္ဌနှင့် Mitsubishi Corporation ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Ken KOBAYASHI နှင့် Japan-Myanmar Economic Committee of Keidanren ၏ ဥက္ကဋ္ဌနှင့် Marubeni Corporation ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr. Teruo ASADA တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၃၀ ပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် အဓိကကျသော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအပြင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**တောင်သူဗဟိုပြု ဖွံ့ဖြိုးရေးမှ နိုင်ငံ့စီးပွားတိုးတက်ရေးသို့**

စာမျက်နှာ -၆

**အာဆီယံ - သြစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး လွှတ်တော်ကအတည်ပြု**

စာမျက်နှာ -၇

**ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် လူမှုစီးပွားအထောက်အကူပြုမည့် ရသေ့တောင်တံတားအား ယခုမတ်လကုန် ပြီးစီးအောင်ဆောင်ရွက်နေ**

စာမျက်နှာ -၁၁




မြန်မာ့အလင်း

# ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒ

လူထုအစိုးရသစ်က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ **(Development Assistance Policy)**ကို ထုတ်ပြန်ခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ကို မလွဲမသွေ လက်ခံရမည်ဖြစ်ပါသည်။ သို့သော် လက်ခံလိုက်သည့် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အထောက်အပံ့ဖြစ်စေရမည်ဖြစ်ပါသည်။ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ ရယူရာတွင် အတိတ်ကာလ၌ ပံ့ပိုးကူညီသည့် နိုင်ငံ(သို့မဟုတ်)အဖွဲ့ အစည်းတို့က ထောက်ပံ့ကူညီလိုသည့် ကဏ္ဍတို့ကို ဦးစားပေး၍ လက်ခံခဲ့ပါသည်။ လူထုအစိုးရသစ်က ယခုထုတ်ပြန်လိုက်သည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒအရ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှု တို့ကို လက်ခံရာ၌ လူထုအစိုးရသစ် ချမှတ်ထားသည့် မူဝါဒတို့အရသာ လက်ခံတော့မည် ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ကို လက်ခံရာ၌ လူထုအစိုးရသစ်၏ မူဝါဒနှင့်ကိုက်ညီမှုရှိစေရမည်ဖြစ်ပါသည်။ ထို့အပြင် ဤနိုင်ငံတကာ ပံ့ပိုးကူညီမှုတို့သည် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့က ၂၀၁၅ ခုနှစ်ကတည်းက ပူးတွဲသတ်မှတ်ထားသည့် တိုင်းပြည်၏ ရေရှည် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်တို့ကိုလည်း တိုက်ရိုက်အထောက်အကူ ဖြစ်စေရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ပေးအပ်သော နိုင်ငံတကာ အကူအညီတို့သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေတို့ကို ထင်ဟပ်ဖော်ဆောင်နိုင်စွမ်းရှိရမည်သာမက မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် နှောင့်ယှက်ဟန့်တားမှုမျိုး မဖြစ်ပေါ်စေရန် ဖန်တီးဖော်ဆောင်ပေးရမည် ဖြစ်ပါသည်။

နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ကိုလက်ခံရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ **(DACU)**က ကိုင်တွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤအဖွဲ့အောက်၌ ကဏ္ဍအလိုက်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ၁၀ ဖွဲ့ ထားရှိသွားမည် ဖြစ်ပါသည်။ အဆိုပါကဏ္ဍ ၁၀ ရပ်မှာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း၊ လျှပ်စစ်နှင့်စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု၊ အာဟာရပြည့်ဝမှု၊ လူမှုကာကွယ်ရေးနှင့် သဘာဝမျှတမှုဆိုင်ရာလုပ်ငန်းတို့ ဖြစ်ပါသည်။ အဆိုပါ ကဏ္ဍ ၁၀ ရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအပြင် တခြားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့နှစ်ရပ်လည်း ရှိမည်ဖြစ်ပါသည်။ ၎င်းတို့မှာ ငြိမ်းချမ်းရေး ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ဖြစ်ပါသည်။

နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ကို လက်ခံရာ၌ အခြေခံမူသုံးရပ်ဖြင့် ချိန်ထိုးကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမအခြေခံမူမှာ နိုင်ငံတကာ၏ အကူအညီအထောက်အပံ့တို့ကို ရယူ၍ ဖော်ဆောင်မည့် စီမံကိန်းတို့အား လူထုအစိုးရသစ်ကသာ ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ ဒုတိယအခြေခံမူမှာ နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုတို့ဖြင့် ဖော်ဆောင်မည့်စီမံကိန်းတို့၌ အသုံးပြုရမည့် နည်းစနစ်တို့ နိုင်ငံတွင်း၌ တည်ရှိပြီးဖြစ်သည်ဟု လူထုအစိုးရသစ်နှင့် မိတ်ဖက်အဖွဲ့(သို့မဟုတ်)နိုင်ငံတို့က ယူဆပါက အဆိုပါတည်ရှိပြီးစနစ်တို့ကိုသာ အသုံးပြုရမည်ဖြစ်ပါသည်။ တတိယအခြေခံမူမှာ လိုအပ်သော ကာလတို ရင်းနှီးမြှုပ်နှံမှုတို့အတွက် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံနိုင်စွမ်းမရှိ ဆိုသည်မှာ သေချာမှသာ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ကို လက်ခံရယူသွားမည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာမူဝါဒသည် နိုင်ငံတော်၏ အတိတ်ကာလအတွေ့အကြုံတို့နှင့် နိုင်ငံတကာ၏ အတွေ့အကြုံတို့ကို အခြေခံ၍ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုတို့ကို တိုင်းပြည်နှင့် လူမျိုးအတွက် အထိရောက်ဆုံးအသုံးချနိုင်ရန် ချမှတ်ထားသောမူဝါဒဖြစ်၍ လေးနက်စွာ ကြိုဆိုဂုဏ်ပြုပါကြောင်း တင်ပြအပ်ပါသည်။ ။

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဘက်စုံပြုပြင်ရန် အလှူတော်ငွေ လှူဒါန်း

**ရန်ကုန် မတ် ၁၂**

ရန်ကုန်မြို့ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘက်စုံပြုပြင်ရန်အလှူတော်ငွေနှင့် ရတနာပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ဗိုလ်တထောင်စေတီ နန်းဦးဘုရား၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုရှင် ဒေါက်တာဘဒ္ဒန္တဏ္ဍာဒ္ဒိဗလ ဆရာတော်ထံမှ ဩဝါဒကထာနာယူသည်။ ဆက်လက်၍ အလှူရှင်များမှ အလှူတော်ငွေနှင့် ရတနာပစ္စည်းများကို လှူဒါန်းကြသည်။



ဗိုလ်တထောင် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်သစ် ကပ်လှူပူဇော်ခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းမှုအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်ဝမ်းမြောက်စကားလျှောက်ထားပြောကြားသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ -သန်းစိုး**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မတ် ၁၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၇ ဒသမ ၃၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၄ ဒသမ ၈၂ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၂ ဒသမ ၂၀ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၂၈ ဒသမ ၅၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၄၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉၂ ဒသမ ၀၆ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒီဇင် ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၂၈၇၄ ဒသမ ၂၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၈၆ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၅၅ ဒသမ ၃၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၄၁ ဒသမ ၇၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၆၉၇ ဒသမ ၀၉ သန်းတင်ပို့နိုင်ခဲ့သည်။ ပုံမှန် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅၄၂ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၁၃ ဒသမ ၁၇ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၅၅ ဒသမ ၆၉သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏ မှာ အမေရိကန်ဒေါ်လာ ၂၄၃၅၂ ဒသမ ၇၈ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၉၅၈ ဒသမ ၆၀ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## မန်စီမြို့နယ်တွင် လယ်ယာမြေလျော်ကြေးငွေ ပေးအပ်ပွဲကျင်းပ

**ဗန်းမော် မတ် ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မန်စီမြို့နယ် တောင်သူ ၈၆ ဦး၏ လယ်မြေ ၈၄ ဒသမ ၅၅ ဧက၊ ယာမြေ ၅၄ ဒသမ ၂၄ ဧက၊ ဥယျာဉ်မြေ ၃ ဒသမ ၀၂ ဧက စုစုပေါင်း ၁၄၁ ဒသမ ၈၁ ဧကအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြေယာလျော်ကြေးငွေ ၁၂ ဒသမ ၅၉၇ သန်းကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၀-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ・၁ |
| ဥရောပ | တစ်ယူရို | ၁၆၅၀ ・၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ・၄ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၇၀ ・၁ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၂ |
| တရုတ် | တစ်ယွမ် | ၂၁၀ ・၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ ・၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီခွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

❖ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စိုက်ပျိုးရေး ... စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**လက်ခံတွေ့ဆုံ**

ထို့ပြင် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာ ရာမန်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် မတ် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ Japan Business Federation (Keidanren)၏ဒုတိယဥက္ကဋ္ဌ Mr.Ken KOBAYASHI နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေးကိုရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်အေး၊ ဦးဝင်းသိန်းဇော်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးဝင်းမြင့်အောင်၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဦးမောင်မောင်ဦး၊ ဦးပေါခင်(ခ) ဦးသက်လွင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းထွန်း၊ ဦးထွန်းမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ Japan Business Federation (Keidanren)၏ ဒုတိယဥက္ကဋ္ဌ Mr.Ken KOBAYASHI နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၂**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊



ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၁ ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အမြင့်ဆုံးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ် ၂၀ နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၂**

(၁၂)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၇)ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၇ရက် စနေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂ စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံးနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြရန် နှိုးဆော်ထားသည်။

စာပေဆုကော်မတီသို့ ဆက်သွယ်ရမည့်လိပ်စာမှာ အမှတ်(၂၃/၂၄)၊ ဗဟိုရ်စည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇၊ ၀၉-၄၅၁၃၀၃၉၆၉တို့ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ရာဇဝတ်အထူးအယူခံမှု(၆)မှုနှင့် တရားမအထူးအယူခံမှု(၄)မှု စီရင်ချက်ချ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု (၆)မှုနှင့် တရားမအထူးအယူခံမှု(၄)မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု(၆)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာဖြေဆိုနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လှည့်လည်ကြည့်ရှု

နေပြည်တော် မတ် ၁၂

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ စတင်ကျင်းပလျက်ရှိရာ နိုင်ငံခြားစာစစ်ဌာန ၂၁ ခု၊ ပြည်တွင်း စာစစ်ဌာန ၁၇၂၁ ခု စုစုပေါင်း စာစစ် ဌာန ၁၇၄၂ ခုတွင် ဖြေဆိုရန်စာရင်း ပေးသွင်းထားသော ကျောင်းသား ကျောင်းသူ ၇၄၁၆၇၆ ဦးရှိသည့်အနက် ဓာတုဗေဒဘာသာကို ၆၉၄၃၇၁ ဦး ဖြေဆိုကြပြီး ပျက်ကွက်သူ ၄၇၃၀၅ ဦး ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၆၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံစာစစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ အခြေခံပညာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အမှတ်-၃ အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သာဝတ္ထိ)၊ အမှတ်-၅ အခြေခံပညာအထက်တန်းကျောင်း (အေလာ) စာစစ်ဌာနများသို့ရောက်ရှိပြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာ ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

နေပြည်တော်ကောင်စီနယ်မြေ၌ စာစစ်ဌာန ၄၄ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၈၆၂ ဦးရှိသည့်အနက် ဓာတုဗေဒဘာသာကို ၂၁၄၀၀ ဖြေဆိုကြပြီးပျက်ကွက်သူ ၁၄၆၂ ဦး ရှိသဖြင့် ဖြေဆိုမှု ရာခိုင်နှုန်းမှာ ၉၃ ဒသမ ၆၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးစမ်းချောင်းမြို့နယ် အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် စိတ်ကြိုက်မြန်မာစာဘာသာကို တစ်ဦး ယနေ့ ဖြေဆိုကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ် (၃၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သန်းဇော်လင်း ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ မတ် ၁၂ ရက်က အထက (၂) ကမာရွတ်ကျောင်းရှေ့တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကူညီဆောင်ရွက်ပေးကြစဉ်။** (၃၄၉)

# တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဆက်လက် ကျင်းပ

**နေပြည်တော် မတ် ၁၂**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်ဆေးသော ဘာသာရပ်များ မှာ ဓာတုဗေဒနှင့် စိတ်ကြိုက်မြန်မာစာတို့ ဖြစ်သည်။ ဓာတုဗေဒဘာသာကို အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ အတွဲ(၅) ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် အတွဲ(၈) ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်ဘာသာတွဲ ယူမည့် ကျောင်းသား ကျောင်းသူများသာ ဖြေဆိုရပြီး စိတ်ကြိုက်မြန်မာစာဘာသာကို အတွဲ(၃) ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၄) သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာနှင့် အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာယူသည့် ကျောင်းသား ကျောင်းသူများသာ ဖြေဆိုရခြင်းဖြစ်ကြောင်း သိရသည်။

**တစ်ဦးတည်း ဖြေဆို**

စိတ်ကြိုက်မြန်မာစာ ဘာသာကို တစ်ပြည်လုံးတွင် ရန်ကုန်တိုင်းဒေသကြီးမှ အထက-၂ စမ်းချောင်းတွင် စာဖြေသူ တစ်ဦးတည်း ဖြေဆိုသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဓာတုဗေဒဘာသာ ဖြေဆိုသည့် စာရင်းသွင်း ဦးရေမှာ ၂၂၈၆၂ ဦးရှိပြီး ၂၁၄၀၀ ဖြေဆိုကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာစာဖြေသူ ၁၆ ဦးတွင် တစ်ဦး ပျက်ကွက်၍ ၁၅ ဦး ဖြေဆိုပြီး မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် လူနာ စာဖြေသူခြောက်ဦးတို့သည် ယနေ့ ဓာတုဗေဒဘာသာကို ဖြေဆိုကြသည်။

ဓာတုဗေဒ ဘာသာရပ်ကို အင်းစိန်ဗဟိုအကျဉ်းထောင်၊ မန္တလေး ဗဟိုအကျဉ်းထောင်၊ ရွှေဘိုအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်၊ မြိတ်အကျဉ်းထောင်၊ တောင်ငူအကျဉ်းထောင်၊ စစ်တွေအကျဉ်းထောင်နှင့် မြောင်းမြအကျဉ်းထောင်တို့တွင် အကျဉ်းသားနှင့် အချုပ်ကျ စုစုပေါင်း စာဖြေသူ ၇၉ ဦး ဖြေဆိုကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကြားအာရုံချို့ယွင်းသူ ၁၀ ဦး ဓာတုဗေဒဘာသာကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မတ် ၁၂ ရက်တွင် စာရင်းရှိ ကျောင်းသားကျောင်းသူပေါင်း ၇၄၁၆၇၆ ဦး ရှိရာမှ ဖြေဆိုသူပေါင်း ၆၉၄၃၇၁ ဦးနှင့် ပျက်ကွက်သူပေါင်း ၄၇၃၀၅ ဦး ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၆၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ စကားသံများ

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ ဓာတုဗေဒနှင့် စိတ်ကြိုက်မြန်မာစာတို့ ဖြေဆိုကြကြောင်း သိရသည်။ မန္တလေးမြို့၌ ကျောင်းသား ကျောင်းသူများ ယနေ့တွင် အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ စကားသံများကို စုစည်းဖော်ပြပေးလိုက်ပါသည်-**



ဒေါ်သီဂီကျော်



မင်းဟိဏ်းဆက်



မအေးအေးအောင်



မမျိုးမျိုးထွေး

**ဒေါ်သီဂီကျော်(တက္ကသိုလ်ဝင်တန်း ဖြေဆိုသူကျောင်းသားတစ်ဦး၏အဘွား)**

မြေးလေးက ပုံမှန်စာလုပ်တဲ့ကလေးဆိုတော့ တအားကြီး မပြောရဘူးပေါ့၊ စာမေးပွဲရက်ကလေးတော့ စာကျက်ဖို့ သတိပေးရတာပေါ့၊ ဘုရားကန်တော့ရင်တော့ သူ့ကို အကောင်းဆုံး ဖြေဆိုနိုင်ပါစေဆိုပြီး ဆုတောင်းပေးတာပေါ့၊ အနည်းဆုံး ဂုဏ်ထူးလေးဘာသာလောက်တော့ ပါစေချင်တာပေါ့၊ အင်္ဂလိပ်စာ နည်းနည်းခက်တယ်လို့တော့ ပြောတယ်၊ ဒါပေမယ့် သူရေးလာတဲ့ Letter ကို စစ်တဲ့ဆရာက သဘောကျသွားတယ်ဆိုရင်တော့ ကောင်းတာပေါ့။

**မင်းဟိဏ်းဆက်**

စာမေးပွဲက ဖြေနိုင်ပါတယ်၊ မေးခွန်းခက်တာတွေတော့ ရှိတာပေါ့၊ အင်္ဂလိပ်စာနဲ့ သင်္ချာမှာ ခက်တာရှိတယ်၊ Grammar တွေက မမြင်ဖူးတာတွေပါတယ်၊ unseen မေးခွန်းတွေပါတယ်၊ ဓာတုဗေဒဘာသာရပ်မှာတော့ ဂုဏ်ထူးမှန်းထားပါတယ်၊ နောက်ကျန်တဲ့ ဘာသာရပ်တွေအတွက်လည်း ပြင်ဆင်ထားပါတယ်၊ အခန်းဆုံးအထိ ကြည့်ထားတယ်၊ ကျန်တဲ့ နှစ်ဘာသာကိုလည်း ဂုဏ်ထူးမှန်းထားပါတယ်၊ ဖြေတဲ့ကာလအတွင်းမှာတော့ နားချိန်တစ်နာရီ၊ နှစ်နာရီလောက်ပဲပေးပြီး စာကျက်ဖြစ်ပါတယ်။

**မအေးအေးဖြူ**

ရှေးဦးဘက်က လာဖြေတာပါ၊ ပထမ သုံးဘာသာကတော့ လွယ်ပါတယ်၊ ဓာတုဗေဒဘာသာရပ်က ရှေ့ပိုင်းမှာ နည်းနည်း တစ်မှတ်တန်လေးတွေ နည်းနည်းခက်တယ်၊ အောင်မှတ်ရဖို့တော့ လွယ်ပါတယ်၊ သင်္ချာနဲ့ မြန်မာတော့ ဂုဏ်ထူးမှန်းထားပါတယ်၊ နောက်ကျန်တဲ့ ဘာသာတွေအတွက် ရူပဗေဒဘာသာရပ်ကို ဂုဏ်ထူးမှန်းထားပါတယ်၊ ဇီဝဗေဒဘာသာကတော့ အားနည်းတော့ ဂုဏ်ထူးမမှန်းဘူး။

**မအေးအေးအောင်**

မြို့သစ် ၁ ရပ်ကွက်မှာ နေတယ်၊ စဖြေတဲ့ရက်က ကြောက်တော့ ကြောက်တယ်၊ မေးခွန်းစာရွက်ရလို့ ဖြေလည်း ဖြေရော ပုံမှန်အတိုင်းပါပဲ၊ မြန်မာဘာသာရပ်တုန်းက အကုန်လုံးဖြေနိုင်တယ်။ အင်္ဂလိပ်စာ Grammar ၊ Essay က ခက်တယ်၊ Grammar တွေက ကိုယ်ကြည့်တဲ့အပိုင်းက မပါဘူး၊ တခြားသူငယ်ချင်းတွေကလည်း ပြောတယ်၊ အင်္ဂလိပ်စာခက်တယ် မဖြေနိုင်ဘူးလို့ ပြောကြတယ်၊ နောက်ကျန်တဲ့ဘာသာကတော့ ပိုင်ပါပြီ။

**မမျိုးမျိုးထွေး**

မနော်ရမ္မံနားက ၄၂ လမ်းမှာ နေပါတယ်၊ အင်္ဂလိပ်စာက Grammar၊ Letter ၊ Essay တွေကခက်တယ်၊ Grammar က တော်တော်ခက်တယ်၊ သိတာဆိုလို့ သုံးပုဒ်လောက်ပဲပါတယ်၊ ကျန်တာတွေက သိပ်မသိဘူး၊ အောင်မှတ်ဖိုးတော့ ဖြေနိုင်ပါတယ်။ ကျန်တဲ့ဘာသာတွေက အကုန်ဖြေနိုင်တယ်။ နောက်ထပ် ကျန်တဲ့နှစ်ဘာသာက ရပြီးသားဆိုတော့ ဖြေနိုင်မယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ- အိမ့်မို့မို့ခိုင်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဗီယက်နမ်သို့ အလုပ်သဘော လေ့လာရေးခရီးသွားရောက်



**နေပြည်တော် မတ် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဦးဆောင်သော နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အလုပ်သဘော လေ့လာရေးခရီးသွားရောက်ရန် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် လေ့လာသင်ယူ

နေပြည်တော် မတ် ၁၂

**အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။** (အောက်ပုံ)





**ပထမဆုံးအကြိမ် အဆင့်မြှင့်တင်**

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက ယခုသင်တန်းသည် ယခင်က ရက်သတ္တလေးပတ်ဖြင့် ဖွင့်လှစ်ခဲ့သော အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအစား ယခုပြည်သူ့ဝန်ထမ်း အကယ်ဒမီအောက်တွင် ရက်သတ္တ ၂၀ ပတ်ဖြင့် အလယ်အလတ်အဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း၊ အမှတ်စဉ် (၁)အဖြစ် ပထမဆုံးအကြိမ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းပြီးမြောက်ပါက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာဘွဲ့ကို ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့် ပျိုးထောင်ပေးလျက်ရှိရာတွင် Management Training Approach နှင့် Educational Approach တို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး Management Training Approach အနေဖြင့် လက်ရှိဖွင့်လှစ်လျက်ရှိသည့် ပုံမှန်သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၏ Curriculum၊ Syllabus များကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲပြီး ပို့ချပေးလျက်ရှိသလို Educational Approach အနေနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီ တည်ထောင်ခဲ့ပြီး ပထမအဆင့်အဖြစ် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ အမှတ်စဉ်(၁)မှ (၃)ထိ သင်တန်းသား၊ သင်တန်းသူ ၇၆၄ ဦးကို ဘွဲ့လွန်ဒီပလိုမာများ ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

**ကျွမ်းကျင်ထားရှိရန် လိုအပ်**

ယနေ့ခေတ်တွင် Global Literacy ဆိုသည့် ကမ္ဘာလုံးဆိုင်ရာ စာတတ်မြောက်မှုဆိုသည်မှာ Language Literacy၊ Computer Literacy နဲ့ Digital Literacy ဆိုသည့် အတတ်ပညာသုံးခုကို တတ်မြောက်မှသာလျှင် Global Literacy ဟု သတ်မှတ်နိုင်မည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အဆိုပါပညာရပ်များကို လေ့လာဆည်းပူးတတ်မြောက် ကျွမ်းကျင်ထားရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံ့ဝန်ထမ်းများကို ကျွမ်းကျင်မှုအတတ်ပညာ၊ သုတ၊ သမ္မာ တိုးတက်လာစေရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ကုန်ကျခံရင်းနှီးမြှုပ်နှံပြီး လေ့ကျင့်ပေးလျက်ရှိရာတွင် သင်တန်းသူ၊ သင်တန်းသားများကလည်း Return of Investment အနေဖြင့် မိမိရာထူးအဆင့်နှင့် လျော်ညီသည့် အရည်အသွေးဖြင့် စွမ်းဆောင်ရည် တိုးတက်လာစေရန် အစဉ်ကြိုးစားလေ့လာသင်ယူပြီး နိုင်ငံတော်အပေါ် ပြန်လည်အလုပ်အကျွေး အကျိုးပြုရန် လိုအပ်ကြောင်း၊ Civil Service Reform ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုပြုလုပ်မည့် လုပ်ငန်းစဉ် (Public Perception Survey Activity)ကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ( Public Service Delivery ) များ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း ရှိ၊ မရှိ အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း ရှိ၊ မရှိ တုံ့ပြန်ဆောင်ရွက်မှုကောင်း၊ မကောင်း တန်းတူအခွင့်အရေးရရှိမှု ရှိ၊ မရှိ၊ လူမျိုးခွဲခြားမှု ရှိ၊ မရှိ စသည်တို့အပေါ် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် သင်တန်းသား သင်တန်းသူများအနေဖြင့် Life Long Learning ဆိုသည့် တစ်သက်တာ သင်ယူလေ့လာဆည်းပူးခြင်းနှင့် မိမိတာဝန်ထမ်းဆောင်နေသည့်အဖွဲ့အစည်း ထိုမှတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူဆည်းပူးကြရန်၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ငန်းတာဝန်များကို စေတနာပါပါဖြင့် မေတ္တာထားဆောင်ရွက်ကြရန်နှင့် စွမ်းရည်ထက်မြက်သော နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် အတွေးအခေါ်၊ ခံယူချက်၊ ယုံကြည်ချက်များကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲကြရန် တိုက်တွန်းမှာကြားသည်။

**ရက်သတ္တ ၂၀ ပတ်ကြာ ဖွင့်လှစ်မည်**

အဆိုပါသင်တန်းတွင် ဝန်ကြီးဌာန အဖွဲ့စည်းအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ သင်တန်းသား ၅၀ ၊ သင်တန်းသူ ၄၈ ဦး၊ စုစုပေါင်း ၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၂ ရက်မှ ဩဂုတ် ၃ ရက်အထိ ရက်သတ္တ ၂၀ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကနောင်ဆောင်ဖွင့်**

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော သင်တန်းသားအရာရှိ ၅၀ ဆံ့ အိပ်ဆောင် ကနောင်ဆောင်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါအဆောင်သစ်ရှေ့တွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးညီညီစိုးတို့က ဖဲကြိုးဖြတ်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက ကနောင်ဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ ပါမောက္ခချုပ်နှင့် ကြွရောက်လာသော ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား နံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး ကနောင်ဆောင်ရှိ သင်တန်းသား အိပ်ခန်းများ၊ ဧည့်ခန်းနှင့် စားသောက်ခန်းတို့အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါအိပ်ဆောင်သည် အစိုးရသစ်တာဝန်ယူသည့်ကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသားတစ်ဦးလျှင် အခန်းတစ်ခန်းနှုန်းဖြင့် အဆင့်မြင့်စွာနေထိုင်သင်ကြားနိုင်ရေး မူဝါဒနှင့်အညီ လက်ရှိသင်တန်းအိပ်ဆောင်များကို ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း အစီအစဉ်အရ ဆောက်လုပ်ထားသော အိပ်ဆောင်သစ်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❇ *ကျောဖုံးမှ*

ခရီးသွားများပါ အပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ” မေးမြန်းရာတွင် အစီအစဉ်ရှိကြောင်းနှင့် လတ်တလောတွင်လည်း စည်ပင်သာယာအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများရှိနေကြောင်းကို မြို့တော်ဝန်က ပြန်လည်ဖြေကြားခဲ့သည်။

“လှိုင်မြို့နယ်ဟာ ဧရိယာကျယ်ပေမယ့် အများပြည်သူအပန်းဖြေစရာ အင်မတန်ရှားပါးတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်၊ အင်းလျားကန်ကြီးကို မှီတည်နေတဲ့ အင်းလျားကန်ပေါင်ဟာ ပြည်သူတွေ အပန်းဖြေစရာ နေရာတစ်ခုဖြစ်သလို မြို့နယ်တွင်း ပြည်သူများသာမက တခြားမြို့နယ် ပြည်သူတွေပါ နေ့စဉ် နံနက်စောစောပိုင်း ကျန်းမာရေးလမ်းလျှောက်သူ၊ လေ့ကျင့်ခန်းလုပ်သူတွေနဲ့ နံနက်စောမှ ညပိုင်းအထိ အပန်းဖြေသူပြည့်နေပြီး တက္ကသိုလ်နယ်မြေဖြစ်လို့ ကျောင်းသား၊ ကျောင်းသူတွေလည်း အပန်းဖြေလာရောက်ကြပါတယ်၊ ဒါကြောင့် အင်းလျားကန်ကြီးကို ရေရှည်ထိန်းသိမ်းဖို့ လိုအပ်နေကြောင်း၊ ကန်တော်ကြီးဆိုရင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းမှုအားနည်းခဲ့လို့၊ အခုဆိုရင် ရေပို၊ ရေလွှဲစနစ်တွေ၊ ရေတံခါးတွေ ထိန်းသိမ်းဖို့ ခက်ခဲတဲ့အခြေအနေဖြစ်နေပြီ၊ ဒါကို ကျွန်မတို့အနေနဲ့ နမူနာထားပြီး အင်းလျားကန်ကြီးကို သန့်ရှင်းပြီး ရေရှည်တည်တံ့တဲ့ ကန်ဖြစ်စေဖို့ ထိန်းသိမ်းစေလိုတဲ့ စေတနာနဲ့ မေးမြန်းတာဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ် ခိုင်မာဌေးက ပြောသည်။

ရန်ကုန်မြို့ အင်းလျားကန်ကြီးသည် လှိုင်၊ မရမ်းကုန်းနှင့် ကမာရွတ်မြို့နယ်သုံးခုမှ နယ်နိမိတ်များနှင့် ထိစပ်ပိုင်ဆိုင်ပြီး ဝန်းကျင်မြို့နယ်အတွင်း ပြည်သူများ လာရောက် အပန်းဖြေသည်မက တခြားမြို့နယ်များမှလည်း အခွင့်အခါသင့်သလို လာရောက်လည်ပတ် အပန်းဖြေကြသည်။ အထူးသဖြင့် ရုံးပိတ်ရက် ခါကြီး၊ ရက်ကြီးများနှင့် သင်္ကြန်ကာလ၊ New Year ကာလများတွင် အပန်းဖြေလာရောက်လည်ပတ်သူများဖြင့် အထူးလူစည်ကားများပြားလျက်ရှိသည်။ ယခုအခါ အင်းလျားကန်အတွင်း ရေမှော်များရှိနေခြင်း၊ အနီးဝန်းကျင် စားသောက်ဆိုင်များမှ ရေဆိုးရေညစ်များ၊ စွန့်ပစ်အမှိုက်များ ဝင်ရောက်နေမှုတို့ကြောင့် အကျည်းတန် အရုပ်ဆိုးမှုများ၊ အမြင်မတင့်တယ်မှုများဖြစ်နေသဖြင့် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာအနေဖြင့် ဘယ်လိုလုပ်ဆောင်သွားမည်၊ ဘယ်လိုအဆင့်မြှင့်တင်သွားမည်ကို သိလိုကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းဖြစ်သည်။

ယင်းမေးမြန်းမှုအပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးမောင်မောင်စိုးက အင်းလျားကန်ကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ လတ်တလောမှာလည်း လုပ်ဆောင်ပေးနေပါကြောင်း၊ အင်းလျားကန်သန့်ရှင်းလုပရေးအတွက် ရေနှင့်သန့်ရှင်းမှုဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်း၊ ဒိုက်နှင့်အမှိုက်များကိုလည်း စက်ကြီးများနှင့် ပုံမှန်ဆယ်ယူရှင်းလင်းပေးနေပါကြောင်း၊ နုန်းစုပ်စက်နှင့်လည်း နုန်းများကို ဆယ်ယူလျက်ရှိပါကြောင်း၊ ရေပိုလွှဲများလည်း တိုးချဲ့တည်ဆောက်ထားပါကြောင်းနှင့် ရေထိန်းတံခါးများကိုလည်း ထပ်မံလုပ်ဆောင်ထားပါကြောင်း ပြန်လည်ဖြေကြားသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**



**၂၀၁၈ ခုနှစ် (၁၁) ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မတ် ၁၂ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ပြုလုပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် (၄) ဒေါ်မေမေသွယ်က အသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်စဉ်။**

အောင်သူရ

# တောင်သူဗဟိုပြု ဖွံ့ဖြိုးရေးမှ နိုင်ငံ့စီးပွားတိုးတက်ရေးသို့

မြင့်ဆွေ (ကြေး/မြေ)

**မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာသားငါးကဏ္ဍမှရရှိရာတွင် ပင်မထုတ်လုပ်သူများမှာ တောင်သူလယ်သမားများဖြစ်သည်။**

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေး နှင့်နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးတို့အတွက် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ အပါအဝင် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများက ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် တိုးတက် ပြောင်းလဲလာသည့် အခြေအနေနှင့် လိုအပ်ချက်များနှင့်အညီ ဆိုင်ရာဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကိုလည်း မလွဲမသွေလုပ်ဆောင်ကြရမည်ဖြစ်သည်။

**တောင်သူလယ်သမားဆိုသည်မှာ**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျေးလက်ဒေသ တောင်သူလယ်သမား အများစုသည် လယ်ယာသီးနှံစိုက်ပျိုးရေးနှင့် အတူ လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားများနှင့် ကြက်၊ ဘဲ၊ ဝက်စသည့် အိမ်မွေးတိရစ္ဆာန်များမွေးမြူရေးကို တစ်နိုင်တစ်ပိုင် တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည့် စိုက်ပျိုးရေးတောင်သူများရှိသကဲ့သို့ တိရစ္ဆာန်မွေးမြူရေးကိုသာ လုပ်ကိုင်ကြသည့် မွေးမြူရေးတောင်သူများလည်းရှိသည်။ နိုင်ငံတကာတွင် သီးနှံစိုက်ပျိုးရေးဖြစ်စေ၊ တိရစ္ဆာန်မွေးမြူရေးဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်၍ဖြစ်စေ လယ်ယာသားငါးထုတ်ကုန်များအား ပင်မစိုက်ပျိုးမွေးမြူထုတ်လုပ်သူအားလုံးကို တောင်သူလယ်သမားဟု သတ်မှတ်ခေါ်ဆိုကြသည်။ မည်သို့ဆိုစေ လူသားအားလုံး၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အမှန်တကယ်ထုတ်လုပ်ပေးသူများမှာ တောင်သူလယ်သမားများပင်ဖြစ်သည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ အထောက်အကူပြုဆောင်ရွက်နိုင်ရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ဖြင့် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ဥပဒေပုဒ်မ ၂(ဃ) အရ တောင်သူလယ်သမား၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ဖော်ပြထားသည်။ အဓိပ္ပာယ်အနှစ်ချုပ်အနေဖြင့် တောင်သူလယ်သမားဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သူ၊ တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူအားလုံး အကျုံးဝင်သည်။

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး**

တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှု တိုးတက်ရန် အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်ရရှိရေးတို့ ဖြစ်သည်။ အဆိုပါလိုအပ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင် ရည်ရွယ်ချက် ၅ ရပ်အဖြစ် တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊ နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်း ဆိုင်ရာတို့ကို ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ်တောင်သူများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။

အဆိုပါ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ဒုတိယသမ္မတ ဦးဆောင်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အပါအဝင် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းအဖွဲ့များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သီးနှံစိုက်ပျိုးရေးလုပ်ငန်းသာမက တိရစ္ဆာန်မွေးမြူရေး၊ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိနိုင်ရန် ဥပဒေ၊ နည်းဥပဒေများတွင် လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

**ငွေကြေးအရင်းအနှီးရရှိရေး**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သော ငွေကြေးအရင်းအနှီးရရှိရေးအတွက် အစိုးရဘဏ်များသာမက အစိုးရက အသိအမှတ်ပြုထားသော ဘဏ်များမှ လုံလောက်သောချေးငွေကို ရာသီချိန်မီထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် တောင်သူလယ်သမားများအား သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ချေးငွေများကို စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၁၉၉၀ ပြည့်နှစ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ဥပဒေအရ ထုတ်ချေးပေးလျက်ရှိသည်။ တိုးတက်ပြောင်းလဲလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လက်တွေ့လုပ်ငန်း လိုအပ်ချက်များအရ ချေးငွေများထုတ်ချေးဆောင်ရွက်ရာတွင် ဥပဒေနှင့် ညီညွတ်မှုရှိရန် လိုအပ်သည်။ တည်ဆဲမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များသည် ပြောင်းလဲလာသည့် အခြေအနေ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိတော့သည့်အတွက် ဥပဒေအသစ်ရေးဆွဲပြီး၍ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ တောင်သူလယ်သမားများတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက်များကို ဥပဒေနှင့်အညီ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို လျင်လျင်မြန်မြန် စိစစ်အတည်ပြုပြဋ္ဌာန်းပေးရန် အရေးကြီးလိုအပ်လျက်ရှိပါသည်။

> **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် တောင်သူလယ်သမားများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်သာမက နိုင်ငံတော်အစိုးရက သတ်မှတ်ခွင့်ပြုပေးထားသော ဘဏ်နှင့်ကုမ္ပဏီ၊ အသင်းအဖွဲ့များက ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါဝင်ဆောင်ရွက်ပေးနိုင်ရေး ကိုလည်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ကြရမည်**

ထို့ပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် တောင်သူလယ်သမားများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သာမက နိုင်ငံတော် အစိုးရက သတ်မှတ်ခွင့်ပြုပေးထားသော ဘဏ်နှင့်ကုမ္ပဏီ၊ အသင်းအဖွဲ့များက ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါဝင်ဆောင်ရွက်ပေးနိုင်ရေးကိုလည်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

**နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အကူအညီများရရှိရေး**

တောင်သူလယ်သမားများ၏ စိုက်ပျိုး မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေရရှိရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ မျိုးသားပေါက်၊ မွေးမြူရေးအစားအစာ၊ ဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းများ စသည့် သွင်းအားစုများအတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းထားပြီးဖြစ်သည်။

အဆိုပါ ဥပဒေနှင့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်သည့် လုပ်ငန်းကော်မတီများနှင့် ဆိုင်ရာဌာန၊ အဖွဲ့အစည်းက အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆိုင်ရာ လုပ်ငန်းအလိုက် ပြဋ္ဌာန်းထားပြီး ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးဆိုင်ရာ မျိုးစေ့ဥပဒေ၊ မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ၊ အပင်ပိုးမွှားကာကွယ်ပေးရေးဥပဒေတို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။ အလားတူ မွေးမြူရေးဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ၊ ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေတို့ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ယင်းဥပဒေများအနက် တိုးတက်ပြောင်းလဲလာသည့် လုပ်ငန်းလိုအပ်ချက်များနှင့် ညီညွတ်စေရန် အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှု ထိန်းချုပ်ရေးဥပဒေ၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေနှင့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေတို့ကို အသစ်ရေးဆွဲ၍ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါဥပဒေများကို အလျင်အမြန် စိစစ်အတည်ပြု ပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိသည်။

**လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး**

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့မှ ထွက်ရှိသော လယ်ယာထုတ်ကုန်များကို ထုတ်လုပ်မှုကုန်ကျစရိတ်ကာမိစေရန်နှင့် တောင်သူလယ်သမားများ တွက်ခြေကိုက်စေမည့် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ခိုင်မာသောဈေးကွက်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်သည်။

အဆိုပါ ဥပဒေနှင့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် တောင်သူလယ်သမားများအား လက်လီလက်ကားဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း၊ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန်လိုအပ်ပါက သင့်လျော်သော နည်းလမ်းဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန်အာမခံထားရှိရေးစနစ် ပေါ်ထွန်းလာရေးဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ အထူးပြုကုမ္ပဏီများ၊ ထုတ်လုပ်သူတောင်သူလယ်သမားများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်း၊ ဈေးကွက်ရရှိရေးအတွက် ဝယ်ယူရောင်းချခြင်းအပါအဝင် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ လယ်ယာထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် စိုက်ပျိုး ရေးနည်းစနစ်ကောင်း၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့် ကောင်းမွန်သော ရေထွက်ပစ္စည်းမွေးမြူရေးကျင့်စဉ်တို့နှင့်စပ်လျဉ်းပြီး ဆိုင်ရာဌာနများက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးရမည် ဖြစ်သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး**

တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု တိုးတက်လာပြီး လူမှုစီးပွားဘဝ မြင့်မားလာသည်နှင့်တစ်ပြေးညီ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ကျေးလက်ဒေသ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်း တိုးတက်ကောင်းမွန်ရေး၊ လယ်ယာကုန်ထုတ်လမ်းများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသအိမ်ရာ တည်ဆောက်ရေး၊ ကျေးလက်ဒေသ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဖော်ဆောင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ သို့ဖြင့် မြို့ပြနှင့်ကျေးလက်ဒေသအကြား လူမှုစီးပွား အဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းလာမည်ဖြစ်သည်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်ကောင်းများဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းဆောင်ရွက်မှုအပါအဝင် ကြီးကြပ်ကွပ်ကဲခြင်း၊ ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းသုံးစွဲခြင်းတို့ကို ဥပဒေနှင့်အညီ စနစ်တကျစီမံဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ယင်းအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) တစ်ရပ်ရေးဆွဲပြီးဖြစ်၍ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ လိုအပ်လျက်ရှိသော ဥပဒေနှင့်နည်းဥပဒေများကို အလျင်အမြန်ရေးဆွဲအတည်ပြုပြဋ္ဌာန်းပေးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**တောင်သူဗဟိုပြုဖွံ့ဖြိုးရေးမှ နိုင်ငံ့စီးပွားတိုးတက်ရေးသို့**

ကမ္ဘာ့လူသားအားလုံး၏ အခြေခံအကျဆုံး မရှိမဖြစ်လိုအပ်ချက်မှာ စားနပ်ရိက္ခာဖူလုံရေးဖြစ်သည်။ မြန်မာနိုင်ငံသည် ဆန်စပါးနှင့် ကောက်ပဲသီးနှံအမျိုးမျိုးအပါအဝင် သားငါးမျိုးစုံ ထုတ်လုပ်မှုဖူလုံပိုလျှံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် ရေမြေသယံဇာတ၊ ရာသီဥတုအခြေအနေကောင်းများကို ပိုင်ဆိုင်ထားပြီး ပိုမိုတိုးတက်ထုတ်လုပ်နိုင်စွမ်းလည်းရှိသည်။ သဘာဝအရင်းအမြစ်များကို အကျိုးရှိထိရောက်မှန်ကန်စွာ အသုံးချတတ်ကြဖို့လိုသည်။ မြေနှင့်ရေကိုအသုံးပြု၍ တောင်သူလယ်သမားများ၏ ကြိုးစားအားထုတ်မှုဖြင့် လယ်ယာသားငါးထုတ်ကုန်များ ပေါ်ထွက်လာခြင်းဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပင်မထုတ်လုပ်သူများဖြစ်သည့် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဘက်စုံ ထောင့်စုံမှ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြရပါမည်။ ကျေးလက်ဒေသ တောင်သူလယ်သမားများကို ဗဟိုပြု၍ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ရေရရှိရေး၊ မျိုး၊ မျိုးစေ့၊ မြေဩဇာ၊ စက်ကိရိယာမှအစ သွင်းအားစုများအပါအဝင် တောင်သူတွက်ခြေကိုက်သော ဈေးနှုန်းနှင့်ရေရှည်တည်တံ့ခိုင်မာသည့် ဈေးကွက်ရရှိရေးအထိ စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးကြရပါမည်။ သို့မှသာလျှင် တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားလာသည်နှင့်အမျှ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တောင်သူဗဟိုပြု၍ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အရှိန်မြှင့်တင်ခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# အာဆီယံ - ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး လွှတ်တော်ကအတည်ပြု




- IPU ညီလာခံတိုင်းတွင် လက်ရှိ နိုင်ငံတကာကိစ္စရပ်များနှင့် ပတ်သက်သည့် အရေးပေါ်အကြောင်းအရာ Emergency item တစ်ခုကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးလေ့ရှိ
- OIC အဖွဲ့ဝင် မော်ရိုကိုနိုင်ငံအပါအဝင် ရှစ်နိုင်ငံက ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သည့် အကြောင်းအရာကို တင်သွင်းထားသည်ကို တွေ့ရှိရ
- မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဆိုပါအခြေအနေများကို ချေပဆွေးနွေးနိုင်သည့် အခွင့်အရေး ရရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် စပ်လျဉ်းသည့် Emergency item တစ်ခု တန်ပြန်တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ခဲ့

**နေပြည်တော် မတ် ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံ (137th IPU Assembly) သို့ တက်ရောက်ခဲ့သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရာတွင် (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် အိမ်ရှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် နိုင်ငံတကာပါလီမန်များဥက္ကဋ္ဌတို့မှ ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါကြောင်း။

**ချေပဆွေးနွေးနိုင်သည့် အခွင့်အရေး**

IPU ညီလာခံတိုင်းတွင် လက်ရှိနိုင်ငံတကာကိစ္စရပ်များနှင့် ပတ်သက်သည့် အရေးပေါ်အကြောင်းအရာ Emergency item တစ်ခုကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးလေ့ရှိပါကြောင်း၊ (၁၃၇)ကြိမ်မြောက် ညီလာခံ ရက်မတိုင်မီ အဖွဲ့ဝင်နိုင်ငံများက Emergency item များကို IPU သို့ ကြိုတင်ပေးပို့ခဲ့ရာ OIC အဖွဲ့ဝင် မော်ရိုကိုနိုင်ငံအပါအဝင် ရှစ်နိုင်ငံက ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သည့် အကြောင်းအရာကို တင်သွင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဆိုပါအခြေအနေများကို ချေပဆွေးနွေးနိုင်သည့် အခွင့်အရေး ရရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် စပ်လျဉ်းသည့် Emergency item တစ်ခု တန်ပြန်တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့ တင်သွင်းဆောင်ရွက်နေသော မြန်မာ့လွှတ်တော်၏ ဆောင်ရွက်မှုများကို ၂၀၁၈ ခုနှစ် မတ်လတွင် ဂျီနီဗာ၌ ကျင်းပမည့် (၁၃၈)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံသို့ ပြန်လည်တင်ပြသွားရမည် ဖြစ်ပါကြောင်း၊ (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံက အတည်ပြုခဲ့သည့် ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်တစ်ခုလုံးကို မြန်မာကိုယ်စားလှယ်အဖွဲ့က ကန့်ကွက်ခဲ့ပါကြောင်း၊ မျိုးနွယ်စုအလိုက် သုတ်သင်ရှင်းလင်းခြင်းဆိုသည့် စွပ်စွဲချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နေမှု အခြေအနေကိုလည်း ညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ သိရှိစေရန် ချက်ချင်းတုံ့ပြန် ရှင်းလင်းပြောကြားခဲ့ကြောင်းကိုလည်း ထပ်လောင်းတင်ပြလိုပါကြောင်း။

**မှန်ကန်ပြတ်သားသည့် ဆွေးနွေးမှုများ**

(၁၃၇)ကြိမ် မြောက်နိုင်ငံတကာ ပါလီမန်များ ညီလာခံ၌ အရေးပေါ်ကိစ္စရပ်အဖြစ် တင်သွင်းဆွေးနွေးဆုံးဖြတ်ခဲ့သည့် ရခိုင်ပြည်နယ်ကိစ္စ ဆုံးဖြတ်ချက်ကို မြန်မာ့လွှတ်တော် ကိုယ်စားပြု မြန်မာကိုယ်စားလှယ်အဖွဲ့က ပြတ်သားစွာ ကန့်ကွက်ဆွေးနွေးခဲ့မှုကို လွှတ်တော်က သဘောတူ အတည်ပြုပေးရန် အဆိုတင်သွင်းအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့တင်သွင်းသည့် အစီရင်ခံစာအပေါ် မှန်ကန်ပြတ်သားသည့် ဆွေးနွေးမှုများနှင့်အတူ ထောက်ခံအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ-ဩစတြေးလျ နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လက်မှတ်ရေးထိုးရေး ထောက်ခံတင်ပြ**

ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က အာဆီယံအဖွဲ့ဝင်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အကြား နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရခိုင်ဒေသ၌ ဖြစ်ပေါ်နေသောကိစ္စရပ်များကို တစ်နည်းတစ်လမ်းဖြင့် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်သုံးသပ်ရင်း နိုင်ငံတော်သမ္မတထံမှပေးပို့သော အာဆီယံ-ဩစတြေးလျ နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးအား ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ပြန်လည်ရှင်းလင်းရာတွင် မြန်မာနိုင်ငံမှ အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် အကြမ်းဖက်သမားများနှင့် ပတ်သက်သော သတင်းအချက်အလက်များ အပြန်အလှန်မျှဝေပေးရေး၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများနှင့် နောက်ခံသမိုင်းကြောင်းများကို စုံစမ်းဖော်ထုတ်နိုင်မှု နည်းပညာအကူအညီ အထောက်အပံ့များ ရရှိနိုင်ခြင်းတို့ကြောင့် ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း အခန်းကဏ္ဍများကို ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံ အဆောက်အအုံရန်ပုံငွေတို့ထံမှ အမေရိကန် ဒေါ်လာသန်း ၃၆၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အများပြည်သူ ယုံကြည်မှုထိခိုက်နိုင်**

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက နိုင်ငံတကာချေးငွေဆိုသည်မှာ အချိန်တန်ပါက ပြန်လည်ပေးဆပ်ရမည့် နောင်မျိုးဆက်ထံမှ ကြိုတင်ချေးသုံးထားနှင့်သည့် ငွေသာဖြစ်သည့်အတွက် အလေအလွင့်မရှိ စနစ်တကျ အသုံးပြုရန် လိုအပ်ပါကြောင်း၊ ဖောက်လုပ်ထားသည်မှာ မကြာသေးသည့်လမ်းကို ပြန်ပြင်လိုက်ရခြင်း၊ ပြင်ထားသည်မှာ မကြာသေးသည့် လမ်းကို ထပ်မံအဆင့်မြှင့်လိုက်ရခြင်းဆိုသည်မှာ ဘဏ္ဍာငွေလေလွင့်မှုများစွာ ဖြစ်နိုင်သည့်အပြင် အများပြည်သူတို့၏ ယုံကြည်မှုအတွက်ပါ ထိခိုက်နိုင်ပါကြောင်း၊ ရေရှည်ခံမှုမရှိသော လမ်းအများများ ထပ်မမှားစေရန် ရှေ့က သင်ခန်းစာများကို နမူနာယူဆင်ခြင်လျက် ယခုထက် စနစ်ကျသည့် ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသခွဲ စကြ်ာလမ်းတစ်လျှောက်ရှိမြို့များ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၈၀ ချေးယူရန် ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ADB က ချေးယူမည့် အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူမှုနှင့် ပတ်သက်၍ ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ချေးငွေ သက်တမ်း ၃၂ နှစ် ခွင့်ပြုထားပြီး ဆိုင်းငံ့ကာလ ရှစ်နှစ်တွင် အတိုး ၁ ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလ ၂၄ နှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအတိုးပေးရမည် ဖြစ်ပါကြောင်း၊ ချေးငွေနှင့်ပတ်သက်၍ ဘားအံအတွက်အမေရိကန်ဒေါ်လာ ၃၂ သန်း၊ မော်လမြိုင်အတွက် အမေရိကန်ဒေါ်လာ ၄၇ သန်း သုံးမည်ဖြစ်သောကြောင့် ကျန် ၁ သန်း မည်သည့်အတွက်သုံးမည်ကို ရှင်းပြသင့်ပါကြောင်း၊ မြဝတီအတွက် ထိုင်းနိုင်ငံ NEDA မှ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၃ သန်း ချေးငွေနှင့် ဆောင်ရွက်ဆဲဟု သိရပါကြောင်း။

**ခရီးသွားလုပ်ငန်း အထောက်အကူဖြစ်လာနိုင်**

နိုင်ငံခြားငွေတစ်ရပ်ကို ထုတ်ချေးရာတွင် ထုတ်ချေးပေးလိုက်သည့် နိုင်ငံ၊ အဖွဲ့အစည်းများ၏ မျှော်မှန်းချက်၊ ချေးငွေရယူလက်ခံသည့် နိုင်ငံအနေဖြင့်လည်း မူလရည်မှန်းချက်၊ လျာထားချက် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်၊ ချေးငွေများကို အလေအလွင့်မရှိ အကျိုးရှိရှိသုံးစွဲနိုင်ရန် စနစ်တကျ လေ့လာဆန်းစစ်တွက်ချက်သုံးစွဲသင့်သည်ဟု ယူဆပါကြောင်း၊ ယင်းချေးငွေသည် ရေရရှိရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အဓိကထားသုံးစွဲရမည်ဖြစ်ပြီး ချေးငွေသုံးစွဲရမည့် မြို့များသည် နယ်စပ်ကုန်သွယ်မှု၏ အဓိကလမ်းကြောင်းပေါ်တွင်ရှိသည့် မြို့များဖြစ်ပြီး နောင်ဖြစ်ပေါ်တိုးတက်လာနိုင်မည့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူများ ဖြစ်လာနိုင်မည်ဖြစ်သောကြောင့် ချေးယူသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ တန့်ယန်းမဲဆန္ဒနယ်မှ စိုင်းမောင်ပွင့်နှင့် ဘားအံမဲဆန္ဒနယ်မှ နန်းသန်းသန်းလွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို မတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် မတ် ၁၂

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**

ပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းဖတ်ကြားမှုများနှင့် ပြခန်းများ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စာတမ်းဖတ်ပွဲတွင် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းလုံ(ရှမ်းကြီး)၊ ဂုံရှမ်း၊ တိုင်းခမ်းတီ၊ တိုင်းဆာ(ခ)မိုင်းတာ၊ တိုင်းလိုင် (ရှမ်း)၊ တိုင်းနေ(ရှမ်း)၊ “ဝ”၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ တအာင်း(ပလောင်)၊ ကိုးကန့်၊ ကချင်၊ ကယန်း၊ ယင်းနက်၊ ယင်းကျား၊ တောင်ရိုး၊ ထနော့၊ လီဆူ၊ အာခါ၊ လားဟူ၊ အဲန်စသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းပေါင်း ၂၆ စောင်ကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ဖတ်ကြားကြမည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း၊ ရိုးရာအစားအသောက်ပြပွဲနှင့် ဈေးရောင်းပွဲများအပြင် ရိုးရာယဉ်ကျေးမှုအကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင်တေးဂီတတို့၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တောင်ကြီးမြို့ရှိ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# မြန်မာ့ဘောလုံးတိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းနေမှုများအား ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီသို့ MFF ကိုယ်စားလှယ်အဖွဲ့တင်ပြရှင်းလင်း

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြင့် MFF အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်တို့သည် မတ် ၉ ရက်က နေပြည်တော် အမျိုးသားလွှတ်တော်ရုံး၌ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီနှင့် တွေ့ဆုံ၍ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ လူငယ်ဘောလုံးဖွံ့ဖြိုးရေးနှင့် လက်ရွေးစင်မျိုးဆက်သစ်များ ပေါ်ထွက်ရေး၊ ပရော်ဖက်ရှင်နယ်ဘောလုံးလောက အောင်မြင်မှုရရှိရေးစသည့် ဆောင်ရွက်ချက်များအား ဆွေးနွေးတင်ပြရှင်းလင်းခဲ့သည်။ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမျိုးသားလွှတ်တော်ရုံး ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွင်၊ အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။



**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** ဓာတ်ပုံ-MFF

အခမ်းအနားတွင် MFFအထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ငွေကြေးအင်အား အခက်အခဲရှိသည့်ကြားမှ လူငယ်စီမံကိန်းများ ဦးစားပေးဆောင်ရွက်နေခြင်း၊ ဘောလုံးအကယ်ဒမီများ တည်ဆောက်ဖွင့်လှစ်ပေးနေခြင်း၊ လက်ရွေးစင်အသင်းအားလုံး အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့ပြိုင်ပွဲမည်သည့် နိုင်ငံတကာပွဲမဆို ပါဝင်ယှဉ်ပြိုင်နေခြင်း၊ အသင်းများအတွက် ကုန်ကျသုံးစွဲနေမှုများ၊ နိုင်ငံတကာပြိုင်ပွဲများ လက်ခံကျင်းပနေမှုများ၊ အဆင့်အတန်းမီကွင်းများ မရှိသည့်ကြားမှ နိုင်ငံတကာပွဲများ ကျင်းပပေးနေရခြင်းများ၊ ပြိုင်ပွဲကျင်းပရေးကွင်းနှင့် လေ့ကျင့်ရေးကွင်း မလုံလောက်မှုများ၊ ၂၀၀၅ ခုနှစ်မှ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အထိ MFF မှ သုံးစွဲခဲ့ရသည့် ငွေကြေးအခြေအနေနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ လှူဒါန်းစိုက်ထုတ်သုံးစွဲခဲ့ရသည့် ငွေကြေးအခြေအနေများ၊ အနာဂတ်စီမံကိန်းများနှင့် နိုင်ငံ့လက်ရွေးစင် အသင်းများအတွက် ကြုံတွေ့ရမည့် ဘဏ္ဍာရေးအခက်အခဲများ၊ ကွင်းမလုံလောက်မှုအပါအဝင် စိန်ခေါ်မှုအသီးသီးများ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် လူငယ်ပြိုင်ပွဲများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ တည်ထောင်နေခြင်းနှင့် ယင်း၏ရည်ရွယ်ချက်များ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် ပြိုင်ပွဲများ၊ ဒိုင်နှင့် နည်းပြသင်တန်းများ၊ ပညာရေးဆိုင်ရာ တည်ဆောက်မြှင့်တင်ပေးနေမှုများအား ပါဝါပွိုင့်ဖြင့် ကော်မတီအဖွဲ့ဝင် များအား ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်ကလည်း ပရော်ဖက်ရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပနေမှုများကို တင်ပြရှင်းလင်းခဲ့ပြီး လိဂ်ပြိုင်ပွဲတွင် ကြုံတွေ့နေရသည့် ငွေကြေးနှင့် အခြေခံအဆောက်အအုံ မပြည့်စုံမှုဆိုင်ရာ စိန်ခေါ်မှုများ၊ ကလပ်အသင်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အသင်းပိုင်ရှင်များမှ မြန်မာ့ဘောလုံးအတွက် ငွေအား၊ လူအား ပူးပေါင်းထည့်ဝင်ဆောင်ရွက်ပေးနေမှုများ၊ အာရှပြိုင်ပွဲများဖြစ်သည့် အာရှချန်ပီယံလိဂ် ACL နှင့် AFC Cup ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုများအား အသေးစိတ် တင်ပြရှင်းလင်းခဲ့သည်။

ယင်းနောက် MFF ကိုယ်စားလှယ်အဖွဲ့၏ တင်ပြရှင်းလင်းမှုများအပေါ် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး မြန်မာ့ဘောလုံး အနာဂတ်အတွက် အတူတကွ သုံးသပ်ဆွေးနွေးခဲ့သည်။ **ဖိုးသော်ဇင်**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁)ဖွင့်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို မတ် ၁၀ ရက်က တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**သတင်းမီဒီယာဆက်ဆံရေး**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းနှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး တရားရုံးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်သူများသို့ ဖြန့်ဝေရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ ဆောင်ရန်ရှောင်ရန် အချက်များကို ပိုမိုသိရှိနားလည်အောင် ဆောင်ရွက်ကြရန်၊ လက်တွေ့နယ်ပယ်တွင်လည်း အများပြည်သူသို့ တရားရုံးမှ တိကျမှန်ကန်သော သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့် သတင်းမီဒီယာဆက်ဆံရေး တိုးတက်လာစေရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ကြရန် သင်တန်းသား သင်တန်းသူများအား မှာကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးအဖွဲ့မှူး၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၇ ဦး တက်ရောက်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မတ် ၁၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဩစတြေးလျ၌ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တက်ရောက်

**ရန်ကုန် မတ် ၁၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ (၁၄) ကြိမ်မြောက် ကောင်စီအစည်းအဝေး (AFF 14th Council Meeting for the session 2015/2019) ကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ Inter Continental Sydeny Double Bay ၌ ယနေ့ကျင်းပရာ(**ယာပုံ**) မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။




ယင်းအစည်းအဝေးတွင် ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲ အောင်မြင်စွာကျင်းပရေး၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များအတွင်း ပြုလုပ်မည့် အာဆီယံဒေသတွင်း ပြိုင်ပွဲများ၊ သက်တမ်းအလိုက်ပြိုင်ပွဲများ အတည်ပြုခြင်းတို့ကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည့် ဘရူနိုင်းဖိတ်ခေါ်ဖလားပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အထိ ကျင်းပသွားမည်ပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ တီမော၊ စင်ကာပူ၊ မြန်မာ၊ ဘရူနိုင်းစသည့် ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

စာပေမြင့်မှ လူမျိုးတင့်မည်



# ပြည်သူများအတွက် လိုအပ်သည့် မြေဆိပ်ဖြေဆေးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး မြင်းများ စနစ်တကျမွေးမြူ

**နေပြည်တော် မတ် ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မတ် ၁၀ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့ရှိ မြင်းမွေးမြူရေးဌာနသို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာမှ မြင်းများမွေးမြူထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများအတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မြင်းများအား စနစ်တကျမွေးမြူရန်၊ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ကျန်းမာဖွံ့ဖြိုးပြီး ရောဂါကင်းသည့် မြင်းများပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ မိမိတို့အသုံးမပြုသည့် စိုက်ကွင်းနေရာများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး အမြန်စီမံဆောင်ရွက်ရန်တို့ကိုမှာကြားပြီး မြင်းများ မွေးမြူထားရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပြည်နယ်အတွင်းရှိ SMEs များ၏ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို အသေးစိတ်သိရှိအောင် အမြဲတမ်း ကွင်းဆင်းစစ်ဆေးနေရမည်ဖြစ်ကြောင်း၊ SMEs လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကိုသိရှိမှသာ ထိရောက်သော ကူညီပံ့ပိုးမှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဈေးကွက်သုတေသနပြုလုပ်ထားရန် မှာကြားသည်။

ညနေပိုင်းတွင် ပင်းပက်ဒေသရှိ အမှတ် ၂ သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး Iron Ore Preparation Unit, Air Separation Unit, Iron Ore Handling and Sizing Plant, Lime & Dolomite Plant နှင့် စွန့်ပစ်အပူမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းခွင်အခြေအနေ(Heat Recovery Power Station)တို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနနှင့် မိတ္ထီလာခရိုင်လုံးဆိုင်ရာ ပရဟိတကွန်ရက်တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းအမှတ်စဉ် ၆၅ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် မိတ္ထီလာခရိုင် ပရဟိတကွန်ရက်နှင့် မေထိုက်ဖက်ရှင်သင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်ဂျပန်နည်းပညာ စင်တီမီတာစက်ချုပ်သင်တန်းသို့ရောက်ရှိပြီး စာတွေ့၊ လက်တွေ့ သင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းအမှတ်စဉ် ၆၅ သင်တန်း၌ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး (**အပေါ်ပုံ**)မိတ္ထီလာစက်မှုဇုန် ဝန်ဇင်းခန်းမ၌ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယခုဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းအမှတ်စဉ် ၆၅ တွင် သင်တန်းသား သင်တန်းသူ ၅၀ ကို အိမ်တွင်းဝိုင်ယာသွယ်တန်းခြင်း၊ လယ်ယာသုံးအင်ဂျင်နှင့် ဆိုင်ကယ်အင်ဂျင်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အိမ်သုံးလျှပ် စစ်အသုံးအဆောင်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို စာတွေ့ လက်တွေ့ နှစ်ပတ်ကြာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၈၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲနှင့် ဖောင်တော်ချက်မ ဗုဒ္ဓပူဇနိယပွဲတော် လယ်ဝေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လယ်ဝေး မတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့၏ (၈၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲနှင့် သမိုင်းဝင် ဖောင်တော်ချက်မ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကဆုန်လဆန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖောင်တော်ချက်မဘုရားပွဲကြီးတွင် ကဆုန်လဆန်း ၄ ရက်မှ စတင်ကာ ပွဲတော်ခင်းကျင်း၍ ဖျော်ဖြေရေးအစီအစဉ်များဖြစ်သော တင်မောင်ဆန်းမင်းဝင်း ဇာတ်သဘင်၊ ရန်ကုန်ရဲမိုး ဇာတ်သဘင်နှင့် နာမည်ကျော်လူရွှင်တော်များအဖွဲ့၊ ဟန်ဇာမိုးဝင်း ဇာတ်သဘင်တို့ဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖောင်တော်ချက်မဘုရားပွဲတော်ကြီးတွင် ရောင်းချမည့်ဈေးဆိုင်ခန်းရှင်များအား မတ် ၂၀ ရက်မှ မတ် ၃၀ ရက်အထိ ဆိုင်ခန်းများ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ဆိုင်ခန်းဖွင့်လှစ်လိုသူများ ဖုန်း ၀၉- ၂၅၀ ၆၂၀ ၀၈၈၊ ဖုန်း ၀၉- ၄၂၅ ၃၀၁ ၀၃၇၊ ၀၉- ၇၇၇ ၀၅၀ ၅၂၂ ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ နှင့်အညီ ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်း


**ရန်ကုန် မတ် ၁၂**

အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ နှင့်အညီ ကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ အမျိုးသားပညာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးညီလှငယ်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေ၊ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)တို့နှင့်အညီ အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန် ကော်မတီအမည်ကို တက်ရောက်လာကြသော ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများက ဆန္ဒမဲဖြင့် ပါမောက္ခချုပ်များကော်မတီဟု ရွေးချယ်အတည်ပြုခြင်း၊ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၇၃ ကျောင်းမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများအားလုံးပါဝင်သော ပါမောက္ခချုပ်များ ကော်မတီကို ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင် ၁၇၃ ဦးက အဖွဲ့ဝင် ၄၄ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဆန္ဒမဲပေး ရွေးချယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ဝင်များက အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ထပ်မံဆန္ဒပေး ရွေးချယ်ကြသည်။ အဆိုပါညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၃ ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပါမောက္ခချုပ်များ ကော်မတီတွင် လိုအပ်သောအဖွဲ့များ ထပ်မံဖွဲ့စည်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးရေးတက္ကသိုလ်သို့ စိုက်ပျိုးရေးနည်းပညာများ လာရောက်လေ့လာနိုင်

**နေပြည်တော် မတ် ၁၂**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဥယျာဉ်ခြံ သီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာနများ၏ စိုက်ကွင်းများတွင် နယ်သာလန်နိုင်ငံအခြေပြု ယာရာ (YARA) မြေသြဇာကုမ္ပဏီ၏ အထောက်အပံ့ဖြင့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ငရုတ်နှင့် ခရမ်းချဉ် စသည်များ စိုက်ပျိုးပြီး သုတေသနပြုလုပ် လေ့လာလျက်ရှိကြောင်း သိရသည်။

**ကွင်းအတွေ့အကြုံ ရှင်းလင်း**

သုတေသနပြုလုပ် လေ့လာတွေ့ရှိချက်များကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စတုတ္ထနှစ်သင်တန်း ဥယျာဉ်ခြံ သီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဘာသာရပ် အထူးပြု ကျောင်းသား ကျောင်းသူများနှင့် မြေဆီလွှာနှင့် ရေသိပ္ပံအထူးပြု ကျောင်းသား ကျောင်းသူများ၏ ကွင်းအတွေ့အကြုံ ရှင်းလင်းပွဲကို မတ်လ ပထမပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ကွင်းအတွေ့အကြုံ ရှင်းလင်းပွဲ အခမ်းအနားသို့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဥယျာဉ်ခြံသီးနှံပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်သီတာမြင့်၊ မြေဆီလွှာနှင့် ရေသိပ္ပံဌာနမှ ပါမောက္ခ ဒေါက်တာကျော်ငွေ၊ သုတေသနကြီးကြပ် ဆရာ ဆရာမများ၊ ယာရာ(YARA) မြေသြဇာကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် Bjorn Tor Svoldalနှင့် ပညာရှင်များနှင့် သုတေသနလုပ်ဆောင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ခရိုင်အတွင်း ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်စိုက်ပျိုးရာ ဒေသများဖြစ်သည့် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ် တို့မှ တောင်သူ ၅၀ တက်ရောက်၍ ကွင်းအတွေ့အကြုံများ ဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သီးနှံမျိုးသစ်များ ဖြန့်ဖြူးနိုင်ရေး**

ရေဆင်း စိုက်ပျိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အခမ်းအနားသို့ တက်ရောက်လာကြသော တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးရေးတက္ကသိုလ်သို့ စိုက်ပျိုးရေး နည်းပညာများ လာရောက်၍ လေ့လာနိုင်ကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် တောင်သူများအတွက် သီးနှံမျိုးသစ်များ ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းနေကြောင်း၊ ကုမ္ပဏီ၏ အထောက်အပံ့ဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် နည်းစနစ်သုံး၍ တောင်သူပညာပေးလုပ်ငန်းများကို လည်း ဆောင်ရွက်လိုကြောင်း၊ တောင်သူများ သီးနှံစိုက်ပျိုးရာမှာ ပြဿနာ ကြုံတွေ့ရပါက အကူအညီတောင်းခံနိုင်ကြောင်း ပြောကြားသည်။

ယာရာမြေသြဇာကုမ္ပဏီနှင့်ပူးပေါင်း ဆောင်ရွက်မှု၏ အကျိုးရလဒ်နှင့် ပတ်သက်၍ ပါမောက္ခ ဒေါက်တာခင်သီတာမြင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် သုတေသနဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ လမ်းညွှန်မှုနှင့် စနစ်တကျ၊ သေသေချာချာလေ့လာစေလိုကြောင်း၊ ဤကဲ့သို့ သုတေသနပြုလုပ်၍ လေ့လာနိုင်စေရန် သုတေသနစရိတ်များပံ့ပိုးပေးခဲ့သည့် ကုမ္ပဏီကိုလည်း ကျေးဇူးတင်ရှိပါကြောင်းပြောကြားခဲ့သည်။

လာရောက် လေ့လာခဲ့သည့် တောင်သူတစ်ဦးက "အခုလို လာရောက်လေ့လာလိုက်တဲ့အခါ စိုက်ပျိုးနည်းစနစ်တွေကို ထဲထဲဝင်ဝင် သိရတယ်၊ မျက်မြင်အရရော မိမိတို့လက်တွေ့စိုက်ပျိုးရာမှာ အကျိုးဖြစ်ထွန်းတာ တွေ့ရတဲ့အတွက် ကျေနပ်အားရမိပါတယ်"ဟု ပြောကြားသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- အိမ့်မှူးမေ**

# ခရီးသွားလုပ်ငန်းတိုးတက်မြှင့်တင်နိုင်ရေး ရခိုင်ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပေလီကမ်းခြေတွင် ကျင်းပသွားမည်

**စစ်တွေ မတ် ၁၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ခရီးသွားလုပ်ငန်း တိုးတက်မြှင့်တင်နိုင်ရေးအတွက် သံတွဲခရိုင် ပေလီကမ်းခြေတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၁ ရက် ညနေ ၄ နာရီတွင် ပေလီမြို့ ဆောက်လုပ်ရေးရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုနှစ်တွင် ခရီးသွားလာရေးလုပ်ငန်း တိုးတက်နိုင်ရေးကို ရခိုင်ရိုးရာသင်္ကြန်ဖြင့် မြှင့်တင်နိုင်ရန် သဘောတူဆုံးဖြတ်ထားပါကြောင်း၊ ပေလီကမ်းခြေတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို အခြေခံပြီး သင်္ကြန်ပွဲတော်နှင့်အတူ ဒေသထွက်ကုန်ပြပွဲများ၊ ဒေသအစားအစာပြပွဲများအပြင် အခြားဒေသမှထွက်ကုန်များကိုလည်း ပူးပေါင်းပြသနိုင်ရန် ယခုညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များအနေဖြင့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည့်အပြင် ဒေသခံများအတွက်လည်း အကျိုးခံစားခွင့်များရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရန် ရခိုင်ရိုးရာ အငွေ့အသက်များ ပါဝင်သည့် မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အပြုသဘောဆောင်ပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း က ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲ ကျင်းပနိုင်ရေး၊ ရခိုင်ရိုးရာ ရေလောင်းမဏ္ဍပ် ဆောက်လုပ်ရေး၊ ဖျော်ဖြေရေး၊ ဒေသထွက်ကုန်အရောင်းပြပွဲ၊ ဒေသအစားအစာအရောင်းပြပွဲများ ထည့်သွင်းဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းပြည်ပ ဧည့်သည်များ ပါဝင်ဆင်နွှဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။



အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ဆောက်လုပ်မည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# မောင်တောဒေသ၌လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်မှုကို ဒုတိယအကြိမ် ကွင်းဆင်းဆောင်ရွက်မည်

မောင်တော မတ် ၁၂

**ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဒုတိယအကြိမ် လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်မှုနှင့် နှစ်နှစ်အောက်ကလေးသူငယ်များ အာဟာရကျွေးခြင်း ကျန်းမာရေးစောင့် ရှောက်မှုကို ကွင်းဆင်းပြုလုပ်သွားမည် ဖြစ်ကြောင်း မတ် ၁၂ ရက် နံနက်ပိုင်းတွင် မောင်တောပြည်သူ့ဆေးရုံ၌ ပြုလုပ်သော လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း ဆိုင်ရာ လူထုသင်တန်းနှင့် လူထုအတွင်း နှစ်နှစ်အောက်ကလေးသူငယ်များ အာဟာရကျွေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းတွင် မောင်တောမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောကြားသည်။** (အောက်ပုံ)




"ဆေးရုံအခြေပြု ကျန်းမာရေးဝန်ထမ်းတွေသာမက အခြေခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ရွှေ့လျားဆေးအဖွဲ့တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုပါ သင်တန်းပို့ချပေးတာ ဖြစ်ပါတယ်၊ မောင်တောဒေသတွင်း ကျန်းမာရေးဝန်ထမ်းတွေနဲ့ ရွှေ့လျားဆေးအဖွဲ့တွေ အနေနဲ့ ဆေးပညာ ကျင့်ဝတ်အရ ဒေသတွင်း လူအဖွဲ့အစည်းအားလုံးကို ခွဲခြားမှုမရှိဘဲ တူညီတဲ့ ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုပေးနေပါတယ်၊ အာဟာရချို့တဲ့မှု ကာကွယ်ရေးနဲ့ နှစ်နှစ်အောက် ကလေးငယ်တွေကို အခုအကြိမ်ရောဆိုရင် ဒုတိယအကြိမ်မြောက် ဖြစ်ပါတယ်၊ နိုင်ငံတော်မှာရှိတဲ့ အာဟာရဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ တိုးတက်အောင် မောင်တောဒေသမှာလည်း ဆောင်ရွက်တာဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ လတ်တလော အာဟာရချို့တဲ့တဲ့ ငါးနှစ်အောက်ကလေးဟာ လေးရာခိုင်နှုန်းရှိပါတယ်၊ အာဟာရချို့တဲ့ ရာခိုင်နှုန်းက ၁၉ ရာခိုင်နှုန်းရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း ဆိုင်ရာ ကုထုံးသင်တန်းနှင့် နှစ်နှစ်အောက်ကလေးငယ်များ အာဟာရကျွေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲနှင့် အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲတို့ပူးပေါင်းပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

" ဒီနေ့ ပို့ချမယ့်သင်တန်းကတော့ လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း သင်တန်းနဲ့ နှစ်နှစ်အောက် ကလေးသူငယ်များ အာဟာရကျွေးမွေးနှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းပဲဖြစ်ပါတယ်၊ သင်တန်းသားတွေကတော့ မောင်တောခရိုင်မှာရှိတဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေကို ပို့ချပေးမှာ ဖြစ်ပါတယ်၊ သင်တန်းပို့ချမယ့်ရက်ကတော့ လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း သင်တန်းအတွက် နှစ်ရက်နဲ့ နှစ်နှစ်အောက်ကလေးသူငယ်များ အာဟာရကျွေးမွေး၊ နှစ်သိမ့်ဆွေးနွေးခြင်းသင်တန်းအတွက် နှစ်ရက်ဖြစ်ပါတယ်၊ ဒီသင်တန်းပေးလိုက်တဲ့အတွက် သင်တန်းသားသင်တန်းသူတွေဟာ သူတို့ရပ်ရွာတွေမှာရှိတဲ့ ကလေးသူငယ်တွေကို အာဟာရချို့တဲ့မှု ဘယ်လိုရှိတယ်ဆိုတာကို ရှာဖွေဖော်ထုတ်နိုင်မယ်၊ နှစ်နှစ်အောက်ကလေးငယ်တွေမှာ ခြောက်လအထိ မိခင်နို့ကိုတိုက်ကျွေးမယ်၊ ဖြည့်စွက်စာတွေကို ခြောက်လကနေ ကိုးလ၊ ကိုးလကနေ ၁၂ လ၊ ၁၂ လကနေ ၂၄ လအတွင်းမှာဘယ်လို ကျွေးမွေးရမယ်ဆိုတာကို နားလည်တတ်မြောက်သွားမှာပါ၊ အဲဒါဆိုရင် ကလေးတွေဟာ အာဟာရချို့တဲ့မှုကနေ ကင်းဝေးပြီး ကျန်းမာဖွံ့ဖြိုးတဲ့ကလေးတွေ ဖြစ်လာနိုင်မှာပါ၊ ဒီသင်တန်းကိုဆင့်ပွားပေးလိုက်တဲ့အတွက် ကလေးတွေကို စောင့်ရှောက်တဲ့နေရာမှာ လတ်တလော အာဟာရချို့တဲ့တဲ့ ကလေးတွေကိုလည်း ဖော်ထုတ်လာနိုင်မယ်၊ မိခင်တွေကိုလည်း ဖြည့်စွက်စာဘယ်လိုတွေ ကျွေးရမယ်ဆိုတာ သင်တန်းပြန်လည်ပေးနိုင်မှာပါ၊ နှစ်နှစ်အောက်ကလေးသူငယ်တွေ အာဟာရချို့တဲ့ခြင်းဟာ ကင်းဝေးသွားမယ်ဆိုရင် နိုင်ငံတော်အတွက် ကျန်းမာဖွံ့ဖြိုးပြီး ဉာဏ်ထက်မြက်တဲ့ ကလေးတွေ ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးသုတေသနဌာနခွဲ ခရိုင်ပြည်သူ့ကျန်းမာရေး ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ပြောသည်။



ဒေါ်ဖြူဖြူဝင်း



ဒေါက်တာ ကျော်မောင်မောင်သိန်း

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လူနေမှုဘဝနှင့် ကျန်းမာရေးစစ်တမ်း (၂၀၁၅-၂၀၁၆) အရ ငါးနှစ်အောက်ကလေးငယ်များ၏ ခုနစ်ရာခိုင်နှုန်းမှာ လတ်တလော အာဟာရချို့တဲ့နေကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-**
**ကျော်သူဝင်း၊ အေးမင်းသူ**



ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြန်မာနိုင်ငံတွင် ခုနစ်ကျောင်းမြောက်အဖြစ် အားကစားနှင့်ကာယပညာသိပ္ပံ(စစ်တွေ) တည်ဆောက်လျက်ရှိ

**စစ်တွေ မတ် ၁၂**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားလာစေရန်အတွက် အားကစားနှင့်ကာယပညာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာတွင် မြန်မာနိုင်ငံ၏ ခုနစ်ကျောင်းမြောက် အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ) တည်ဆောက်လျက်ရှိသည့် အဆောက်အအုံများကို ယနေ့ နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စောမြနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ)တွင် ကျောင်းအုပ်ကြီးရုံး၊ ဒုတိယကျောင်းအုပ်ကြီးရုံးနှင့် သင်တန်းရုံးမှာ အလျား ၁၃၇ ပေ ၊ အနံ ၄၄ ပေ ၊ အမြင့် ၂၄ ပေ Steel Structure နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း၊ စာသင်ဆောင်မှာ အလျား ၁၂၄ ပေ ၊ အနံပေ ၄၀ ၊ အမြင့် ၂၄ ပေ Steel Structure နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း ၊ ပတ်လည်ခြံစည်းရိုး၊ မုခ်ဦးနှင့် ရေနုတ်မြောင်း အပါအဝင် RC အုတ်တိုင် ၁၀၃၄ ပေ ရှိကြောင်း၊ (315 KVA) Transformer တပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်း သွယ်တန်းလျက်ရှိကြောင်း၊ ဂါလန် ၅၀၀၀၀ ဆံ့ တစ်ကန် ၊ ဂါလန် ၁၆၀၀ ဆံ့ရေစင်နှင့် အဝီစိတွင်းနှစ်တွင်း ပါရှိကြောင်း ၊ မီတာ ၄၀၀ ပြေးလမ်းအပါအဝင် ဘောလုံးကွင်း တစ်ကွင်းနှင့် ခြံဝင်းအတွင်း လမ်းများကို ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အမီ ပြီးစီးနိုင်ရေးအတွက် ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(မြန်/ဆက်)**

# UEHRDအတွက် ပြည်ပရောက်မြန်မာနိုင်ငံသားများက မြန်မာသံရုံးများမှတစ်ဆင့် လှူဒါန်း

**နေပြည်တော် မတ် ၁၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း(UEHRD)၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများက မြန်မာသံရုံးများမှတစ်ဆင့် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၆၇၈၁ ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**





ရသေ့တောင်မြို့နယ်အတွင်း လျှပ်စစ်မီးကြိုးများ သွယ်တန်းနေမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ကျေးရွာ ၁၇ ရွာ လျှပ်စစ်မီးရပါမယ်၊ အဲဒီကျေးရွာ ၁၇ ရွာ ကို ပြည်ထောင်စုရဲ့ ဘတ်ဂျက်နဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်နဲ့ ဆောင်ရွက်မယ့် နောက်ထပ် ကျေးရွာ ရှစ်ရွာလည်း လျှပ်စစ်မီးရရှိသွားမှာ ဖြစ်ပါတယ်၊ စုစုပေါင်း ၂၅ ရွာ မီးလင်းသွားမှာဖြစ်ပါတယ်၊ ဘူးသီးတောင်ကို ဇွန်လပိုင်းမှာ လျှပ်စစ်မီးရရှိနိုင်အောင်၊ မောင်တောကိုတော့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ လျှပ်စစ်မီးရအောင် Target ထားပြီး ဆောင်ရွက်နေပါတယ်၊ ၂၀၁၈ ခုနှစ် နှစ်ကုန်သွားရင် မောင်တောအကုန်မီးရသွားဖို့ စီစဉ်ထားပါတယ်”ဟု ပြောသည်။

ထို့ပြင် ၎င်းက “မီးမလင်းသေးတာ ကျိန္တလီမြို့ကျန်ပါတယ်၊ ကျိန္တလီမြို့ မီးရရှိရေးအတွက်ကိုလည်း ဓာတ်အားခွဲရုံနဲ့ ဓာတ်အားလိုင်းတွေ တည်ဆောက်ဖို့ စီစဉ်နေပါတယ်၊ ပြီးရင် မာန်အောင်မြို့ မာန်အောင်မြို့ဟာ ပင်လယ်ထဲမှာရှိတဲ့ ကျွန်းဖြစ်တဲ့အတွက် ဘယ်နည်းနဲ့ ဓာတ်အားပေးနိုင်မလဲ ဆိုတာကို နည်းလမ်းတွေရှာဖွေနေပါတယ်၊ နိုင်ငံတော်ရဲ့ဓာတ်အားစနစ်ရောက်ဖို့ကတော့ နည်းနည်းခက်ပါတယ်၊ ပင်လယ်ထဲမှာ ဒီဓာတ်အားလိုင်းကို ဘယ်လို တည်ဆောက်ရမလဲ ဆိုတဲ့ နည်းပညာနဲ့ ငွေကုန်ကြေးကျများနေပါတယ်၊ အခုက မီးစက်နဲ့ ပေးနေပါတယ်၊ ကျိန္တလီက ဂွမြို့နဲ့လည်းနီးတယ်၊ သံတွဲဘက်ကလည်း ဆင်းချလာမယ်ဆိုရင် ဓာတ်အားလိုင်းလမ်းကြောင်းက ဆက်ဆွဲလိုက်ရင် ဖြစ်နိုင်ပါတယ်၊ ကျိန္တလီကဘတ်ဂျက်ထဲမှာ လျာထားပြီးသားရှိပါတယ်၊ ငါးနှစ်စီမံကိန်းထဲထည့်လျာထားပါတယ်” ဟု ပြောသည်။

ဆက်လက်ပြီး ၎င်းက “ရခိုင်ပြည်နယ် တစ်ခုလုံးနဲ့ ခြုံပြောမယ်ဆိုရင် ဒီတစ်နှစ်၊ နှစ်နှစ်အတွင်း လျှပ်စစ်မီးအများကြီး တိုးတက်ရရှိသွားပါတယ်၊ မြို့ ခုနစ်မြို့ မီးလင်းသွားတယ်၊ မြန်မာတစ်နိုင်ငံလုံးနဲ့ ယှဉ်ကြည့်လိုက်ရင် လျှပ်စစ်မီးရရှိမှု တော်တော်မြန်ပါတယ်၊ ရခိုင်ပြည်နယ်ရဲ့ မြို့ကြီးတွေထဲမှာဆိုရင် ကျိန္တလီနဲ့ မာန်အောင်လောက်ပဲ လျှပ်စစ်မီးရဖို့ ကျန်ပါတယ်။


“ရခိုင်ပြည်နယ်မှာ မီးလင်းတဲ့နေရာတွေ ပိုလာတာဖြစ်တဲ့အတွက် ဝန်ထမ်းတွေ ပိုလိုအပ်လာပါတယ်၊ ဒေသခံဝန်ထမ်းအမျိုးသားတွေ ပိုလိုအပ်ပါတယ်၊ ကိုယ့်ဒေသခံကပဲ လျှပ်စစ်ဝန်ထမ်းလုပ်မယ်ဆိုရင် အဆင်ပိုပြေပါတယ်၊ လျှပ်စစ်ဝန်ထမ်းရဲ့ သဘောသဘာဝက ၂၄ နာရီ တာဝန်ထမ်းဆောင်ရသလို မီးပျက်ပြီဆိုရင် ညဖြစ်ဖြစ်၊ မိုးရေထဲဖြစ်ဖြစ် ထွက်ရတာပါပဲ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးတွေ အနစ်နာခံပြီး လျှပ်စစ်ဝန်ထမ်းတွေ လာလုပ်စေလိုပါတယ်” ဟု ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခြောက်ဘတ်ဂျက်တွင် ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ် ကောင်းမွန်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တစ်နှစ်ဘတ်ဂျက်တွင် အသစ်တည်ဆောက်မည့် ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ကျော်သူထက်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ဆောင်ရွက်မှုနေရာပြမြေပုံ




**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦး နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မတ် ၁၁ ရက် နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ နှစ်နိုင်ငံ နှစ်ဖက်နယ်စပ်ခြံစည်းရိုးလမ်း ကုန်းမြေနယ်နိမိတ်အတိုင်း နယ်ခြားမှတ်တိုင် ၃၁ မှ နယ်ခြားမှတ်တိုင် ၃၄ အထိ လှည့်ကင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ ရေကြောင်းကင်းလှည့်ခြင်းနှင့် ကုန်းမြေနယ်နိမိတ်ကင်းလှည့်ခြင်းတို့ကိုဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်ထိ နယ်စပ်မှတ်တိုင် ၄၂ မှ ၅၅ အထိ(၁၄) ကြိမ် ဆောင်ရွက်ခဲ့ပြီး မတ် ၇ ရက်အထိ နယ်ခြားမှတ်တိုင် ၄၂ အထိ၊ မတ် ၂၇ ရက်နောက်ပိုင်းတွင် နယ်စပ်မျဉ်းမိုင်တိုင်အမှတ် ၄၂ မှ ၄၅ အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မတ် ၅ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ကင်းလှည့်ရေယာဉ်များဖြင့် နတ်မြစ်တစ်လျှောက် နှစ်နိုင်ငံညှိနှိုင်းပူးတွဲ ရေကြောင်းလှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် လူမှုစီးပွားအထောက်အကူပြုမည့် ရသေ့တောင်တံတားအား ယခုမတ်လကုန် ပြီးစီးအောင် ဆောင်ရွက်နေ

**စစ်တွေ မတ် ၁၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ ရသေ့တောင်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည့် ရသေ့တောင်တံတားကို ယခုမတ်လကုန် ပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ တံတားကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့-၇ က တာဝန်ယူတည်ဆောက်နေပြီး ယခုအခါ တံတားတည်ဆောက်မှု ၉၄ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ တံတားပြီးစီးပါက တန် ၆၀ အထိရှိသည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတားအရှည်ပေ ၈၈၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း ၃ ပေ ၂ လက်မနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၆ ဒသမ ၂၅ ပေ၊ရေလမ်းကင်းလွတ်အကျယ် ၁၀၂ပေရှိပြီး တံတားအပေါ်ထည်ကို သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် လည်းကောင်း၊ အောက်ထည်အုတ်မြစ်ကို ဘိုးပိုင်ဖောင်ဒေးရှင်းဖြင့် လည်းကောင်း တည်ဆောက်ထားသည်။

တံတားဦးစီးဌာန တံတားအထူးအဖွဲ့-၇ မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက “ဒီတံတားကို ပြည်နယ်အစိုးရရန်ပုံငွေနဲ့ဆောက်တာပါ၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်ကနေ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်မှာ လုပ်ငန်းတွေ ပြီးစီးဖို့ ဆောင်ရွက်နေပါတယ်၊ ငွေကျပ်သန်း ၄၀၀၀ ကျော် သုံးစွဲပြီး ဆောင်ရွက်နေပါတယ်၊ ဒီတံတားက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ကနေ ရသေ့တောင်မြို့ကို ဆက်သွယ်တဲ့ ကားလမ်း မိုင်တိုင်အမှတ် ၂၁/၇ နှင့် ၂၂/၁ အကြားမှာ တည်ရှိပါတယ်၊ ဧပြီလပိုင်းစတာနဲ့ တံတားပေါ်က ကားတွေ ဖြတ်လို့ရပါပြီ”ဟု ပြောသည်။

ယခင်က ဒေသခံများအနေဖြင့် ပုဏ္ဏားကျွန်းမှ ရသေ့တောင်မြို့သို့ စက်လှေဖြင့် လည်းကောင်း၊ ရသေ့တောင်မြို့မှ စစ်တွေမြို့သို့ စက်လှေ၊ သင်္ဘောတို့ဖြင့် လည်းကောင်း ရေလမ်းခရီးကိုသာ အားကိုး၍ သွားလာခဲ့ရကြောင်း သိရသည်။

ရသေ့တောင်မြို့ အရှေ့တောင်ရပ်ကွက်တွင် နေထိုင်သည့် ဦးဘလှက “စီးပွားရေးလုပ်လာတာ နှစ်ပေါင်းသုံးဆယ်လောက်ရှိပါပြီ၊ အရင်တုန်းကဆို ပစ္စည်းတွေတင်တာ ပို့တာတွေကို ရေချမ်းပြင်ဆိပ်ကမ်းကနေတစ်ဆင့် လုပ်ရပါတယ်၊ စစ်တွေမြို့က ပစ္စည်းတစ်ခေါက်ရောက်ဖို့အတွက် ကားနဲ့တစ်ခေါက် ရေချမ်းပြင်ဆိပ်ကမ်းကို သယ်တယ်၊ ရေချမ်းပြင်ကနေတစ်ခါ စက်လှေနဲ့ သယ်ရတယ်၊ အဆင့်ဆင့်သွားရပါတယ်၊ ပစ္စည်းတစ်ခေါက်ရောက် ဖို့အတွက် တစ်နေကုန်အချိန်ပေးရပါတယ်၊ အချိန်လည်းကုန်သလို ငွေကြေးလည်း အမြောက်အမြား ကုန်ကျပါတယ်၊ အခု ဒီတံတားကြီးပြီးလို့ တိုက်ရိုက်ရောက်လာတော့မယ်ဆိုရင် စစ်တွေမြို့က ကားနဲ့ပစ္စည်းတင်လိုက်တာနဲ့ အိမ်ကို တိုက်ရိုက်ရောက်လာတော့မယ့်အဆင့်ဖြစ်သွားတာပေါ့၊ ဒီလိုဆို စီးပွားရေးလုပ်ရတာ အများကြီးအခြေအနေကောင်းလာမှာပါ၊ ငွေကြေးကုန်ကျမှုလည်း သက်သာမယ်၊ အချိန်ကလည်း ရသေ့တောင်-စစ်တွေဆိုရင် ၂ နာရီလောက်ပဲမောင်းရမယ်ဆိုတော့ အများကြီးအဆင်ပြေသွားတာပေါ့၊ တံတားဖွင့်တော့မယ်ကြားလို့လည်း အလွန်ဝမ်းသာမိပါတယ်”ဟု ပြောသည်။



ရသေ့တောင်တံတားပြီးစီးပါက ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့ ဒေသခံပြည်သူများ ကားလမ်းဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ထို့ပြင် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်မည်ဖြစ်သည့်အပြင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကြောင်း၌ KIA အဖွဲ့ကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများပျက်ပြား

## တပ်မတော်စစ်ကြောင်းများက နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ ပုံမှန်ပြန်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့

**နေပြည်တော် မတ် ၁၂**

ကချင်ပြည်နယ်၊ တနိုင်းဒေသ၊ ကောင်ရာပါအနီးပတ်ဝန်းကျင်တွင် KIA လက်နက်ကိုင်အဖွဲ့က ရွှေနှင့် ပယင်း တရားမဝင်တူးဖော်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးမှုကို ဖြစ်ပေါ်စေသဖြင့် တပ်မတော်စစ်ကြောင်းများက ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစတင်၍ တားဆီးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တားဆီးရှင်းလင်းမှုအပေါ် KIA အဖွဲ့က လက်တုံ့ပြန်သည့်အနေဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကြောင်း၌ ဇန်နဝါရီ ၂၈ ရက်မှ စတင်ကာ လမ်းလုပ်သားများအား ဖမ်းဆီး၍ မြေဖြုတ်ကျင်းများ အခမ့်တူးခိုင်းခြင်း၊ တံတားများနှင့် လမ်းပြုပြင်ရေး ဆောင်ရွက်နေသည့် ယာဉ်၊ ယန္တရားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် တပ်မတော်၏ ပုံမှန်အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ယာဉ်တန်းများအား ချောင်းမြောင်းတိုက်ခိုက်မိုင်းခွဲခြင်းများ ပြုလုပ်ခဲ့သဖြင့် ဆက်သွယ်မှုပြတ်တောက်ပြီး မော်တော်ယာဉ်များ သွားလာမရဖြစ်ခြင်း၊ ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ပူတာအိုခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားသောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KIA အဖွဲ့က ဇန်နဝါရီ ၂၇ ရက်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကြောင်း၌ လမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီများသို့ လုပ်ငန်းများရပ်ဆိုင်းထားရန် ခြိမ်းခြောက်စာများပေးပို့ခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်က ဆွမ်ပရာဘွမ်မြို့အနီး မိုင်တိုင် ၁၁၁ ရှိ ဇနန်သံပေါင်ဘေလီတံတားနှင့် လမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မန်းပြည်တံခွန်ကုမ္ပဏီပိုင် ယာဉ်၊ ယန္တရားများအား မီးရှို့ဖျက်ဆီးခြင်း၊ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် မန်းပြည်တံခွန်ကုမ္ပဏီမှ လမ်းပြုပြင်ရေးဆောင်ရွက်နေသည့် လမ်းလုပ်သားများအား ထိန်ပိုင်ကျေးရွာဟောင်းအနီး မိုင်တိုင်အမှတ် ၉/၇ နေရာ၊ နမ့်ခမ်းခကျေးရွာဟောင်းအနီး မိုင်တိုင်အမှတ် ၈၆ နေရာနှင့် ကဝပန်ကျေးရွာဟောင်းအနီး မိုင်တိုင်အမှတ် ၈၁ နေရာတို့တွင် မြေဖြုတ်ကျင်းများ အတင်းအခမ့်တူးခိုင်းခြင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ဇနန်သံပေါင်ဘေလီတံတား ကြမ်းခင်းများအား ထပ်မံမီးရှို့ဖျက်ဆီးခြင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် လပြည့်ကုမ္ပဏီပိုင် ဘက်ဟိုးယာဉ် တစ်စီးအား ဝဒက်ကျေးရွာအနီး မိုင်တိုင် ၁၇၉ နေရာ၌ မီးရှို့ဖျက်ဆီးခြင်းနှင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပူတာအိုမြို့နယ်ရှိ ဆွမ်ပရာဘွမ်-ပူတာအိုသွားကားလမ်း မိုင်တိုင်အမှတ် ၁၄၇/၆-၇ ရှိ သံပေါင်ဘေလီတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည်တို့ ဆောင်ရွက်ခဲ့ကာ လမ်းကြောင်းအား ဖျက်ဆီးထိန်းချုပ်ထားခဲ့ကြောင်း။



ပူတာအိုမြို့သို့ တပ်မတော်ပိုင်လေယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးစဉ်။



ကေအိုင်အေအဖွဲ့က ဖျက်ဆီးခဲ့သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုသွားလမ်းတံတားများအား ပြန်လည်ပြုပြင်နေစဉ်။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက်နှင့် မတ် ၈ ရက်တို့တွင် ပူတာအိုမြို့နယ်အတွင်း ပုံမှန်အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်ယာဉ်တန်းများကိုလည်း ချောင်းမြောင်းပစ်ခတ်မိုင်းဆွဲတိုက်ခိုက်ခြင်း နှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း။

ယင်းဖြစ်စဉ်များကြောင့် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများက ယင်းလမ်းကြောင်း အနီးပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ထိတွေ့တိုက်ပွဲ ရှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း။

မော်တော်ယာဉ်များ သွားလာမရဖြစ်ပြီး စားသောက်ရေးတွင် အခက်အခဲများဖြစ်လျက်ရှိသည့်အတွက် သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရနှင့် တိုင်းစစ်ဌာနချုပ်တို့က နိုင်ငံတော်သမ္မတရုံးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံ တပ်မတော်လေယာဉ်များဖြင့် သက်သာပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးနိုင်ပါရန် တင်ပြတောင်းခံခဲ့သဖြင့် ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် ပူတာအိုခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သက်သာပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို မြစ်ကြီးနားလေတပ်စခန်း ဌာနချုပ်မှ ပူတာအိုမြို့သို့ တပ်မတော်ပိုင်လေယာဉ်များဖြင့် ငါးခေါက် ပို့ဆောင်ပေးခဲ့ကြောင်း။

ယခုအခါ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကြောင်းအား လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့နှင့် လမ်းပြုပြင်ရေးကုမ္ပဏီများက လမ်းကြောင်းပေါ်ရှိ ပျက်စီးသွားသည့် လမ်း၊ တံတားများအား မတ် ၅ ရက်တွင် ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် တပ်မတော်ပိုင်မော်တော်ယာဉ်များဖြင့် မတ် ၇ ရက်တွင် မြစ်ကြီးနားမြို့ရှိ သက်သာပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပို့ဆောင်ပေးခဲ့ရာ မတ် ၁၀ ရက်တွင် ပူတာအိုမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ လမ်းကြောင်းလုံခြုံမှုရှိ၍ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီး ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပုံမှန်ပြန်လည်စီးဆင်းလာကာ ကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ထီးချိုင့်မြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲ၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိ

**ထီးချိုင့် မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာ ဖူးပွင့်ဝေဆာ ၁၀ တန်း ဘော်ဒါဆောင်၌ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖူးပွင့်ဝေဆာဘော်ဒါဆောင်၌ လက်လုပ်မိုင်းဟု ယူဆရသော မသင်္ကာဖွယ်ရာ တွေ့ရှိရ၍ ဆရာမ ဒေါ်အေးအေးမင်းက အလယ်တောရဲကင်းမှူး ရဲအုပ်ဗိုလ်ဗိုလ်ဟန်ထံ သတင်းပေးပို့ချက်အရ သွားရောက်ကြည့်ရှုရာ ဘော်ဒါဆောင်အတွင်းရှိ သောက်ရေအိုးအတွင်းမှ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်ခုကို လည်းကောင်း၊ ဘော်ဒါဆောင်နှင့် ကပ်လျက် နေအိမ်တံခါးမကြီးရှေ့မှ အချိုရည်ဘူးခွံဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်ခုကို လည်းကောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မိုင်းရှင်းလင်းရေးတပ်များအား ဆက်သွယ်၍ ရှင်းလင်းဆောင်ရွက်နေစဉ် ဘော်ဒါဆောင်ဝင်းအတွင်း လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။

ဆက်လက်၍ မိုင်းရှင်းလင်းရေးအဖွဲ့နှင့်အတူ ရှာဖွေရှင်းလင်းရာ ဘော်ဒါဆောင်းဝင်းအတွင်းမှ လက်လုပ်မိုင်းနှစ်လုံး၊ အဆောင်ရှေ့တွင် ရပ်ထားသော ဆရာမ ဒေါ်အေးအေးမင်း၏ ဆိုင်ကယ်အင်ဂျင်တုံးတွင် ကပ်ချည်ထားသော လက်လုပ်မိုင်းတစ်လုံးတို့ကို ထပ်မံတွေ့ရှိရကြောင်း သိရသည်။

မိုင်းရှင်းလင်းရေးအဖွဲ့က အဆိုပါ ဘော်ဒါဆောင်အဝင်းအတွင်း မိုင်းရှင်းလင်းမှု စိတ်ချမှုရှိသည်အထိ ဆက်လက်ရှာဖွေရှင်းလင်းခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ကျော်ခဲ(ပြန်/ဆက်)**



မိုင်းရှင်းလင်းစဉ် တွေ့ရှိသည့် လက်လုပ်မိုင်းများ။

# ငပုတောမြို့နယ်၌ ဆင်သတ်မှုဆိုးနှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ ငရုတ်ကောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဆင်ဆရာဝန် ဒေါက်တာလင်းလင်းထွန်း တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် ညနေ ၅ နာရီက ဆင်သတ်မုဆိုးနှစ်ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့များသည် မတ် ၉ ရက် ညနေပိုင်းက ငပုတောမြို့နယ် မြစ်တစ်ရာ သစ်တောကြိုးဝိုင်းအကွက် အမှတ် (၂၁၅)၌ တောင်ကုတ်မြို့နယ်ပေါ်တော်မူကျေးရွာနေ မင်းမင်း(၃၂နှစ်) ငပုတောမြို့နယ် ငရုတ်ကောင်းတောင်ကျေးရွာနေ စဘွားဘွာ (၂၉နှစ်)နှင့် ကျော်ဝင်း (စိစစ်ဆဲ)တို့ သုံးဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ကျော်ဝင်းမှာ ထွက်ပြေးသွားခဲ့ပြီး မင်းမင်းပါနှစ်ဦးထံမှ အရှည်တစ်ပေခွဲခန့်ရှိ တစ်ဖက်တွင် ပြောင်းရစ်ပါ သံပိုက်လုံးတစ်ချောင်း၊ အရှည် လေးလက်မခန့်ရှိ သံမြားချွန်ငါးချောင်း၊ အရိုးအသွား ခြောက်လက်မခွဲခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် ဆင်သတ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သဖြင့် မတ် ၁၀ ရက်က မင်းမင်းပါသုံးဦးအား ငရုတ်ကောင်းနယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စာရွက်စာတမ်းမတင်ပြနိုင်သည့် ကုန်ပစ္စည်းများ ရေပူစစ်ဆေးရေးအဖွဲ့က ဖမ်းမိ

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၄၃ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၂၉ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၇၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးဝတ်ဝမ်းဆက် အထည် ၅၀၀၊ ကလေးဝတ်ဘောင်းဘီ အထည် ၂၀၀၊ စားသောက်ကုန်ကုန်ကြမ်း ၂၅ ဖာ၊ ဆိုင်ကယ်ချိန်းကြိုး ၄၀ ကီလိုဂရမ်နှင့် ဆိုင်ကယ်ဘရိတ်ရှူး ၁၅ ကီလိုဂရမ် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၇၄ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၃-၂၀၁၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - **Breakfast News**
၇:၁၅ - မြန်မာနိုင်ငံ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်း
၈:၁၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၃၄)**
၈:၄၅ - ဥပဒေရေးရာအဖြာဖြာ အားပေးအားမြှောက်
၉:၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀:၃၀ - မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တော်
၁၁:၁၅ - မျက်မှောက်ရေးရာ သုံးသပ်စရာ
၁၃:၀၅ - ဟိုတုန်းက ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ
**ဦးကံကောင်းနှင့် သမီးများ**
မိုးဒီ၊ ဘုန်းဆက်သွင်၊ စော မြတ်နိုး၊ ခိုင်ဇင်ဝင်း၊ စောယု နန္ဒာ၊ ငြိမ်းဖြူ
ဒါရိုက်တာ-သီတာလင်း
၁၃:၄၅ - **Yes or No Talk Show**
၁၄:၁၀ - နိုင်ငံခြားဇာတ်လမ်းတွဲ တရားရှင်နှင့် ဓားဘုရင် (နဂါးပုလဲ) (အပိုင်း-၆)

ညနေပိုင်း

၁၆:၁၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၃၆)**
၁၆:၄၀ - လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်
၁၇:၁၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
၁၈:၁၅ - လှိုင်ကော်မှသည် အင်းလေးဆီသို့ ရေကြောင်းခရီးဖြင့် သွားကြစို့
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ အစမ်းသပ်ခံအချစ် (အပိုင်း-၂၇)
၁၉:၅၀ - **CHOICE** (အပိုင်း-၅၈)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအအခြေအနေ
- မူပိုင်ခွင့်အကြောင်း သိကောင်းစရာ (မြန်မာနိုင်ငံတွင် မူပိုင်ခွင့် ဆိုင်ရာ ဆောင်ရွက်နေမှုများ)
- နိုင်ငံခြားဇာတ်လမ်းတွဲ တရားရှင်နှင့် ဓားဘုရင် (ရေသူမနတ်မိမယ်) (အပိုင်း-၁)
- အနုပညာခန်းရိပ်သာ စာရေးဆရာမောင်မိုးသူနှင့် တွေ့ဆုံခြင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ အေးအတူပူအမျှ (အပိုင်း-၂၃)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီအားကစားသင်တန်းများ၌ သင်တန်းသား သင်တန်းသူ နှစ်သောင်းကျော် သင်ကြားပေး

**ရန်ကုန် မတ် ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပူးပေါင်း၍ နွေရာသီအခြေခံအားကစား သင်တန်းများ ဖွင့်လှစ်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်နှင့် အခြေခံပညာ ဦးစီးဌာနမှ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နွေရာသီသင်တန်းသား သင်တန်းသူများက အားကစားအဖွဲ့ချုပ်များမှပူးပေါင်း၍ အားကစားပဒေသာ သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။

"ကျွန်တော်တို့ နှစ်စဉ် နွေရာသီရောက်တိုင်း အားကစားသင်တန်းတွေကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်၊ အားကစားနည်း ၃၅ နည်း၊ သင်တန်းသား ၁၅၀၀၀ ခန့်ကို လက်ခံဖွင့်လှစ်ခြင်းဖြစ်ပါတယ်၊ ထို့အပြင် တိုင်းဒေသကြီးအဆင့် အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ မြို့နယ်အားကစားမှူးများ၏ အစီအစဉ်နဲ့ သင်တန်းသား ၉၀၀၀ ကျော်ကို အားကစားနည်း ၁၅ နည်း၊ အား/ကာ သိပ္ပံ(ရန်ကုန်)က အားကစားနည်းရှစ်မျိုး၊ သင်တန်းသား ၁၀၀၀ ကျော် သင်ကြားပေးလျက်ရှိပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ယခုနှစ် နွေရာသီအားကစား သင်တန်းမှာ သင်တန်းသား သင်တန်းသူ ၂၅၅၃ ဦးကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်" ဟု လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ပြောသည်။

အဆိုပါ နွေရာသီအခြေခံအားကစား သင်တန်းကို အားကစားနည်း ၃၅ မျိုးဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီး၏ သတ်မှတ်ထားသော အားကစားလေ့ကျင့်ရေးစခန်းများနှင့် အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ပေးထားသော လေ့ကျင့်ရေးစခန်းများတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဖျာပုံမြို့ နွေရာသီအားကစားသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်

**ဖျာပုံ မတ် ၁၂**

ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများကို ဖျာပုံမြို့၌ မတ် ၁၁ ရက် ညနေ ၄ နာရီက စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူ သင်တန်းသား ၃၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဒေါ်စိန်မာအေး၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးမှူးတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် အားကစားပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ဖျာပုံမြို့တွင် ဖွင့်လှစ်လျက်ရှိသည့် နွေရာသီအားကစားသင်တန်းများတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြန်မာသိုင်း၊ ကရာတေးဒို၊ လက်ဝှေ့၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကာယဗလ စသော အားကစားနည်း ၁၀ မျိုးကို ဖျာပုံမြို့နယ် ဘောလုံးကွင်း မိုးလုံအားကစားခန်းမ၊ သီရိအဏ္ဏဝါခန်းမဝင်း၊ တင်းနစ် ကွင်း၊ ပြန်/ဆက်ခန်းမ၊ ကာယဗလလေ့ကျင့်ရေးရုံတို့၌ သက်ဆိုင်ရာ အားကစားနည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## "မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

NAING Group Construction Co.,Ltd. (Vice-Chairman),
NAING Family Cherry Oo Co.,Ltd. (Chairman)
ဦးသက်နိုင်ဦး၏ (၁၃.၃.၂၀၁၈)ရက်နေ့တွင် ကျရောက်သည့် မွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နောင်လာမည့် အနာဂတ်တွင် သာယာချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်ပြီး လူမှုအကျိုးပြုလုပ်ငန်းများကို သယ်ပိုးထမ်းရွက်နိုင်သူဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး - ဒေါ်ခင်မင်းသွယ်
ချစ်သားကြီး၊ ချစ်သားလတ်၊ ချစ်သားငယ်

## MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.

## တတိယအကြိမ်မြောက်အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အထွေထွေအစည်းအဝေး [3rd Annual General Meeting (AGM)] တက်ရောက်ရန်ဖိတ်ကြားခြင်း

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် [MFD Public Co., Ltd.]၏ တတိယမြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးအား အမှတ်-၂၄၊ ကန်ဖျားလမ်းမကြီး၊ ရေပုန်းရပ်၊ မြိတ်မြို့တွင် ၂၀၁၈ ခုနှစ် မတ် ၂၅ ရက်၊ (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂:၀၀နာရီ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အစည်းအဝေးတက်ရောက်သူ အမည်စာရင်းမှတ်တမ်းတင်ခြင်းအား မွန်းလွဲ ၁:၀၀ နာရီမှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုတင်ပြချက်များနှင့် မေးမြန်းလိုသော မေးခွန်းများရှိပါက စာဖြင့်ရေးသား၍ (၁၅-၃-၂၀၁၈) ရက်မှ (၂၀-၃-၂၀၁၈) ရက်အထိ ရုံးချိန်အတွင်း အထက်ဖော်ပြပါ လိပ်စာသို့ ပေးပို့နိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမည် (၂၆၀/ရွာတန်း ရှည်အရှေ့)၊ ဦးပိုင်အမှတ်(၁၉)၊ မြေကွက်အမှတ် (၂၄၄)၊ ဧရိယာ (၀ဒသမ ၂၈၁)ဧကရှိမြေကို ကျွန်တော် ဦးကျော်လွင်ထူးမှ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်မှစ၍ ဝယ်ယူနေထိုင်အကျိုးခံစားလာခဲ့ပြီး မြို့နယ်တရားရုံးတွင် နေထိုင်အကျိုးခံစားလာကြောင်း ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်လွင်ထူး**
**၂/လကန(နိုင်) ၀၀၉၆၄၂**
**လှိုင်ကော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၁-ဇ+၁-ဆ၊ နှစ်ခန်းတွဲ၊ ခုနစ်ထပ်တိုက်၏ ပထမထပ်၊ အခန်းအမှတ်(ဝဲ)၊ အကျယ် (၂၀×၅၆)ပေ ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၀-၉-၂၀၁၄ ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန် ဖြည့်စွက်စာချုပ်ချုပ်ဆို ခြင်းစာချုပ်အရ ဦးကြည်သိန်း ၁/မကန(နိုင်)၀၁၃၁၇၉မှ အကျိုးခံစားခွင့်ရှိသော အခန်းဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၇၉၂)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဥ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ ထွက်ရှိသည့် ဓာတ်ဆီအားလည်းကောင်း၊ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)နှင့် ဖယောင်းတိုင်ထုတ်လုပ်ရေးဌာနခွဲ(မန္တလေး)တို့မှ ထုတ်လုပ်သည့် ဂျီအီးစီ ဖယောင်းတိုင်(တစ်သေတ္တာလျှင် ၇၅ ထုပ်ပါ)တို့အား လည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) ဓာတ်ဆီ | (၃၀၀,၀၀၀)ဂါလန်(ဂါလန်သုံးသိန်းတိတိ) |
| (ခ) ဂျီအီးစီဖယောင်းတိုင် | (၅,၀၀၀)သေတ္တာ(သေတ္တာငါးထောင်တိတိ) |

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်အချိန်နှင့်နေရာ** - ၂-၄-၂၀၁၈ရက်(တနင်္လာနေ့)(၁၃:၀၀)နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်
၃။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်** - ၂-၄-၂၀၁၈ရက်(တနင်္လာနေ့) (၁၄:၀၀)နာရီ
၄။ သတ်မှတ်ထားသည့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၁၆-၃-၂၀၁၈ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူလျှောက်ထားနိုင်ပါသည်။
၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲဖိတ်ကြားလွှာ

အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်တင်သွင်းခြင်း၊ ကုန်တင်ပို့ခြင်း၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများ သိရှိနားလည် သဘောပေါက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆွေးနွေးပွဲသို့ တက်ရောက်လိုပါက နှောင်းစာရင်း စစ်ဆေးရေးဌာနစိတ်၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၊ အမှတ်(၂၀၅/၂၁၁)၊ တတိယထပ်၊ မဟာဗန္ဓုလလမ်းနှင့် (၄၉)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်တက်ရောက်နိုင်ပါကြောင်းနှင့် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်** - ၁၄-၃-၂၀၁၈ ရက်နှင့် ၁၅-၃-၂၀၁၈ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ
မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၆:၀၀ နာရီ။
**ကျင်းပမည့်နေရာ** - အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟာခန်းမ၊ အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်-** ၀၉-၄၄၄၇၆၇၅၄၁၊ ၀၉-၄၄၄၇၆၇၅၄၂၊ ၀၉-၄၄၄၇၆၇၅၄၃

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/3557 Toyota Probox NCP50 S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၁၂/ဒပန(နိုင်)၀၂၁၁၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၃၅၃၄၆ ဟွန်ဒါဝေ့ဖ် 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Col, td က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ထားဝယ်)**

## မွေးသက္ကရာဇ်အမှန်

ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးဝင်းမောင်၏သမီး မသူဇာနွယ် ၆/ဘပန(နိုင်)၀၄၅၇၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၂-၃-၁၉၉၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နမ့်စန်(တ)မြို့၊ ကောင်းမြတ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ နဝမတန်းမှ မောင်ရန်နိုင်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျိုန်ဆင်း ၁၃/မနန(နိုင်)၀၁၆၅၂၆ ဖြစ်ပါကြောင်း။ **ဦးကျိုန်ဆင်း**

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့၊ အထက(၂) နဝမတန်းမှ ဦးစံလှကျော် ၁၁/မဥန(နိုင်)၀၇၁၄၄၇ ၏သား မောင်နေအောင်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၂-၂၀၀၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးလှဖြူ ၁၁/မဥန(နိုင်)၀၆၄၉၇၂ ၏သမီး မြောက်ဦးမြို့၊ အထက(၂) စတုတ္ထတန်းမှ မသက်စုခိုင်အား မစိုးအိကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မစိုးအိကျော်**

## အမည်မှန်

မြောက်ဦးမြို့၊ အထက(၁)နဝမတန်း ချယ်ရီခန်းမှ မမြတ်ကေခိုင်၏ အမည်မှန်မှာ မခိုင်သဇင်သိန်း ဖြစ်ပါကြောင်း။

**မခိုင်သဇင်သိန်း**

# တောင်ကိုရီးယားသံတမန်များ ဂျပန်၊ တရုတ်နှင့် ရုရှားသို့ ထွက်ခွာ

**ဆိုးလ် မတ် ၁၂**

တောင်ကိုရီးယားနိုင်ငံမှသံတမန်များသည် ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ထားမှုနှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့်အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့အကြား ဆွေးနွေးပွဲတစ်ရပ်ကျင်းပသွားမည့်ကိစ္စနှင့် ပတ်သက်၍ ဂျပန်၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံများသို့ အကြောင်းကြားရန် သွားရောက်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားအမျိုးသားလုံခြုံရေး ရုံးအဖွဲ့အကြီးအကဲ ချောင်အီယောင် နှင့် အမျိုးသားထောက်လှမ်းရေး အကြီးအကဲတို့သည် ဝါရှင်တန်၌ ထရန့်နှင့်တွေ့ဆုံခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် ဆိုးလ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

တောင်ကိုရီးယားသည် ကင်နှင့် သမ္မတမွန်ဂျယ်အင်းတို့အကြား ဆွေးနွေးပွဲဖြစ်မြောက်ရေးသေချာစေရန် တတ်စွမ်းသမျှ ကူညီသွားမည်ဖြစ်ကြောင်းနှင့် ထရန့်နှင့် ကင်တို့ သီးသန့်ဆွေးနွေးပွဲများမှ ကောင်းမွန်သောအကျိုးရလဒ်ဖြစ်ထွန်းမှုများ ပေါ်ထွက်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လေဆိပ်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

၎င်းတို့သည် အစည်းအဝေးပွဲများကျင်းပရေးအတွက် ထောက်ခံချက်ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ပြီး ပြုံယမ်းက ၎င်း၏နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်စေရေး စကားပြောဆိုဆွေးနွေးရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန်ဆွေးနွေးပွဲများကဲ့သို့ပင် အမေရိကန်နှင့်မြောက်ကိုရီးယားထိပ်သီးစည်းဝေးပွဲဖြစ်မြောက်နိုင်ဖွယ်ရှိကြောင်း သမ္မတရုံးမှ သတင်းရင်းမြစ်များ၏ပြောဆိုမှုကို တောင်ကိုရီးယားသတင်းမီဒီယာက တနင်္ဂနွေနေ့တွင် ကိုးကားဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# နီပေါလေဆိပ်၌ ယူအက်စ် - ဘင်္ဂလားလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၄၉ ဦးသေဆုံး



**ခတ္တမန္ဒူ မတ် ၁၂**

နီပေါ ထရိုင်ဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မတ် ၁၂ ရက်နေ့လယ်က ယူအက်စ်-ဘင်္ဂလားလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၄၉ ဦးသေဆုံးခဲ့ပြီး ၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်သည့် အဆင့်မြင့်ရဲအရာရှိတစ်ဦးဖြစ်သူ ဘစ်ချ်ဝိုရက်ဂျ်ပေါ့ခါရယ်က လေယာဉ်ပျက်ကျသည့်နေရာတွင် ပွဲချင်းပြီး ၄၉ ဦး သေဆုံးခဲ့ကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယူအက်စ်-ဘင်္ဂလားလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူက လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များအနက် ဘင်္ဂလားဒေ့ရှ်မှ ၃၂ ဦး နီပေါမှ ၃၃ ဦး၊ တရုတ်နိုင်ငံမှ တစ်ဦးတို့ဖြစ်ပြီး ကျန်တစ်ဦးမှာ မော်လ်ဒိုက်နိုင်ငံမှ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေယာဉ်အမှုထမ်းအပါအဝင် ၇၁ ဦး တင်ဆောင်လာသော ဘုန်ဘာဒီယာဒတ်ချ် ကျူ - ၄၀၀ လေယာဉ်သည် မြေပြင်သို့ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ် အမှုထမ်းလေးဦးကို ရှာဖွေရာမတွေ့သေးကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း ဆေးဝါးကုသမှုများ ခံယူရန် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယူဘီဂျီ ၂၁၁ လေယာဉ်ခရီးစဉ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူသို့ ပျံသန်းလာပြီး မြေပြင်သို့ ဆင်းသက်ရန်ကြိုးစားစဉ် လေယာဉ်ကွင်းကို နှစ်ပတ် ပတ်ကာ ပျံသန်းခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပြီးနောက် နီပေါ ထရိုင်ဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း အပြည်ပြည်ဆိုင်ရာလေယာဉ်များ ပျံသန်းထွက်ခွာမှုများမပြုရန် ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။ နီပေါဝန်ကြီးချုပ် ကေအက်စ်ရှာ မာအိုလီ၊ ကာကွယ်ရေးဝန်ကြီး အစ်ရှ်ဝါပိုခါရယ်၊ ပြည်ထဲရေးဝန်ကြီး ရမ်ဗဟာ ဒူးသာပါနှင့် အဆင့်မြင့် အရာရှိကြီးများလည်း လေယာဉ်ပျက်ကျရာနေရာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ အစိုးရအနေဖြင့် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ယူအက်စ် - ဘင်္ဂလားလေကြောင်းလိုင်းသည် ဒါကာမြို့အခြေစိုက် ပုဂ္ဂလိက ဘင်္ဂလားဒေ့ရှ်လေကြောင်းတစ်ခုဖြစ်ကြောင်း သိရသည်။ နီပေါ ထရိုင်ဘူဗန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၁၅ ခုနှစ် မတ်လက တူရကီလေကြောင်းလိုင်း လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပြီးနောက် ယခုပျက်ကျမှုသည် သမိုင်းတွင် အဆိုးရွားဆုံး လေယာဉ်ပျက်ကျမှုဖြစ်ပြီး သေဆုံးမှုအများဆုံးလည်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းသို့ လက်နက်တင်ပို့မှု နှစ်ဆကျော်မြင့်တက်

**စတော့ဟုမ်း မတ် ၁၂**

လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း စစ်ပွဲနှင့် ပဋိပက္ခများဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းဒေသသို့ လက်နက်တင်ပို့မှုမှာ နှစ်ဆကျော်မြင့်တက်လာကြောင်း ဆွစ်ဇာလန် အခြေစိုက် သုတေသနအဖွဲ့တစ်ဖွဲ့က မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြား အရှေ့အလယ်ပိုင်းနိုင်ငံများသို့ နိုင်ငံတကာမှ လက်နက်တင်ပို့မှုသည် ၁၀၃ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်းနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အကြား ကမ္ဘာ့လက်နက်တင်ပို့မှု၏ သုံးပုံတစ်ပုံခန့်ရှိခဲ့ကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနသိပ္ပံက ပြောခဲ့သည်။



မြောက်အမေရိကနှင့် အနောက်ဥရောပနိုင်ငံများမှ လက်နက်တင်ပို့မှုများကြောင့် အကြမ်းဖက်မှုများနှင့် ပဋိပက္ခတွေဖြစ်ပွားနေသည် အရှေ့အလယ်ပိုင်းဒေသမှာ ပိုပြီးစိုးရိမ်စရာကောင်းလာကြောင်း ဆစ်ရီအကြီးတန်းသုတေသီ ပီယက်တာဝယ်ဇီမင်န်က ပြောခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသများသို့ လက်နက်တင်ပို့မှု အများဆုံးနိုင်ငံများမှာ အမေရိကန်နိုင်ငံနှင့် ဥရောပတိုက်ရှိ နိုင်ငံများဖြစ်ပြီး လက်နက်တင်ပို့မှု စုစုပေါင်း ၉၈ ရာခိုင်နှုန်း ခန့်ရှိကြောင်း၊ အဆိုပါ လက်နက်များကို ဆော်ဒီအာရေဗျမှ တင်သွင်းခြင်း ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တူရကီ ပုဂ္ဂလိကဂျက်လေယာဉ်တစ်စင်း အီရန်တောင်ပိုင်းတွင် ပျက်ကျ

**အန်ကာရာ မတ် ၁၂**

လူ ၁၁ ဦး လိုက်ပါလာသည့် တူရကီပုဂ္ဂလိက ဂျက်လေယာဉ်တစ်စင်း အီရန်နိုင်ငံ တောင်ပိုင်းတွင် ပျက်ကျသွားကြောင်း သိရသည်။

အီရန်နိုင်ငံပိုင်သတင်းအေဂျင်စီက ကနေဒါနိုင်ငံလုပ် လေယာဉ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ရှာရတ်ဂျ်မှ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ပျံသန်းလာခဲ့စဉ်ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပုဂ္ဂလိကပိုင် ယင်းဂျက်လေယာဉ်သည် အီရန်တောင်ပိုင်း ရှာအီကော့ဒ်မြို့၌ တနင်္ဂနွေနေ့က ပျက်ကျသွားခဲ့ခြင်း ဖြစ်သည်။

အီရန်ကယ်ဆယ်ရေးအဖွဲ့များသည် တောင်တန်းဒေသအတွင်း၌ အသက်ရှင်လွတ်မြောက်သွားသူများကို ရှာဖွေရာတွင်အခက်အခဲများ ကြုံနေရသည်။

တူရကီသတင်းမီဒီယာကပြောကြားသည်မှာ ဂျက်လေယာဉ်သည် ဆောက်လုပ်ရေးနှင့် အခြားနယ်ပယ်များတွင် ဆောင်ရွက်နေသည့် တူရကီအကြီးစား ကော်ပိုရေးရှင်းလုပ်ငန်းစုမှ ပိုင်ဆိုင်သည်ဟု ဆိုသည်။

လေယာဉ်အမှုထမ်း သုံးဦး၊ ကုမ္ပဏီမှ မိသားစုများ၏ဆွေမျိုးတော်စပ်သည့် အမျိုးသမီးတစ်ဦးနှင့် ၎င်းတို့၏ မိတ်ဆွေသုံးဦးတို့ ဂျက်လေယာဉ်ပေါ်လိုက်ပါလာခဲ့ကြကြောင်း သိရသည်။

ပြီးခဲ့သည့်လက အီရန်ပြည်တွင်းခရီးသည်တင်လေယာဉ်သည် အီရန်အနောက်တောင်ပိုင်းရှိ တောင်တန်းထူထပ်သည့်ဇရိယာ၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသူ ၆၅ ဦး သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့ ဆိုလာစွမ်းအင် မဟာမိတ်အဖွဲ့ တည်ထောင်

**နယူးဒေလီ မတ် ၁၂**

နိုင်ငံပေါင်း ၆၁ နိုင်ငံဖြင့်ဖွဲ့စည်းထားသည့် မဟာမိတ်အဖွဲ့သည် ကမ္ဘာတစ်ဝန်း ဆိုလာစွမ်းအင်အသုံးပြုမှုကိုမြှင့်တင်သွားနိုင်ရေးအကူအညီပေးရန် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ်နှင့် အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များသည် တနင်္ဂနွေနေ့တွင် နယူးဒေလီမြို့တော်၌ နိုင်ငံတကာဆိုလာစွမ်းအင်မဟာမိတ်အဖွဲ့ တည်ထောင်မှုကွန်ဖရင့်အစည်းအဝေးကို လက်ခံကျင်းပခဲ့သည်။ အဖွဲ့ဝင်အများစုသည် အာဖရိကနှင့် အိန္ဒိယသမုဒ္ဒရာရှိ အီကွေတာအနီးတစ်ဝိုက်တွင်ရှိသော ဒေသတွင်း၌ တည်ရှိကြသည့်နိုင်ငံများ ဖြစ်ကြသည်။

မဟာမိတ်အဖွဲ့သည် ကုန်ကျစရိတ်ကိုလျှော့ချကာ ဆိုလာစွမ်းအင်ဆန်းသစ်ပြောင်းလဲရေးကို တောင်းဆိုခဲ့ကြသည်။ ၂၀၃၀ ပြည့်နှစ်တွင် ငွေကြေးထည့်ဝင်မှုကို ဒေါ်လာတစ်ထရီလီယံအထိမြှင့်တင်သွားရန်ရည်ရွယ်ထားကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းဆိုလာစွမ်းအင်အသုံးပြုမှု မြှင့်မားလာစေရန် နည်းပညာမြှင့်တင်မှုလိုအပ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အရှေ့ဂူတာ၌ အစိုးရတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူသေဆုံးမှု ၁၀၀၀ ကျော်ရှိလာ

**ဒမတ်စကတ် မတ် ၁၂**

အတိုက်အခံအင်အားစုများက ထိန်းချုပ်ထားသည့်အရှေ့ဂူတာတွင် အစိုးရတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၀၀၀ ကျော်သေဆုံးခဲ့ရပြီဖြစ်ကြောင်း ဆီးရီးယားပြည်တွင်းစစ်ကို စီမံထိန်းချုပ်ဆောင်ရွက်နေသည့် အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတဘတ်ရှာအယ်လ် အာဆတ် အစိုးရအဖွဲ့သည် ဒမတ်စကတ်မြို့တော်အနီးရှိ အဆိုပါဒေသကိုအပြည့်အဝရယူနိုင်ခြင်း မရှိသေးသရွေ့ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည့်ဟန်ရှိသည်ဟု ဖော်ပြထားသည်။

ရုရှား၏ အားပေးထောက်ခံမှုကို ရရှိထားသည့်အစိုးရအဖွဲ့သည် ဖေဖော်ဝါရီလလယ်လောက်တွင် အရှေ့ဂူတာကို ထပ်မံထိုးစစ်ဆင်တိုက်ခိုက်မှုများ အပြင်းအထန် ပြုလုပ်ခဲ့သည်။ အစိုးရသည် ဒေသ၏ထက်ဝက်ခန့်ကျော်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ပြည်တွင်းစစ်ကိုစီမံထိန်းချုပ်လျက်ရှိသည့် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြီးခဲ့သည့်ရက်သတ္တပတ်သုံးပတ်အတွင်း ကလေးငယ် ၂၂၇ ဦးအပါအဝင် ပြည်သူ ၁၀၉၉ဦး သေဆုံးခဲ့ရကြောင်း ပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ ၄၃၀၀ ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### လွတ်လပ်စွာကုန်သွယ်ရေးဇုန်ကို အာဖရိကပြည်ထောင်စု ထူထောင်မည်

**အယ်လ်ဂျီးယား မတ် ၁၂**

အာဖရိကသမဂ္ဂ (AU) သည် အာဖရိကနိုင်ငံများ လွတ်လပ်စွာကုန်သွယ်ရေးဇုန်ကို ထူထောင်ရန် ဆုံးဖြတ်ချက်ချလိုက်ကြောင်း အာဖရိကပြည်ထောင်စုကော်မရှင်အဖွဲ့ အကြီးအကဲ မူဆာဖာကီမဟာမတ်က ပြောကြားခဲ့သည်။


အာဒစ်ဘာဘာ၌ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် ၃၀ ကြိမ်မြောက်အစည်းအဝေးတွင် အလွန်အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် အာဖရိကနိုင်ငံများ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်(AFTZ) သည် လာမည့် မတ်လ ၂၁ ရက်တွင် ရဝမ်ဒါ၌ ကျင်းပမည့် ထိပ်သီးအစည်းအဝေး၏ အကြောင်းအရာခေါင်းစဉ်ဖြစ်လာမည် ဖြစ်ကြောင်း အာဖရိကပြည်ထောင်စု အကြီးအကဲက အယ်လ်ဂျီးယား နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာချိန်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ အာဖရိကနိုင်ငံများ လွတ်လပ်စွာကုန်သွယ်ရေးဇုန် (AFTZ)သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် အာဖရိကအကြီးအကဲများနှင့် အစိုးရအဖွဲ့တို့ကို ကီဂါလီသို့ ဖိတ်ကြားထားပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အံ့သြဖွယ်တွေ့ဆုံမှုက ဖန်တီးပေးလိုက်တဲ့ ညီညွတ်ရေးလမ်းစတစ်ခု

**ခြူးစန္ဒီနွေး**

ကင်ညာနိုင်ငံရဲ့ ရွေးကောက်ပွဲပြီးသွားတာ မနှစ်ကတည်းကပါ။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲအပြီးမှာတော့ ကင်ညာနိုင်ငံဟာ နိုင်ငံရေးအင်အားစုနှစ်စုကွဲသွားပါတော့တယ်။ လက်ရှိသမ္မတ Uhuru Kenyatta က ၅၄ ဒသမ ၁၇ ရာခိုင်နှုန်းနဲ့ အနိုင်ရသွားခဲ့ပြီး ၎င်းရဲ့ နိုင်ငံရေးပြိုင်ဘက်ဖြစ်သူ ရေးလ်လာအိုဒင်ဂါကတော့ ၄၄ ဒသမ ၉၄ ရာခိုင်နှုန်းနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ မဲအရေအတွက်အနည်းငယ်နဲ့ ရှုံးနိမ့်ခဲ့တာရယ်၊ ရွေးကောက်ပွဲမှာ တရားမျှတမှုမရှိဘူးလို့ ယူဆတာရယ်တို့ကြောင့်ဆူပူမှုတွေ အများကြီးပေါ်ပေါက်ခဲ့ရပါတယ်။ ပြိုင်ဘက်ဖြစ်သူ မစ္စတာအိုဒင်ဂါဟာ ရွေးကောက်ပွဲရလဒ်ကို လက်မခံခဲ့ပါဘူး။ သူဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလ အတွင်းမှာပဲ သူ့ကိုယ်သူ ပြည်သူ့သမ္မတအဖြစ် ကြေညာခဲ့တာပါတယ်။ အုပ်စုနှစ်ခုအကြားယှဉ်ပြိုင်မှုတွေများပြီး နိုင်ငံအတွင်းမှာဆူပူမှုတွေ ဖြစ်ပေါ်လာခဲ့တယ်။ ဒါကတော့ လက်ရှိကင်ညာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေပဲဖြစ်တယ်။



ကင်ညာနိုင်ငံသမ္မတ Uhuru Kenyatta (ဝဲ)နှင့် အတိုက်အခံခေါင်းဆောင်ရေးလ်လာအိုဒင်ဂါ(ယာ)တို့ကို အတူတကွတွေ့ရစဉ်။

## ပြိုင်ဘက်နှစ်ဦးတွေ့ဆုံကြ

ဒီလိုမျိုး တစ်ဖက်နဲ့တစ်ဖက် မကျေနပ်မှုတွေ တစ်စတစ်စကြီးထွားလာပြီးတဲ့ နောက်ပိုင်းပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံရေးပြိုင်ဘက်နှစ်ဦးဖြစ်ကြတဲ့ မစ္စတာအိုဒင်ဂါနဲ့ သမ္မတ Uhuru Kenyatta တို့ဟာသောကြာနေ့က တွေ့ဆုံခဲ့ကြပါတယ်။ ညီညွတ်မှုပြိုကွဲနေတဲ့နိုင်ငံကို စည်းလုံးမှုပြန်ရအောင် ပြုလုပ်မယ်ဆိုတဲ့ကြွေးကြော်မှုနဲ့အတူ ဒီလိုတွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့တွေ့ဆုံမှုအတွက် ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ ကင်ညာသမ္မတဟာ ယနေ့တွေ့ဆုံမှုဟာ ကင်ညာနိုင်ငံအတွက် စာမျက်နှာ အသစ်ဖွင့်လိုက်သလိုပါပဲလို့ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံရေးခံယူချက်တွေ၊ ရပ်တည်ချက်တွေ ကွဲပြားချင် ကွဲပြားမယ်။ တိုင်းပြည်အတွက် အကျိုးရှိမယ်ဆိုရင်တော့ ကင်ညာနိုင်ငံသားတွေအနေနဲ့ ပေါင်းစည်းသင့်ရင်လည်း ပေါင်းစည်းရမယ်လို့ ကာလရှည်ကြာနိုင်ငံရေးပြိုင်ဘက်တစ်ဦးဖြစ်သူ မစ္စတာအိုဒင်ဂါကိုအနားမှာထားပြီး သတင်းစာရှင်းလင်းပွဲမှာ ဒီလိုပဲ ဖြေကြားခဲ့ပါတယ်။

## အပြုသဘောဆောင်တဲ့ လက္ခဏာ

ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားတဲ့ မစ္စတာအိုဒင်ဂါကတော့ ကျွန်တော်တို့ဟာ နောက်မျိုးဆက်သစ်လူငယ်တွေ၊ ကလေးတွေ ကောင်းစားရေးအတွက် အတူတကွလုပ်ဆောင်ဖို့လိုတယ်။ ကင်ညာနိုင်ငံကို တစ်စစီပြိုကွဲသွားအောင် လုပ်ပြီးတော့နိုင်ငံ့ခေါင်းဆောင်အဖြစ်တော့ ဘယ်သူမှ မလုပ်ချင်တော့ပါဘူးလို့ ပြောခဲ့ပါတယ်။ ဒါဟာ နှစ်ဖက်စလုံးအတွက် အပြုသဘောဆောင်တဲ့ လက္ခဏာတွေပါပဲ။ ကမ္ဘာပေါ်မှာရွေးကောက်ပွဲရလဒ်ကိုမကျေနပ်လို့ ဆန္ဒပြကြရင်း ပဋိပက္ခနွံထဲက ရုန်းမထွက်နိုင်ဖြစ်နေတဲ့ နိုင်ငံတွေလည်း အများကြီးရှိပါတယ်။ ကင်ညာနိုင်ငံကတော့ အဲဒီနိုင်ငံတွေနဲ့ မတူ ပုံစံတစ်မျိုး ကွဲထွက်လာတဲ့သဘောပါ။ အခုလို နိုင်ငံရေးပြိုင်ဘက်ခေါင်းဆောင်နှစ်ဦးတွေ့ဆုံကြတာဟာဆိုရင် လက်ရှိအခြေအနေတွေကို ပြောင်းလဲပစ်တော့မယ်ဆိုတဲ့ သဘောလို့ယူဆလို့ ရပါတယ်။ အဖွဲ့နှစ်ဖွဲ့ ပြိုင်ဆိုင်မှုတွေ ပြင်းထန်စဉ်အချိန်တုန်းကဆိုရင် မစ္စတာအိုဒင်ဂါက သူ့ကိုယ်သူ ပြည်သူ့သမ္မတအဖြစ် ခံယူလိုက်ကြောင်းကြေညာပြီးတဲ့နောက်ပိုင်း သမ္မတ Uhuru Kenyatta ရဲ့အစိုးရဟာ ရုပ်သံလွှင့်ရုံတွေ ပိတ်ပစ်တာ၊ အတိုက်အခံနိုင်ငံရေးသမားတွေကို ဖမ်းဆီးတာ၊ အတိုက်အခံဘက်က ရှေ့နေတွေကို နယ်နှင်ဒဏ်ပေးတာ အစရှိတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ အတိုက်အခံဘက်လည်း ဆန္ဒပြပွဲတွေ တိုးလို့လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်မှုဟာ ပြိုကွဲခဲ့ရတာပါ။

## စီးပွားရေး လုံခြုံရေးနိမ့်ကျခဲ့ရ

သောကြာနေ့ကပြုလုပ်ခဲ့တဲ့ သမ္မတနဲ့ အတိုက်အခံခေါင်းဆောင်တို့ တွေ့ဆုံမှုအပြီးမှာတော့ လူမျိုးစုတွေနဲ့ နိုင်ငံရေးပုံစံတွေအကြား ဆက်ဆံရေးပြိုကွဲရမှုအတွက်ပါ၊ ရွေးကောက်ပွဲအပြီးပေါ်ပေါက်ခဲ့တဲ့ပဋိပက္ခတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ လုံခြုံရေးနိမ့်ကျခဲ့ရတဲ့အတွက်ပါ ဝမ်းနည်းရကြောင်းနှစ်ဦးစလုံးက ပူးတွဲသတင်း ထုတ်ပြန်ခဲ့ပါတယ်။ အတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါဟာဆိုရင် မစ္စတာ Uhuru Kenyatta ရဲ့သမ္မတအဖြစ်တည်ရှိမှုကိုအသိအမှတ်မပြုဘူးလို့ တစိုက်မတ်မတ်ပြောဆိုခဲ့သူလည်းဖြစ်တယ်။ နောက်ပြီးတော့ တကယ်လို့နောက်တစ်ကြိမ် ရွေးကောက်ပွဲသာ ထပ်မလုပ်ပေးဘူးဆိုရင် ဆွေးနွေးပွဲတွေလည်း ပြုလုပ်စရာမလိုဘူးလို့ ပြောဆိုခဲ့တဲ့သူ တစ်ယောက်လည်းဖြစ်တယ်။ အခုချိန်မှာတော့ ဒါတွေအားလုံးကို သူမေ့လိုက်တဲ့ပုံပါ။

> **“ကျွန်တော်တို့ဟာ နိုင်ငံရေးခံယူချက်တွေ၊ ရပ်တည်ချက်တွေ ကွဲပြားချင်ကွဲပြားမယ်၊ တိုင်းပြည်အတွက် အကျိုးရှိမယ်ဆိုရင်တော့ ကင်ညာနိုင်ငံသားတွေအနေနဲ့ ပေါင်းစည်းသင့်ရင်လည်း ပေါင်းစည်းရမယ်”**

## ရှေ့ဆက်ဖို့အတွက် ငြိမ်းချမ်းရေးလို

အတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါရဲ့ ဆက်ဆံရေးအရာရှိတစ်ဦးဖြစ်သူကတော့ မစ္စတာအိုဒင်ဂါရော သမ္မတပါ တိုင်းပြည်ဟာ ရှေ့ဆက်ဖို့အတွက် ငြိမ်းချမ်းဖို့လိုတယ်ဆိုတာကို သဘောတူခဲ့ပါတယ်။ ဒါဟာအတိတ်ကာလကပြီးခဲ့တဲ့ ရွေးကောက်ပွဲနဲ့ မသက်ဆိုင်သလို၊ နောက်လာမယ့် ရွေးကောက်ပွဲနဲ့လည်းမသက်ဆိုင်ပါဘူး။ သူတို့ဘာတွေဆွေးနွေးခဲ့ကြသလဲဆိုတာတော့ အတိအကျမသိရပေမယ့် ဒါဟာအစုမှအစပဲရှိပါသေးတယ်လို့ သူကပြောခဲ့ပါတယ်။

## တိုက်ဆိုင်မှုတစ်ခုသာဖြစ်

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန် ကင်ညာနိုင်ငံသို့ မလာရောက်မီမှာ ဒီဆွေးနွေးပွဲဖြစ်မြောက်သွားတာလည်း ဖြစ်တယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ ကင်ညာနိုင်ငံကို သုံးရက်ကြာ လာရောက်ဖို့လည်း ရှိပါတယ်။ ဒါပေမယ့် အစိုးရဘက်ကရော အတိုက်အခံဘက်ကပါ ပြောကြတာကတော့ နိုင်ငံရေးပြိုင်ဘက်နှစ်ဦးတွေ့ဆုံကြတာဟာဆိုရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးလာမှာဖြစ်လို့ လုပ်ရတဲ့ဆွေးနွေးပွဲမဟုတ်ဘူး။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုသာဖြစ်တယ်လို့ ပြောကြပါတယ်။ သမ္မတရဲ့ ပြောရေးဆိုခွင့်ရှိသူကလည်း ဒါဟာ ကင်ညာနိုင်ငံရဲ့ ကိစ္စသာဖြစ်တယ်။ ဒါကြောင့် ကင်ညာနိုင်ငံသားတွေနဲ့ပဲ သက်ဆိုင်တယ်လို့ ဆိုပါတယ်။

## နှောင့်ယှက်ဖျက်ဆီးမှာကို စိုးရိမ်နေ

အတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါရဲ့အကြံပေးကတော့ နှစ်ဖက်စလုံးက ကြားဝင်စေ့စပ်သူတွေဟာ ဆွေးနွေးပွဲရဲ့ အချို့သော အဓိကအချက်အလက်တွေကို လျှို့ဝှက်ထားဆဲပါပဲ။ ဘာလို့လဲဆိုရင် ဒါကိုမကျေနပ်တဲ့လူတွေရဲ့နှောင့်ယှက်ဖျက်ဆီးမှုကို စိုးရိမ်လို့ပါပဲ။ ဒီဆွေးနွေးပွဲမှာ အဓိကပါဝင်တဲ့ အကြောင်းအရာတွေကတော့ အကျင့်ပျက်ခြစားမှု၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ပါဝင်ပါတယ်။

## အတိုက်အခံဘက်က သပိတ်မှောက်ခဲ့

ဩဂုတ်လက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲအပြီးမှာတော့ တိုင်းပြည်ဟာ မရေရာတဲ့လမ်းကြောင်းပေါ်ရောက်သွားခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတွေများခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိသမ္မတဖြစ်သူမစ္စတာ Kenyatta ဟာ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ပေမယ့် နိုင်ငံတော်တရားရုံးချုပ်က ရွေးကောက်ပွဲမှာ ပုံမှန်အတိုင်းမဟုတ်တာတွေ ရှိတယ်ဆိုပြီးရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းခဲ့တယ်။ အောက်တိုဘာလအတွင်းမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲအသစ်မှာကျတော့လည်း လွတ်လပ်မှုမရှိဘူး၊ တရားမျှတမှုမရှိဘူးဆိုပြီး အတိုက်ခံခေါင်းဆောင်အိုဒင်ဂါက ရွေးကောက်ပွဲကနေ နုတ်ထွက်သွားခဲ့တယ်။ အတိုက်ခံဘက်က သပိတ်မှောက်ကာ ရွေးကောက်ပွဲကနေထွက်ခွာသွားမှုကြောင့် လက်ရှိသမ္မတဟာ မဲအရေအတွက် ၉၈ ရာခိုင်နှုန်းနဲ့အနိုင်ရရှိခဲ့တယ်။

## ယုံကြည်မှုတွေပျောက်ဆုံးခဲ့

ရွေးကောက်ပွဲ နှစ်ကြိမ်ကျင်းပရမှုကြောင့်ရော ဆူပူမှုတွေကြောင့်ပါ တိုင်းပြည်အတွင်း စီးပွားရေးကျဆင်းခဲ့ရပြီး၊ လုံခြုံရေးဟာလည်း ယိမ်းယိုင်သွားခဲ့ရပါတယ်။ တစ်ဖက်နဲ့ တစ်ဖက်ယုံကြည်မှုတွေလည်း ပျောက်ဆုံးခဲ့ပြီး စိတ်ဝမ်းကွဲမှုတွေသာ အဖတ်တင်ကျန်ရစ်ခဲ့တယ်။ အခုအချိန်မှာတော့ လက်ရှိအာဏာရပါတီဘက်ကရော အတိုက်ခံဘက်ကပါ တိုင်းပြည်ကို အဖတ်ဆယ်ဖို့ အချိန်ရောက်ပြီလို့ တွေးတောလိုက်တဲ့ပုံပါပဲ။ သောကြာနေ့ကပြုလုပ်လိုက်တဲ့ နှစ်ဖက်ဆွေးနွေးပွဲမှာတော့ အတိတ်ကာလက ရွေးကောက်ပွဲတွေ အကြောင်းထည့်သွင်းဆွေးနွေးတာတွေ မပြုလုပ်တော့ဘဲ တိုင်းပြည်ညီညွတ်ရေးအတွက်ကိုသာ ဦးတည်ခဲ့ကြတဲ့ သဘောရှိပါတယ်။ ဆွေးနွေးပွဲကိုလည်း တိုင်းပြည်ရဲ့ နိုင်ငံရေးသမားတစ်ဦးအဖြစ် တက်ရောက်တာဖြစ်ပြီး အတိုက်ခံခေါင်းဆောင်တစ်ဦးအနေနဲ့ တက်ရောက်တာမဟုတ်ဘူးလို့လဲ မစ္စတာအိုဒင်ဂါကဆိုပါတယ်။

တစ်ဖက်နဲ့တစ်ဖက် မကျေလည်တာတွေကို ဘေးချိတ်ပြီး တိုင်းပြည်ညီညွတ်ရေးအတွက်သာ ဦးတည်ဆောင်ရွက်တော့မယ်ဆိုရင် ကင်ညာနိုင်ငံဟာ ပဋိပက္ခတောထဲကျရောက်မယ့် ဘေးကနေကယ်တင်နိုင်တော့မှာ ဖြစ်တယ်။ နောက်တစ်ကြိမ် ရွေးကောက်ပွဲက တော့ ၂၀၂၂ ခုနှစ်မှ ပြန်လည်ကျင်းပမှာဖြစ်ပြီး အတိတ်ကာလက ဖြစ်ရပ်တွေကို သင်ခန်းစာယူပြီးအနာဂတ်မှာ ပြုလုပ်မယ့်ရွေးကောက်ပွဲကို အကောင်းဆုံးပြင်ဆင်ထားဖို့လည်း အရေးကြီးပါတယ်။ ကင်ညာနိုင်ငံသမ္မတကတော့ စည်းလုံးဖို့အချိန်တန်ပြီဆိုတဲ့စကားနဲ့ ညီညွတ်ကြဖို့ အတိုက်ခံဘက်သို့ လမ်းစဖွင့်ပေးလိုက်ပါပြီ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# ဟိုပုံးထမ်စမ်းဂူသို့ တစ်ခေါက်ရောက်ခဲ့ရာဝယ်

**စိုင်းသာလှိုင်(လိမ္မော်မြေ)**

ဆောင်းနှောင်းနွေဦးအကြိုအခါသမယဖြစ်ငြား လည်း မြောက်ပြန်လေနှင့်အတူ နှင်းမှုန်လေးများပါ ဝေ့ဝဲပါလာသည့် လတ်ဆတ်သော ပင့်သက်လေကို အားပါးတရ ရှူရှိုက်မိရင်း တစ်ကိုယ်လုံးအေးစိမ့်သွားအောင် ခံစားရသော အရုဏ်ဦးနံနက်မိုးသောက်ချိန် ၅ နာရီ ကျော်ပြီ။ အခုချိန်အထိ နေခြည်နုနုနွေးကို မမြင်ရသေး။ ကား ဆရာကိုစိုးဦးက ဝီရိယကောင်းစွာချိန်းထားသည့် အစီအစဉ်တိုင်း ရောက်လာသည်။ စာရေးသူတို့ ခရီးစဉ်ရှိတိုင်း မော်တော်ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သည့်သူနှင့်အတူ သွားနေကျမို့ ယခုတစ်ခေါက်တွင်လည်း ယာဉ်ငယ်ပေါ်တွင် ပေါ်ကြိုဂေါပကအဖွဲ့ဝင် ဆရာဦးစိုင်းထွန်းရွှေလိုက်ပါလာသည်။ စာရေးသူကိုခေါ်ဆောင်ကာ နားခဲကျေးရွာနေ ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးဆန်စိုင်းသာညွန့်အိမ်သို့ ခရီးအစပျိုးခဲ့ကြသည်။ စာရေးသူတို့ ဦးတည်ချက်မှာ ရှေးဟောင်းသမိုင်းဝင် သီပေါပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရန် ရှမ်းပြည်နယ်၏ မြို့တော်တောင်ကြီးမြို့မှ လူကြီးများအား သွားရောက်ဖိတ်ကြားခြင်းဖြစ်ပေသည်။


ဓာတ်ပုံ-စိုင်း(သီပေါ)

### ခရီးလမ်းပေါက်ခဲ့

တောင်ကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းခရီးစဉ်မှာ လားရှိုးမှ ခရီးနှင်ပါက လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင်၊ မန္တလေး၊ မိတ္ထီလာ၊ သာစည်စသော မြို့များကိုဖြတ်သန်းပြီးမှ ရှမ်းပြည်နယ်တောင်ပိုင်းတောင်ကြီးမြို့သို့ ရောက်ရှိမည်ဖြစ်သည်။ ဒီခရီးလမ်းမှာ ယခင်ကတည်းက ရှိပြီးသား ခရီးစဉ်ဖြစ်သည်။ အချိန်ကြာပြီး ခရီးလမ်းဝေးသည်။ စာရေးသူတို့အဖွဲ့ အရင်လိုလမ်းအိုကို မလိုက်ဘဲ၊ ဂုတ်တွင်း၊ နောင်ချိုမြို့မှတစ်ဆင့် ကျောက်ဂူ၊ အင်တောလမ်း၊ ဒုဋ္ဌဝတီ (နောင်ချို) တံတားကိုဖြတ်ကျော်၍ ရပ်စောက်၊ တောင်ကြီးလမ်းအတိုင်း ခရီးနှင်လာကြခြင်းဖြစ်သည်။ ဤလမ်းမှာ အချိန်ကုန်၊ လူပန်းသက်သာ၍ စာရေးသူတို့အဖွဲ့ နေမစောင်းမီ ညနေ ၃ နာရီကျော်ခန့် တောင်ကြီးမြို့သို့ ရောက်ခဲ့ကြပြီ၊ တစ်ခါတစ်ရံ အရေးကြီးအလုပ်ရှိပါက နေ့ချင်းပြန်ပင် ခရီးလမ်းပေါက်ခဲ့သည်။

### ဟိုပုံးထမ်စမ်းဂူသို့

တောင်ကြီးတွင် ရုံးကိစ္စများ ဆောင်ရွက်ရန် ရုံးချိန် မရှိတော့သဖြင့် အချိန်ရသခိုက် စာရေးသူတို့အဖွဲ့ တောင်ကြီးမြို့နယ် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟိုပုံးထမ်စမ်းဂူသို့ ဘုရားဖူးမြော်ရန် ခရီးဆက်ခဲ့ကြသည်။ လိုဏ်ဂူဟာ ကြီးမားကျယ်ဝန်းသော သဘာဝလိုဏ်ဂူဖြစ်ရာ ဂူအတွင်းပိုင်းများကို အင်္ဂတေလမ်းများ ခင်းခြင်းအပါအဝင် ပြင်ဆင်မှုများ ပြုလုပ်သွားသည်။ ကျောက်ပန်းခက်၊ ပန်းလက်များဖြင့် အံ့သြဖွယ်ရာ အလွန်လှပတွေ့မြင်ရသဖြင့် ပြည်တွင်း၊ ပြည်ပနိုင်ငံခြားသားတိုးရစ်များ၊ ရပ်နီး၊ ရပ်ဝေးခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများ အပန်းဖြေဘုရားဖူးအများအပြားကို တွေ့ရသည်။ ဘုရားဖူးလာ ဧည့်ပရိသတ်များအား ထမ်စမ်းဂူကို ထိန်းသိမ်းစောင့်ရှောက် သာသနာပြုတော်မူသော ဟိုပုံးကိုရင်လေးရှင်ပေါရိသာနှင့် ဘုရားဂေါပကအဖွဲ့က အသက်သတ်လွတ်ထမင်းဟင်းလျာများကို နေ့စဉ်ကျွေးမွေးဒါနပြုလျက်ရှိသည်။ ယခုလို ကျွေးမွေးခြင်းမှာ တစ်နေ့လျှင် ဆန် ၁၀ အိတ်မှ ၁၅ အိတ်အထိ ကျွေးမွေးခြင်းဖြစ်ပြီး ဥပုဒ်၊ လပြည့်၊ လကွယ်နေ့ကြီးများဆိုရင် ဆန်အိတ် ၅၀ မှ ၆၀ အထိ ဒါနပြုသကဲ့သို့ အဆိုပါ အသက်သတ်လွတ် ထမင်းဟင်းလျာများ သုံးဆောင်ရခြင်းကြောင့် ဘေးအန္တရာယ်များ ကင်းရှင်းကြောင်း သိရသည်။

စာရေးသူတို့ ဘုရားဖူးဓမ္မမိတ်ဆွေများ လိုဏ်ဂူတော်အတွင်းအပြင် လှည့်လာ၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး ဟိုပုံးကိုရင်လေးအား ဝင်ရောက်ဖူးမြော်ရန် ရည်မှန်းထားသော်လည်း ကိုရင်လေးမှာ သီတင်းသုံးရာ ကျောင်းတိုက်သို့ ပြန်ကြွသွားသဖြင့် ဖူးမြော်ခွင့် မရလိုက်သော်လည်း အလှူခံဌာနမှ ကိုရင်ကြီးထံသို့ အလှူငွေများ လှူဒါန်းပြီး သိလိုသော အချက်များကို လျှောက်ထားမေးမြန်းခွင့် ရရှိခဲ့ပါသည်။

### ဝမ်းသာပီတိဖြစ်ခဲ့ရ

စာရေးသူတို့ ရောက်ရှိချိန်တွင် ထမ်စမ်းဂူ၏ ဘယ်ဘက်ဂူပိတ်ထားသဖြင့် မေးမြန်းလျှောက်ထားကြည့်ရာ အခုဂူကို ဆက်လက်ဖောက်နေကြောင်း၊ ဘုရားဖူးများအန္တရာယ်ရှိမည်စိုးသဖြင့် ခေတ္တပိတ်ထားကြောင်း ဆက်လက်တူးဖော်ပြီးစီးပါက ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း သိရှိရသဖြင့် ဂူအတွင်း ညာဘက်အတိုင်းဝင်ခဲ့ရာ ကျောက်သား၊ ကျောက်ခက်များ၊ ကျောက်ဆောင်များကြားက ရေတသွင်သွင် စီးဆင်းနေပြီး အခါမလပ်သန့်ရှင်းရေးပြုလုပ်ကာ ကုသိုလ်ယူနေကြသော ပအိုဝ်းတိုင်းရင်းသူများ အပါအဝင် သက်ကြီးပုဂ္ဂိုလ်များပါ တွေ့ရှိရသဖြင့် ဝမ်းသာပီတိသာဓုအနုမောဒနာအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။

### သမိုင်းဝင်ဂူဖြစ်

ဆက်လက်၍ ဂူအတွင်းသို့ ဝင်ရောက်ခဲ့ရာ ရှေးဟောင်းဘုရားစေတီများ၊ ဆင်းတုတော်များကို ဖူးတွေ့ရပြီး လိုဏ်ဂူကျောက်သားနံရံတွင် မြတ်ဗုဒ္ဓခြေရာတော်ကြီးကိုပါ ဖူးတွေ့ခဲ့ရပေသည်။ လိုဏ်ဂူနံရံများတွင် ထုံးကျောက်အထွတ်များ၊ အမြွာများကိုတွေ့ရပြီး အပေါ်ယံမှ ရေတစ်စက်စက်ကျနေသဖြင့် အေးစိမ့်သလိုခံစားရသည်။ လိုဏ်ဂူအတွင်း အချို့နေရာများတွင် ဘာသာရေးနှင့်သက်ဆိုင်သော အထိမ်းအမှတ်ပစ္စည်းများ ရုပ်တုများကိုလည်း တွေ့မြင်ရပေသည်။

ရှေ့ဆက်လှေ့လာခဲ့ရာ လိုဏ်ဂူအနေအထားမှာ သမိုင်းဝင်ဂူဖြစ်ပြီး သက်တမ်းရင့်ဂူတစ်ဂူဖြစ်ကြောင်း ကိုရင်ကြီးက မိန့်ကြားပြောပြသည်။ ဆက်လက်၍ ဂူလမ်းကြောင်းကို ဖောက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်၏ မြို့တော်တောင်ကြီးမြို့သို့ ရောက်ရှိခဲ့ပါက ရွှေညောင်မြို့ ယင်းမှတစ်ဆင့် ညောင်ရွှေမြို့သို့ ရောက်ကာ ရေလမ်းခရီး ၁၂ မိုင်ခန့် မော်တော်စီးကာ စင်ရော်ငှက်လေးများကို အစာကျွေးလိုင်းစီးရင်းဖြင့် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးမြတ်ဘုရားကို ဖူးမြော်ရမည်ဖြစ်ပေသည်။

ဆက်လက်၍ တန်ခိုးကြီး ရှေးဟောင်းမွေတော် ကက္ကူဘုရားသို့လည်း ဖူးမြော်နိုင်မည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမြော်၍ နှိုးဆော်တိုက်တွန်းလိုက်ပါသတည်း။ ။


ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မတ် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးလမ်းဆုံ၌ ပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးများနှင့် လူကုန်ကူးမှုများ အန္တရာယ်တားဆီးကာကွယ်ရေး၊ မုဒိမ်းမှုများနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး တို့အတွက် ပြည်သူများသိရှိနိုင်ရန် အသိပညာပေးဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်း၊ ထောက်ကြန့်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၄)မှ တပ်ဖွဲ့ဝင်များမှ မှုခင်းပြခန်း ယာဉ်သို့ လာရောက်ကြည့်ရှုလေ့လာသူများ လိုက်လံရှင်းလင်းပြသခဲ့စဉ်။
ဟန်စိုး(မြန်မာ့အလင်း)

## နွေရာသီ အားကစား အခြေခံသင်တန်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိ

**ပွင့်ဖြူ မတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မတ် ၂ ရက်မှ စတင်ကာ အခြေခံအားကစားနည်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ သိရသည်။

"နွေရာသီအားကစား အခြေခံသင်တန်း ၂၀၁၈ ကို ဖွင့်လှစ်ပြီး အခြေခံအားကစားနည်းတွေဖြစ်တဲ့ ဘောလုံးကစားနည်း၊ ဘော်လီဘောကစားနည်း၊ ပိုက်ကျော်ခြင်းကစားနည်းနဲ့ စားပွဲတင်တင်းနစ်ကစားနည်းစတဲ့ အားကစားနည်းလေးမျိုးကို လေ့ကျင့်သင်ကြားပေးနေပါတယ်၊ ဒီအားကစားနည်းသင်တန်းကိုတော့ မတ် ၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်၊ ယခုဖွင့်လှစ်တဲ့ အခြေခံအားကစားနည်း သင်တန်းလေးမျိုးမှာ သင်တန်းသား စုစုပေါင်း ၁၇၃ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ယခုလ ၂ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးရန်လင်းအောင်က ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ချင်းတွင်းမြစ်ဝှမ်းဇီဝမျိုးစုံမျိုးကွဲနှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်မည်

**မုံရွာ မတ် ၁၂**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်သုံးမြို့နယ်၌ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုလုပ်ငန်းများကို ဧပြီ ၁ ရက်မှ မေလအထိ ကွင်းဆင်းသုတေသနပြုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့ဝန်းကျင်သိပ္ပံ (MEI) ၏ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေးထံမှ သိရသည်။


စိမ့်မြေဂေဟစနစ်ကို လေ့လာမည့်ချောင်းဦးမြို့နယ်ရှိ ပေါက်အင်းအားတွေ့ရစဉ်။

"ဇီဝမျိုးစုံမျိုးကွဲတွေကို အဓိကထိန်းသိမ်းသင့်တဲ့ နေရာသုံးခုရွေးချယ်ထားပါတယ်၊ ခန္တီးမြို့နယ်၊ ကလေးဝမြို့နယ်နဲ့ ချောင်းဦးမြို့နယ်တို့မှာ နေရာ ၁၅ နေရာရွေးချယ် သုတေသနပြုလုပ်ငန်းတွေ လုပ်ဆောင်မှာပါ၊ သုတေသနလုပ်ဆောင်မယ့်နေရာတွေမှာ ဇီဝမျိုးကွဲများနဲ့ရေ၊ မြေသက်ရှိတွေရဲ့ တန်ဖိုးကိုစောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုဆက်စပ်ခြင်းကို လေ့လာသုံးသပ်ခြင်းနဲ့ ဒေသတွင်းရှိ ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းပြဿနာတွေကို လေ့လာဆန်းစစ်သွားမှာပါ၊ ဥပမာအနေနဲ့ ခန္တီးတို့၊ ကလေးဝမြို့နယ် မဟာမြိုင်နဲ့ ချောင်းဦးမြို့နယ် ပေါက်အင်းတို့ကို ရွေးချယ်ထားပါတယ်၊ အဲဒီမှာတွေ့ရှိချက်တွေကိုလည်း ဒေသမှာရှိတဲ့ အသက်မွေးဝမ်းကျောင်းတွေကို ဘယ်လိုအခြားနည်းသုံးပြီး လုပ်ချင်သလဲဆိုတာမျိုးတွေပါ၊ ခန္တီးမြို့မှာခြောက်ရွာ ရွေးချယ်ထားပါတယ်၊ အဲဒီက လေ့လာဆန်းစစ်လို့တွေ့ရှိချက်တွေကိုလည်း အများပြည်သူတွေ သိရှိနိုင်ဖို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ကနေတစ်ဆင့်ထုတ်ပြန်ပေးသွားမှာပါ" ဟု မြန်မာ့ဝန်းကျင်သိပ္ပံ (MEI) ဒါရိုက်တာက ပြောသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှု လုပ်ငန်းများအဖြစ် ချင်းတွင်းမြစ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဧပြီ ၁ ရက်တွင်လည်းကောင်း၊ ကလေးဝမြို့နယ်အတွင်းရှိ မဟာမြိုင်တောင်အတွင်းရှိ ကုန်းနေဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ် ဝန်ဆောင်မှုများနှင့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မေလပထမပတ်အတွင်းနှင့် ချောင်းဦးမြို့နယ် ပေါက်အင်းရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် စိမ့်မြေဂေဟစနစ် ဝန်ဆောင်မှုလုပ်ငန်းများကို မေလတတိယပတ်အတွင်း ကွင်းဆင်းသုတေသနပြုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ဘောလုံးဒိုင်လူကြီးသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးရန်ရှိ

**မကွေး မတ် ၁၂**

မြန်မာ့ဘောလုံးအားကစားလောက မြင့်မားရေးနှင့် အားကစားသမားကောင်းများ ပေါ်ထွက်လာရေးအတွက် မြို့နယ်များတွင် ဘောလုံးပွဲများ ပိုမိုအောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီးပြီး ယင်းအတွက် စနစ်ကောင်းပြီး အရည်အချင်းပြည့်ဝသော ဘောလုံးဒိုင်လူကြီးများမွေးထုတ်ပေးနေသည့် ဒိုင်သင်တန်းများက အထောက်အပံ့ဖြစ်နိုင်သည်။

"ဒိုင်သင်တန်းတွေဖွင့်ပေးခြင်းအားဖြင့် မြို့နယ်တွေမှာလည်း ဒိုင်တွေရှိလာမယ်၊ ပြောင်းလဲတိုးတက်လာတဲ့ နည်းဥပဒေသတွေကို နားလည်သွားမယ်၊ သူတို့မြို့နယ်တွေမှာလည်း ဘောလုံးပွဲတွေအောင်မြင်အောင် ကျင်းပနိုင်ဖို့ အထောက်အပံ့ဖြစ်လာမယ် "ဟု တိုင်းဒေသကြီး အား/ကာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးထွဋ်က ပြောသည်။ တိုင်းဒေသကြီး အား/ကာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဘောလုံးဒိုင်လူကြီး သင်တန်း ၁/၂၀၁၈ ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ ရက်အထိ မကွေးမြို့၌ ဖွင့်လှစ်ခဲ့ပြီး ဆက်လက်ဖွင့်လှစ်သွားရန် အစီအစဉ်များရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ဘားအံစက်မှုဇုန်တွင် ကာလာအမိုးပြားထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်

**ဘားအံ မတ် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဘားအံ-လှိုင်းဘွဲ့ ကားလမ်းမကြီးဘေးရှိ ဘားအံစက်မှုဇုန်တွင် SKK ကာလာအမိုးပြား ထုတ်လုပ်ရေးစက်ရုံကို မတ် ၁၀ ရက်က ဖွင့်ပွဲကျင်းပ၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ SKK ကာလာအမိုးပြားထုတ်လုပ်ရေးစက်ရုံသည် ဘားအံစက်မှုဇုန်၏ လည်ပတ်လျက်ရှိသော ၁၅ ရုံမြောက် စက်ရုံအလုပ်ရုံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ မှာယူ တင်သွင်းသည့် Steel Sheet Forming Machine စက်သစ်ကြီးများဖြင့် တစ်နေ့ အလုပ်ချိန် ၈ နာရီအတွင်း ကာလာ အမိုးပြားပေ ၁၅၀၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

စက်ရုံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် Saw Trading ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစောကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အုပ်ချုပ်မှုဒါရိုက်တာက ကျေးဇူးတင်စကားပြောကြား၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဘားအံစက်မှုဇုန်သည် ဘားအံမြို့နှင့် ခုနစ်မိုင်ခန့်၊ ရန်ကုန်မြို့နှင့် ၂၇၃ ကီလိုမီတာခန့်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ၃၆၃ ကီလိုမီတာခန့်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ၅၇၉ ကီလိုမီတာခန့် ကွာဝေး၍ ထိုင်း-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းနှင့် အာရှအဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး ကုန်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့တွင် အလွန်အချက်အချာကျကာ ဧရိယာအားဖြင့် ဧက ၁၀၀၀ ခန့် ကျယ်ဝန်းသည်။

စက်မှုဇုန်အတွင်း၌ Foreign Investment Zone ၊ Local Investment Zone ၊ Regional Investment Zone နှင့် SME Investment Zone ဟူ၍ အပိုင်းလေးပိုင်း ခွဲထားပြီး စက်မှုဇုန်အတွက် ၆၆/၁၁ ကေဗွီ၊ ၂၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ထားကာ mini-hydro power plant များမှ ၃၀ မဂ္ဂါဝပ်နှင့် Coal-Fired power plant မှ ၁၂၈၀ မဂ္ဂါဝပ်တို့ကို အနာဂတ်တွင် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရေသိုလှောင်နိုင်မှုအနေဖြင့် ဂါလန် ၄၉၁ ဒသမ ၆ သန်းခန့်ရှိ လျှိုပိတ်ဆည်လေးခုအပြင် သုံးမိုင်ခန့်ကွာဝေးသော သံလွင်မြစ်နှင့် ရေဘုတ်ဆည်တို့မှ ရေများကို သွယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် စက်မှုဇုန်အတွင်း၌ စက်ရုံ၊ အလုပ်ရုံပေါင်း ၁၅ ရုံ လည်ပတ်လျက်ရှိပြီး တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံ ၁၅ ရုံရှိကြောင်း သိရသည်။ မြေနေရာ ဈေးနှုန်းသင့်တင့်၍ အခွန်နှုန်းထားသက်သာခြင်း၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇုန်ကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များက လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးနေခြင်း၊ ဇုန်အတွင်း လမ်းများကောင်းမွန်အောင်၊ လျှပ်စစ်ဓာတ်အား ကောင်းစွာရရှိအောင် ဆောင်ရွက်ပေးထားခြင်း စသည်တို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အလားအလာကောင်းသော အနေအထားရှိသည့် စက်မှုဇုန်တစ်ခုဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကိုရီးယားမှလှူဒါန်းသော လက်တွန်းလှည်းများ ထပ်ဆင့်လှူဒါန်း

**ပခုက္ကူ မတ် ၁၂**

ကိုရီးယားနိုင်ငံ Hanbeot ဖောင်ဒေးရှင်းအဖွဲ့က မြန်မာနိုင်ငံမှ မသန်စွမ်း ကလေးများအတွက် လှူဒါန်းသည့် လက်တွန်းလှည်းငါးစီးကို ရေစကြိုမြို့နယ် မောက္ကလန်ကျေးရွာမှ မသန်စွမ်းကလေးငယ် ငါးဦးထံသို့ မတ် ၁၀ ရက်က ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မသန်စွမ်းကလေးများအတွက် လက်တွန်းလှည်းများကို နတ်မောက်မြို့ အောင်ဆန်းရပ်နေ ဆရာမဒေါ်အေးအေးနွဲ့က ကိုရီးယားနိုင်ငံရှိ Hanbeot ဖောင်ဒေးရှင်းထံမှ အလှူခံ၍ လိုအပ်သူများထံ ဖြန့်ဝေလှူဒါန်းပေးခြင်းဖြစ်ကာ ယခုလှူဒါန်းသည့် လက်တွန်းလှည်း ငါးစီး အပါအဝင် မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ နတ်မောက်၊ တောင်တွင်းကြီး၊ မိကျောင်းရဲနှင့် ရေစကြိုမြို့နယ်များ၌ လက်တွန်းလှည်း အစီး ၈၀ ခန့် လှူဒါန်းပြီးဖြစ်ကြောင်း ဆရာမဒေါ်အေးအေးနွဲ့၏ ပြောကြားချက်အရ သိရသည်။

မောက္ကလန်ကျေးရွာရှိ ဦးဝင်းဌေး၏နေအိမ်၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ကျေးရွာမှ မသန်စွမ်းကလေးငယ် ငါးဦးအတွက် လက်တွန်းလှည်းငါးစီးကို နတ်မောက် ပရဟိတပေါင်းစုံကွန်ရက်အဖွဲ့က ကျေးရွာအရောက် သွားရောက်လှူဒါန်းပေးခဲ့ပြီး အသက်သုံးနှစ်မှ ရှစ်နှစ်အတွင်း မသန်စွမ်းကလေးများအတွက် လက်တွန်းလှည်းများ လိုအပ်ပါက ဆရာမ ဒေါ်အေးအေးနွဲ့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**



## ဖာပွန်မြို့ ယွန်းစလင်းမြစ်ကမ်းဘေးတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဖာပွန် မတ် ၁၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မတ် ၁၀ ရက် နံနက်က အမှတ် ၁ ရပ်ကွက် ယွန်းစလင်းမြစ်ကမ်းဘေးတစ်လျှောက်၌ ဆောင်ရွက်ခဲ့သည်။

ဖာပွန်တပ်နယ်မှ အရာရှိစစ်သည်များ၊ ရဲမေများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့်ဖြင့် ယွန်းစလင်းမြစ်ကမ်းတစ်လျှောက်မှ အမှိုက်များကို ရှင်းလင်းဖယ်ရှားခြင်း၊ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြရာ စစ်ဗျူဟာအဖွဲ့ အခြေချ(ဖာပွန်)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ခိုင်ချိုက လာရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်သူများအား လက်ဖက်ရည်နှင့် မုန့်များ လှူဒါန်းခဲ့သည်။



ဖာပွန်မြို့၌ ယခင်ကတည်းက အဆိုပါမြစ်ကမ်းဘေးတစ်လျှောက်တွင် အမှိုက်များစွန့်ပစ်ခဲ့ကြပြီး ယခင်ကထက် လူနေထူထပ်လာသည်နှင့်အမျှ အမှိုက်များပိုများလာကာ မြစ်ဘေးတစ်လျှောက်သာမက မြစ်ထဲတွင်ပါ အမှိုက်များကျရောက်ပြီး အမှိုက်နှင့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာ၍ မသန့်ရှင်းသည့်ရေကို အသုံးပြုနေသည့် ပြည်သူများမှာလည်း အန္တရာယ်ရှိနိုင်သောကြောင့် ဒေသခံပြည်သူများအနေဖြင့်လည်း အမှိုက်သရိုက်များကို မြစ်ကမ်းတစ်လျှောက်တွင် စွန့်ပစ်ခြင်းမပြုကြဘဲ သတ်မှတ်ထားသောနေရာများတွင်သာ စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်း သန့်ရှင်းရေး လာရောက်လုပ်ဆောင်သော ဒေသခံတစ်ဦးက ပြောကြားသည်။

**မျိုးဆက်သစ်(ဘားအံ)**

## တရားမဝင်တင်သွင်းလာသော ကြက်အရှင်များ ဖမ်းဆီးရမိ

**ဘားအံ မတ် ၁၂**

ထိုင်းနိုင်ငံမှ တရားမဝင် တင်သွင်းလာသော ကြက်အရှင်များကို တင်ဆောင်လာသည့် ခြောက်ဘီးကားနှစ်စီးကို ရဲတပ်ဖွဲ့ဝင်များက မတ် ၇ ရက်က နယ်မြေလုံခြုံရေးအတွက် ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ခြောက်ဘီးကားနှစ်စီးကို ဘားအံ-ထုံးအိုင်လမ်း ရှမ်းလေစက်သုံးဆီဆိုင်အနီး၌ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်း ကျော်ကျော် (၄၀ နှစ်) မောင်းနှင်လာသည့် ခြောက်ဘီးကားပေါ်တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသော ကြက်ခြင်း ၂၃၁ ခြင်းဖြင့် ထည့်သွင်းသယ်ဆောင်လာသည့် ကြက်အရှင် ကောင်ရေ ၁၀၇၀ ကိုလည်းကောင်း၊ ယာဉ်မောင်း အီစွတ်(ခ)မြတ်ကိုဦး(ခ)ကိုဦး(၃၈ နှစ်) မောင်းနှင်လာသည့် ခြောက်ဘီးကားပေါ်တွင် ကြက်ခြင်း ၁၂၅ ခြင်းဖြင့် ထည့်သွင်းသယ်ဆောင်လာသော ကြက်အရှင် အကောင် ၁၀၀၀ ကိုလည်းကောင်း ရှာဖွေတွေ့ရှိ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကြက်အရှင်များ တရားမဝင် တင်သွင်းလာသူနှစ်ဦးအား ဥပဒေအရ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းရမိထားသော ကြက်အရှင်များကို ဘားအံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ စနစ်တကျ အပ်နှံထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# သျှောင်ပေစူးနှင့် ဆံရစ်ဝိုင်းထားသည့် ဓလေ့ကို စက်စက်ယိုကျေးရွာတွင် ဆက်လက်ထိန်းသိမ်းနေ

**ညောင်ဦး မတ် ၁၂**

ရှေးမြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှုတွင် သျှောင်ထုံး၊ သျှောင်ပေစူး၊ ဆံရစ်ဝိုင်း၊ ဆံရစ်ဆံထုံးတို့ ထားရှိခဲ့ကြရာ အဆိုပါ မြန်မာ့ဓလေ့ ရိုးရာစရိုက်များ၊ သွင်ပြင်လက္ခဏာများ ပျောက်ကွယ်သွားခြင်းမရှိစေရန်အတွက် ညောင်ဦးမြို့နယ်အတွင်းရှိ စက်စက်ယိုကျေးရွာ၌ ဆက်လက်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

“ဒီရွာလေးမှာ အသက်ရှစ်ဆယ်ကျော် ကိုးဆယ်အရွယ် အဘိုးတွေကလည်း သျှောင်ထုံးတွေနဲ့ ခေတ်အဆက်ဆက် နေခဲ့ကြတယ်၊ ယောကျ်ားလေးတွေက သျှောင်ပေစူး၊ မိန်းကလေးတွေက ဆံရစ်ဝိုင်းနဲ့ ဆံရစ်ဆံထုံးလေးတွေကို အမြတ်တနိုး ထားခဲ့ကြတယ်၊ ခေတ်ရဲ့အခြေအနေအရ ဒီအချိန်မှာတော့ ပျောက်ကွယ်တော့မတတ် ဖြစ်နေလို့ ဝိုင်းဝန်းထိန်းသိမ်းနေရပါတယ်”ဟု စက်စက်ယို ရွာဦးကျောင်းဆရာတော် ဦးပညာဗလက မိန့်ကြားသည်။

ဘုန်းတော်ကြီးသင်ပညာရေးကို အဓိက အားထားခဲ့စဉ်က ရိုးရာအစဉ်အလာကို ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း အတန်းကျောင်းပညာရေးအားကောင်းလာချိန်၌ အခြားဒေသများသို့ သွားရောက်ပညာသင်ကြသည့် ကလေးငယ်များမှာ မတူကွဲပြားသည့် အသွင်သဏ္ဌာန်များကြားတွင် သျှောင်ပေစူးနှင့် ဆံရစ်ဝိုင်းကို ရှက်စရာတစ်ခုအဖြစ် မြင်လာကြ၍ ထိန်းသိမ်းနိုင်မှု လျော့နည်းလာခဲ့ရကြောင်းလည်း ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ကျော်ခန့်ကတည်းက ရိုးရာဓလေ့ကို ထိန်းသိမ်းလာခဲ့ကြသည့် စက်စက်ယိုကျေးရွာ၌ လက်ရှိတွင် အိမ်ခြေ ၁၇၀ ခန့်ရှိပြီး မိန်းကလေး၊ ယောကျ်ားလေး ဦးရေ ၄၀ ကျော်ဖြင့် ပြန်လည်အခြေပြုကာ သျှောင်ပေစူးနှင့် ဆံရစ်ဝိုင်း ထားသည့်ဓလေ့ကို ထိန်းသိမ်းမှုများ လုပ်ဆောင်နေကြောင်းလည်း ဒေသခံများထံမှ သိရသည်။

ပုပ္ပားတောင်မှ ဗျတ္တပန်းဆက်လမ်းအတိုင်း လာလျှင် ကျောက်ပန်းတောင်းမြို့နယ်အဆုံး ညောင်ဦးမြို့နယ်အစ နေရာတွင် စက်စက်ယိုရွာအဝင် လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့နိုင်ပြီး ယင်းနေရာမှ မြေနီလမ်းအတိုင်း ငါးမိုင်ဝန်းကျင်ခန့် ဝင်ရောက်ရကြောင်း၊ ကျေးရွာသမိုင်းမှာ ဘုရင်တပင်ရွှေထီး၏ ငယ်ဘဝနှင့် ဆက်စပ်နေပြီး လက်ရှိအချိန်တွင် စက်စက်ယိုကျေးရွာသို့ နိုင်ငံခြားသားများ တခုတ်တရ လာရောက်လေ့လာမှုများ ရှိနေသည့်အပြင် ဝေဘ ရုပ်ရှင်ဇာတ်ကားကြီးနှင့် ပဥ္စလက်ရွာ ရုပ်သံဇာတ်လမ်းတွဲများကို လာရောက်ရိုက်ကူးခဲ့သည့် နေရာလည်းဖြစ်ကြောင်း သိရသည်။



**ဇေယျာတု(မကွေး)**

# နှစ် ၈၀၀ ပြည့် ပတ္တမြားမြေ

**မောင်သာ(ရှေးဟောင်းသုတေသန)**



ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ပတ္တမြားကျောက်များထွက်ရှိသည့် နေရာသည် မြန်မာနိုင်ငံအထက်ပိုင်း မိုးကုတ်ရတနာမြေဖြစ်သည်။ မိုးကုတ်သည် ယခင်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း မြို့နယ်တစ်ခုအဖြစ် စာရင်းဝင်ခဲ့သော်လည်း ယခုအခါ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင် ပါဝင်သည်။

**ပတ္တမြားတွင်းခရိုင်**

မိုးကုတ်မြို့သည် မန္တလေးမြို့မှ ၁၂၈ မိုင် ကွာဝေးလျက် အရှေ့ဘက်နှင့် တောင်ဘက်တွင် ကျောက်မဲမြို့နယ်၊ မြောက်ဘက်တွင် မိုးမိတ်မြို့နယ်၊ အနောက်ဘက်တွင် သပိတ်ကျင်းမြို့နယ်တို့နှင့် ထိစပ်နေကာ မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းယူပြီးစ အချိန်က မိုးကုတ်သည် ခရိုင်မြို့ဖြစ်ခဲ့ပြီး ပတ္တမြားတွင်းခရိုင်ဟု ခေါ်ဆိုခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ပတ္တမြားတွင်းခရိုင်ကို ဖျက်သိမ်း၍ မိုးကုတ်မြို့နယ်ကို ကသာခရိုင်အောက်တွင် ထားရှိခဲ့သည်။

မိုးကုတ်မြို့သည် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ်တွင် တည်ရှိသည်။ အရှေ့အနောက် မိုင် ၃၀ နှင့် တောင်မြောက် ၁၄ ဒသမ ၁၂ မိုင်ရှိ၍ စတုရန်းမိုင် ၄၂၃ ဒသမ ၆၀ မိုင် ကျယ်ဝန်းသည်။ ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက်စွန်းတွင် ဧရာဝတီမြစ်မှ အရှေ့ဘက်သို့ ၃၆ မိုင် ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ၃၈၅၈ ပေ အမြင့်တွင် တည်ရှိနေသည့် မိုးကုတ်မြို့၏ အနိမ့်ဆုံးနေရာဖြစ်သည့် မြို့လယ်အင်းကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၄၅ ပေ မြင့်သည်။

ကျောက်တောင်များထူထပ်သည့် မိုးကုတ်မြို့ကို ဝန်းရံထားသောတောင်များသည် ပေ ၇၅၀၀ အထိ မြင့်မားကြသည်။ မိုးကုတ်မြို့၏ အရှေ့ဘက်တွင် ၆၇၃၃ ပေမြင့်သော ကြေးနီတောင်၊ အနောက်ဘက်တွင် ၅၃၄၅ ပေမြင့်သော ပင့်ကူတောင်၊ မြောက်ဘက်တွင် ၅၆၀၆ ပေမြင့်သော ထင်းရှူးတောင်နှင့် တောင်ဘက်တွင် ၇၅၄၄ ပေမြင့်သော တောင်မည်းတောင်တို့ ဝိုင်းရံထားသော မိုးကုတ်မြို့သည် တောင်များအကြားတွင် ဒယ်အိုးတစ်လုံးပုံစံ တည်ရှိနေပေသည်။

မိုးကုတ်မြို့၏မြေသားသည် လိပ်သည်းကျောက်နှင့် ပုံဆောင်ထုံးကျောက်များဖြစ်ပြီး ယင်းကျောက်များမှ ပတ္တမြား၊ နီလာ၊ ကျောက်နီ၊ ဣန္ဒနီလာ၊ ဥဿဖရား၊ ဖရဲအူ၊ မျော၊ ပြောင်ခေါင်းစိမ်း၊ နဂါးသွဲ့၊ မှတ်မီးစသည့် ကျောက်များ ထွက်ရှိသည်။ ကျောက်မျက်ရတနာများ ပေါများကြွယ်ဝသဖြင့် မိုးကုတ်တွင် ပေါက်တူးတစ်ချောင်းနှင့် ဒယ်အိုးတစ်လုံးရှိလျှင် အချိန်မရွေးချမ်းသာသွားနိုင်သည့် အခွင့်အရေးရှိကြောင်း ပြောစမှတ်ပြုခဲ့ကြရသည်။ မိုးကုတ်၏ ပတ္တမြားထွက်ရှိသည့် မြေကျောသည် မိုးမိတ်၊ တကောင်း၊ သပိတ်ကျင်းအထိ ကျယ်ပြန့်ကာ ၁၉၁၆ စတုရန်းမိုင် ကျယ်ဝန်းသည်ဟု ဆိုသည်။

**မိုးကုတ် နှစ် ၈၀၀**

မိုးကုတ်မြို့ကိုတည်ထားခဲ့သည့် သက္ကရာဇ်ကို "ကိတ် နဂါး ကြွက် သုံးဖော်ယှက်၊ ကျောက်မျက်ရတနာ ပေါ်ထွက်လာ၊ ဂန္ဓာလတိုင်း သမိုင်းပွင့်ဆန်း ပင်သဖန်းဟု၊ မော်ကွန်းထိုးထုတ် မြို့မိုးကုတ်"ဟု အစဉ်အဆက် မှတ်သားခဲ့ကြသည်။ ကိတ်သည် ၉၊ နဂါးသည် ၇ နှင့် ကြွက်သည် ၅ ဂဏန်းတို့ကို ကိုယ်စားပြုသဖြင့် ယင်းတို့ကို ပြောင်းပြန်ယူလျှင် မိုးကုတ်မြို့ကိုတည်ခဲ့သည့် သက္ကရာဇ် ၅၇၉ ခုနှစ်ကို ရရှိသည်။ ထိုနှစ်တွင် သဖန်းပင်ရွာကို ဦးစွာတည်ခဲ့ပြီး မိုးကုတ်မြို့အဖြစ် ဆက်လက်တည်ထောင်ခဲ့သည်။

မိုးကုတ်ရာဇဝင်များ၏ အဆိုများအရ မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ် မိုးမိတ်စော်ဘွားသိုဟန်ဖက်လက်ထက်တွင် ယခု မိုးကုတ်မြို့ဖြစ်လာမည့်နေရာ၌ အမဲလိုက်မုဆိုးရှမ်းသုံးဦးသည် တောလည်ထွက်ခဲ့စဉ် အချိန်လွန်သွားသဖြင့် သဖန်းပင်ကြီးတစ်ပင်တွင် ခိုနားအိပ်စက်ခဲ့ကြသည်။ မိုးလင်းချိန်တွင် သဖန်းပင်အောက်ရှိချောက်ထဲ၌ ကျီးကန်းများ ဝိုင်းအုံအော်နေကြသဖြင့် သွားကြည့်ကြရာ နီရဲနေသည့်ကျောက်တုံးများကို တွေ့ရသည်။ ကျီးကန်းများက ရဲရဲနီနေသည့် ကျောက်တုံးများကို သားတစ်အမှတ်ဖြင့် အော်နေကြကြောင်း တွေ့ကြရပြီးနောက် မုဆိုးများသည် ကျောက်များကို ယူဆောင်ကာ မိုးမိတ်စော်ဘွားထံ ဆက်သခဲ့ကြသည်။

မိုးမိတ်စော်ဘွားက မုဆိုးများဆက်သသည့် ပတ္တမြားများသည် အဖိုးတန်ကျောက်များဖြစ်ကြောင်း သိရှိသဖြင့် မုဆိုးများအား ဆုငွေများပေးကာ ကျောက်များထွက်ရှိသည့်နေရာကို ထိန်းသိမ်းထားစေခဲ့သည်။ စော်ဘွားသည် ကျောက်တွင်းကို စောင့်ရှောက်မည့်သူများအား နှစ်စဉ် ထောက်ပံ့ကြေးများချီးမြှင့်လျက် နေထိုင်စေခဲ့ရာမှ ရှမ်းလူမျိုးများသည် သဖန်းပင်ကြီးအနီးတွင် ရွာတည်ခဲ့ကြကာ သဖန်းပင်ရွာပေါ်ထွန်းလာခဲ့သည်။ ထို့ကြောင့် မိုးကုတ်အစ သဖန်းပင်ကဟု ဆိုခဲ့ကြပြီး ကျီးကန်းများအော်မြည်ခဲ့သည့်တောင်သည် ကျီးအာတောင်ဟု အမည်တွင်ခဲ့သည်။

သဖန်းပင်ရွာရှိ ပတ္တမြားတွင်းများကို စောင့်ရှောက်ခဲ့ကြသည့် ရှမ်းလူမျိုးများသည် မိုးကုတ်ချိုင့်ဝှမ်းအတွင်း တိုးချဲ့နေထိုင်ကြရာမှ မိုးကုတ်မြို့ဖြစ်ပေါ်လာခဲ့သည်။ မိုးကုတ်မြို့သည် မူလတည်ထားခဲ့စဉ်က မိုးမိတ်စော်ဘွားများ၏ လက်အောက်ခံနယ်တစ်ခုအဖြစ် တည်ရှိခဲ့ပြီး နောက်ပိုင်းတွင် မြန်မာဘုရင်များက ပိုင်ဆိုင်ခဲ့သည်။ သာလွန်မင်းလက်ထက်တွင် ရှမ်းတို့သည် မိုးကုတ်မြေကို လက်လွှတ်ခဲ့ရကြောင်း၊ မင်းတုန်းမင်းလက်ထက်တွင် မိုးကုတ်မှ ပတ္တမြားများကို တူးဖော်၍ အနောက်နိုင်ငံသားများနှင့် အရောင်းအဝယ် ပြုလုပ်ကြောင်း၊ သီပေါမင်းလက်ထက်တွင် ပြင်သစ်တို့သည် မိုးကုတ်၌ ပတ္တမြားတူးဖော်လုပ်ကိုင်ခွင့် ရရှိခဲ့သဖြင့် အင်္ဂလိပ်တို့က ပြင်သစ်တို့ ခြယ်လှယ်မည်ကို အလွန်စိုးရိမ်ခဲ့ကြောင်း၊ ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်တပ်များ မိုးကုတ်သို့ ချီတက်လာစဉ် မိုးကုတ်မြို့သား ဗိုလ်သာစီနှင့် ဗိုလ်ရွှတ်တို့ ဦးဆောင်ကာ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် မှတ်တမ်းတင်ရေးသားထားပေသည်။

**မိုးကုတ် အမည်နာမ**

မိုးကုတ်ဟူသည့် အမည်သည် ရှမ်းအမည် မိန်းကွတ်မှ ဆင်းသက်လာကာ မိန်းသည် မြို့ ကွတ်သည် ကွေ့ကောက်ခြင်းဟု အဓိပ္ပာယ်ထွက်ရှိသည်။ ကောက်ကွေ့နေသည့် တောင်ကြားတွင် ကွေ့ကွေ့ကောက်ကောက်တည်ရှိနေသည့်မြို့ဟု ဆိုလိုသည့်အတိုင်း ကောက်ကွေ့နေသည့် မိုးကုတ်မြို့၏ရှုခင်းကို မြို့အရှေ့ဘက်ရှိ ကြေးနီတောင်စခန်းမှ မြင်ကြရပေသည်။

မိုးကုတ်သည် ရှမ်းအမည် မိန်းကုမှ ဆင်းသက်လာသည်ဟုလည်း ဆိုကြသည်။ ကုသည် ရှမ်းဘာသာစကားအရ ခမောက်ဖြစ်သဖြင့် မိန်းကုကို ခမောက်မြို့ဟု ရည်ညွှန်းသည်။ မိုးကုတ်မြို့သည် ခမောက်ကို လှန်ထားသည့်အလား ချိုင့်ဝှမ်းအတွင်း တည်ရှိနေသဖြင့် ရှမ်းတို့က မိန်းကုဟုခေါ်ဆိုခဲ့ကြသည်ဟုလည်း ပြောစမှတ်များရှိခဲ့သည်။ အချို့ကလည်း မိန်းကတ်(အလွန်အေးသောမြို့)မှ ပြောင်းလဲခဲ့သည်ဟု ဆိုကြပြန်သည်။

မိုးကုတ်ကို ရှမ်းဘာသာဖြင့် ခေါင်ဝေါက်မြို့(ခေါင်ဝေါက်တောကိုရှင်း၍ တည်ထားသောမြို့)ဟုလည်းကောင်း၊ ကံဝမ်ခမ်ဆောက်မိန်း(မိုးစောစောချုပ်သောမြို့)ဟု လည်းကောင်း ခေါ်တွင်ခဲ့ကြသည်။

**သမိုင်းတစ်လျှောက် ပတ္တမြားမြေ**

မြန်မာ့ပတ္တမြားများ ရောင်းဝယ်ရန် ပဲခူးသို့ ပထမဆုံးရောက်ရှိလာသည့် အီတလီလူမျိုး ဗားသီးမား၏ မှတ်တမ်းတွင် ပဲခူးမှ ရက် ၃၀ ခရီးကွာလှမ်းသည့် ကပွလန်တွင် ပတ္တမြားကျောက်များထွက်ရှိကြောင်း ဖော်ပြခဲ့သည်။ ပေါ်တူဂီလူမျိုး ဘာဆိုစား၏ မှတ်တမ်းတွင်လည်း အင်းဝနေပြည်တော်တွင် အလွန်ကြွယ်ဝသည့် ကပွလန်ရှိကြောင်း ဖော်ပြခဲ့ရာ ကပွလန်သည် ကျပ်ပြင်ကို နားကြားလွဲ၍ ခေါ်ဆိုခဲ့သောအမည်ဟု ယူဆခဲ့ကြသည်။

မိုးမိတ်စော်ဘွား ဆေကျင်ဖ ခေါ် သိုကျင်ဘွား၏ညီဖြစ်သူ ဆေငံဖ ခေါ် သိုင်ဘွား (မြန်မာသက္ကရာဇ် ၇၇၆-၇၇၉)သည် ပတ္တမြားတွင်းသခင်ဟု အဓိပ္ပာယ်ရသော ခွန်စပ်မော်ဆိုင်ဘွဲ့ကို ခံယူကာ မိုးမိတ်စော်ဘွား အစဉ်အဆက်သည် ပတ္တမြားတွင်းများကို ပိုင်ဆိုင်ခဲ့ကြသည်။ အင်းဝ ပထမမင်းခေါင်လက်ထက်(ခရစ်နှစ် ၁၄၀၁-၁၄၂၂) မြန်မာသက္ကရာဇ် ၇၇၇ ခု တော်သလင်းလပြည့်ကျော် ၁၂ ရက်တွင် မိုးကုတ်ပတ္တမြားမြေကို မြန်မာဘုရင်ပိုင် မြစ်စဉ် ၁၂ ရွာဖြစ်သည့် သပိတ်ကျင်း၊ စမ္ပာယ်နဂိုရ်၊ တွင်းငယ်၊ ဆူးပုပ်၊ သက်ငယ်ကျင်း၊ ကြာညှပ်၊ ပုတီးဖြူ၊ တကောင်း၊ ပုလွေရှည်၊ ရှော်ပင်၊ ကျောက်ထုံးကြီး၊ ရွှေကူတို့နှင့် လဲလှယ်ခဲ့သည်။ ထို့ကြောင့် မြန်မာဘုရင်သည် မိုးကုတ်နယ်ကို အရှေ့သို့လားသော် ဝက်ပါတောင်၊ အနောက်သို့လားသော် တောင်တော်စခန်း၊ မြောက်သို့လားသော် အုပ်ဆောင်းတောင်၊ တောင်သို့လားသော် သက်ကန်းစင်ရွာများဟု နယ်နိမိတ် ပိုင်းခြားခဲ့သည်။

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ရင်ပြင်တွင် တည်ရှိသည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် ဘုရင့်နောင်မင်း ခေါင်းလောင်းစာတွင် ဘုရင့်နောင်မင်းတရား(ခရစ်နှစ် ၁၅၅၁- ၁၅၈၁)သည် သက္ကရာဇ် ၉၁၈ ခုနှစ် တပို့တွဲလဆုတ် ၁၁ ရက် (ခရစ်နှစ် ၁၅၅၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်) တနင်္လာနေ့တွင် မိုးမိတ်၊ သီပေါ ပတ္တမြားတွင်းကို အောင်တော်မူခဲ့သည်ဟု ရေးထိုးထားသည်။ သို့သော် ဘုရင့်နောင်နတ်ရွာစံပြီး သားတော် နန္ဒဘုရင်လက်ထက်တွင် မိုးမိတ်စော်ဘွားသည် မိုးကုတ်ရတနာမြေကို ပြန်လည်သိမ်းပိုက်ခဲ့သည်။

ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်း မင်းရဲနန္ဒမိတ်လက်ထက်(ခရစ်နှစ် ၁၅၉၇-၁၆၀၅)တွင် မိုးကုတ်ကို ပြန်လည်ပေးအပ်ရန် အမိန့်ပြန်တမ်းထုတ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၉၅၉ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်တွင် ထုတ်ပြန်သည့် နာခံတော်ပြော့ကြီး အမိန့်တော်အရ မိုးကုတ်ကို ပြန်လည်ရယူခဲ့ကြောင်း မိုးကုတ်သမိုင်းစာအုပ်တွင် ဖော်ပြထားသည်။ ညောင်ရမ်းမင်းသည် မိုးကုတ်ကို ပြန်လည်ရရှိပြီးနောက် အရှေ့ရပ်စု မိုးကုတ်၊ အနောက်ရပ်စု ကသည်းနှင့် ကျပ်ပြင်တွင် စို့သူကြီးတစ်ဦးစီ ခန့်အပ်၍ အုပ်ချုပ်စေခဲ့သည်။ မိုးကုတ်သုံးစို့ဟု အမည်တွင်ခဲ့သည့် ယင်းနေရာသုံးခုအနက် မိုးကုတ် စို့သူကြီးသည် သီရိဝဋ္ဋနရာဇာ၊ အနောက်ကသည်းစို့သူကြီးသည် သီရိဇေယျရာဇာနှင့် ကျပ်ပြင်စို့သူကြီးသည် ဇေယျရာဇာဘွဲ့ခံ ပုဂ္ဂိုလ်များဖြစ်ကြသည်။

အနောက်ဘက်လွန်မင်းလက်ထက်(ခရစ်နှစ် ၁၆၀၅-၁၆၂၈)တွင်လည်း မိုးကုတ်ကို မြန်မာမင်းပိုင်ခဲ့ကာ သာလွန်မင်းလက်ထက် (ခရစ်နှစ် ၁၆၂၈-၁၆၄၈)တွင် ခမည်းတော် ညောင်ရမ်းမင်းလက်ထက်ကအတိုင်း မိုးကုတ်သည် မြန်မာမင်းပိုင်နယ်မြေဖြစ်ကြောင်း အမိန့်တော်ပြန်တမ်း ထုတ်ခဲ့သည်။ ပြည်မင်းလက်ထက် (ခရစ်နှစ် ၁၆၆၁-၁၆၇၂)တွင် ကမ္ဘာကျော် ငမောက်ပတ္တမြားကြီးကို ရရှိခဲ့ပေသည်။

ကုန်းဘောင်ဆက် မြေဒူးမင်းလက်ထက်(ခရစ်နှစ် ၁၇၆၃-၁၇၇၆)တွင် မိုးမိတ်စော်ဘွားသည် ဆက်မြဲဖြစ်သော အခွန်ဘဏ္ဍာတော်များ မဆက်သ သဖြင့် မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ် ပြာသိုလဆန်း ၂ ရက်(ခရစ်နှစ် ၁၇၆၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်)တွင် မိုးမိတ်စော်ဘွား စောခွန်ညွန့်သို့ အမိန့်တော်ထုတ်၍ သိမ်းပိုက်ခဲ့ရပြန်သည်။

မင်းတုန်းမင်းလက်ထက်(ခရစ်နှစ် ၁၈၅၃-၁၈၇၈)တွင် မိုးကုတ်ပတ္တမြားသည် အထူးထင်ရှားခဲ့ကာ အနောက်နိုင်ငံ ကုန်သည်များနှင့် အရောင်းအဝယ်များ ပြုလုပ်ခဲ့သည်။

သီပေါမင်းလက်ထက်(ခရစ်နှစ် ၁၈၇၈-၁၈၈၅) လက်ထက်တွင် ပြင်သစ်တို့က နှစ်စဉ် အခွန်တော် ငွေကျပ်သုံးသိန်း ပေးသွင်း၍ မိုးကုတ်၊ ကျပ်ပြင်နှင့် ကသည်းရှိ ပတ္တမြားတွင်းများကို တူးဖော်ခွင့်ပြုရန် လျှောက်ထားခဲ့ကာ လျှို့ဝှက် သဘောတူညီချက်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ သီပေါမင်းသည် မိုးကုတ်ကျောက်တွင်းကို ပြင်သစ်ကုမ္ပဏီ Messrs Bonvellein & Co. အား ငှားရမ်းခ ရယူ၍ လုပ်ကိုင်ခွင့်ပေးခဲ့သည်။ သို့သော် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာ့ ပတ္တမြားနယ်မြေသည် နယ်ချဲ့တို့၏လက်အောက်သို့ ရောက်ရှိခဲ့သည်။

**ငမောက်ပတ္တမြား**

အင်္ဂလိပ်-မြန်မာ တတိယစစ်အပြီးတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပျောက်ဆုံးသွားခဲ့သည့် ငမောက်ပတ္တမြားကို မိုးကုတ်ပတ္တမြားနယ်မြေ အင်းခေါင်းမှ ရရှိခဲ့သည်ဟုဆိုကာ အချို့ကလည်း အင်ကြင်းတောင်နှင့် ကျောက်ဆောင်လူးတောင်များမှ ရရှိခဲ့သည်ဟု ဆိုကြသည်။ မိုးကုတ်နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ချင်းတွင်းနယ်သား ငမောက်သည် မိမိခြံအတွင်းမှ ပြိုးပြိုးပြက်ပြက် လင်းလက်နေသည့် ပတ္တမြားကြီးတစ်လုံးကို တွေ့ရှိခဲ့ရာ နှစ်ပိုင်းခွဲ၍ တစ်ပိုင်းကို ယောက်ဖဖြစ်သူ မောင်ရွှေအား ပြည်ပသို့ သွားရောက်ရောင်းချစေခဲ့သည်။

စာမျက်နှာ ၁၉ သို့

"မိုးကုတ်မြို့၏မြေသားသည် လိပ်သည်းကျောက်နှင့် ပုံဆောင်ထုံးကျောက်များဖြစ်ပြီး ယင်းကျောက်များမှ ပတ္တမြား၊ နီလာ၊ ကျောက်နီ၊ ဣန္ဒနီလာ၊ ဥဿဖရား၊ ဖရဲအူ၊ မျော၊ ပြောင်ခေါင်းစိမ်း၊ နဂါးသွဲ့၊ မှတ်မီးစသည့် ကျောက်များ ထွက်ရှိသည်၊ ကျောက်မျက်ရတနာများ ပေါများကြွယ်ဝသဖြင့် မိုးကုတ်တွင် ပေါက်တူးတစ်ချောင်းနှင့် ဒယ်အိုးတစ်လုံးရှိလျှင် အချိန်မရွေးချမ်းသာသွားနိုင်သည့် အခွင့်အရေးရှိကြောင်း ပြောစမှတ်ပြုခဲ့ကြရသည်၊ မိုးကုတ်၏ ပတ္တမြားထွက်ရှိသည့် မြေကျောသည် မိုးမိတ်၊ တကောင်း၊ သပိတ်ကျင်းအထိ ကျယ်ပြန့်ကာ ၁၉၁၆ စတုရန်းမိုင် ကျယ်ဝန်းသည်ဟု ဆိုသည်"

## ကလေးများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြိုင်ပွဲများကျင်းပပေး



**ချောင်းဆုံ မတ် ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးများ စာပေဖတ်ရှုမှု တိုးလာစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Center) ကလေးစာဖတ်ခန်း၌ မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲများတွင် ကလေးများအား အဖွဲ့ခွဲ၍ စာလုံးသရုပ်ပြခြင်း၊ ဉာဏ်စမ်းပဟေဠိ မေးခွန်းများမေး၍ ဖြေကြားစေခြင်းနှင့် အဖွဲ့လိုက် စာဖတ်ပြိုင်ပွဲများ ပြုလုပ်ပေးကာ ဆုရရှိသည့် ကလေးများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မိသူဇာက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အရည်အသွေးကောင်းနှမ်းများရရှိရေး စိုက်ပျိုးရေးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်

**ဂန့်ဂေါ မတ် ၁၂**

ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာတွင် ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးရာသီအတွင်း အရည်အသွေးကောင်း နှမ်းနက်သီးနှံများ စိုက်ပျိုးရေးနှင့် တစ်ကွင်းတစ်စပ်တည်း ဧက ၅၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် GAP စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် နှမ်းစိုက်တောင်သူများ ညှိနှိုင်းဆွေးနွေးပွဲကိုလည်း မြောက်ခင်ရန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၁၀ ရက်က ပြုလုပ်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံကျော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကြောင်းနှင့် အရည်အသွေးကောင်း နှမ်းနက်သီးနှံ စိုက်ပျိုးထုတ်လုပ်မည့် လုပ်ငန်းစဉ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်ကလည်းကောင်း၊ မကွေးမြို့မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် အရည်အသွေးကောင်း နှမ်းနက်သီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများကို တောင်သူကိုယ်စားလှယ် ဦးဝင်းကြိုင်နှင့် ကုန်သည်ကိုယ်စားလှယ် ဦးသန်းဇော်တို့က လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အရည်အသွေးကောင်း နှမ်းနက်သီးနှံများ ထွက်နှုန်းပိုကောင်းလာကာ ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဟု မျှော်မှန်းထားကြောင်းနှင့် စီးပွားရေးတွက်ခြေကိုက်စေပြီး GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် အလေ့အထကောင်းကို ရစေသည့်အပြင် စားသုံးသူများအတွက်ပါ ဘေးကင်းလုံခြုံစိတ်ချရစေမည်ဟုလည်း စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် စိုက်ပျိုးမြေအားလုံး၏ ၃၀ ရာခိုင်နှုန်းကျော်မှာ ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံစိုက်ပျိုးမြေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ နှမ်းကို စိုက်ပျိုးကြောင်း၊ ထို့ကြောင့် ထွက်ရှိသည့် နှမ်းသီးနှံများကို ခိုင်မာသောဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းကာ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

## ဆန်ဈေးကွက်အပြောင်းအလဲကြောင့် မြစ်ဝကျွန်းပေါ်ဒေသမှ လယ်သမားများ ပိုအဆင်ပြေလာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးအဓိကစိုက်ပျိုးရာ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဘိုကလေး၊ မော်ကျွန်း၊ ဝါးခယ်မ၊ မြောင်းမြစသည့် ဒေသများမှ ရေလမ်းခရီးဖြင့် တင်ပို့လာသောဆန်များကို လမ်းမတော်ကမ်းနား ပြည်တွင်းသွားသင်္ဘောဆိပ်ကမ်းများမှတစ်ဆင့် နောက်တွဲပါ ကုန်ကားကြီးများဖြင့် သယ်ယူတင်ဆောင်၍ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ တင်ပို့ကာ ထိုမှတစ်ဆင့် ပြည်ပသို့တင်ပို့ရန် လုပ်ဆောင်လာသည်ကို မြင်တွေ့လာရသည်။

**တိုက်ရိုက်တင်ပို့ခြင်း**

ထို့အတူ ပြည်ပမှတင်သွင်းလာသော လယ်ယာသုံးမြေဆီ အိတ်မျိုးစုံ၊ ဘိလပ်မြေအိတ် စသည်တို့ကိုလည်း နောက်တွဲပါကုန်ကားများဖြင့် မြစ်ဝကျွန်းပေါ်သွား ယင်းသင်္ဘောဆိပ်ကမ်းများအထိ တိုက်ရိုက်တင်ပို့လာကြသည်။ ထိုသို့ တိုက်ရိုက်တင်ပို့ခြင်းကြောင့် ရန်ကုန်မြို့တွင်းရှိ ပွဲရုံနှင့် ဂိုဒေါင်များသို့ တင်ပို့ထားသည့်အဆင့် ပပျောက်သွား၍ ကုန်သည်များအတွက် ငွေကြေးသက်သာမှုရှိလာကြောင်း သိရသည်။

ယခင်က နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ရန်ကုန်ဈေးကွက်မှတစ်ဆင့် တင်ပို့ရာမှ ယခုအခါ နယ်စပ်ဒေသများမှ ကုန်သည်အချို့က ရန်ကုန်ဈေးကွက်ကိုကျော်၍ စပါးထွက်ရှိရာဒေသများအထိ သွားရောက်ဝယ်ယူခြင်း၊ တိုက်ရိုက်တင်ပို့ခြင်းများပြုလုပ်လာသည်။ သယ်ယူပို့ဆောင်စရိတ် သက်သာစေရန်အတွက် ကြားခံ ရန်ကုန်ဈေးကွက်ကို လျှော့ချလာခြင်းဖြစ်ပြီး နယ်စပ်ကုန်သည်များမှာ နယ်စပ်ဈေးကွက်တွင် ကိုယ်တိုင်ရောင်းဝယ်ခြင်းဖြစ်၍ အရောင်းအဝယ် အကျိုးဆောင်ခ သက်သာခြင်းများကြောင့် စပါးထွက်ရှိရာ မြစ်ဝကျွန်းပေါ် ဒေသများတွင် နယ်ခံကုန်သည်များထက် ဆန်စပါးဈေးနှုန်း ပိုမိုပေးဝယ်နိုင်ကြသည်။ သို့ဖြစ်ရာ ဒေသခံကုန်သည်များအနေဖြင့် နယ်စပ်ကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဝယ်ယူလာကြရပြီး စပါးစိုက်ပျိုးသူများမှာမူ ဈေးနှုန်းအမြင့်ကို ရရှိလာကြကြောင်း သိရသည်။

**ပြည်ပဈေးကွက်အတွက် သီးသန့်တင်ပို့**

နယ်စပ်ဒေသများမှ ရန်ကုန်ဈေးကွက်သို့ ဆန်တင်ပို့ရာတွင် တစ်အိတ်လျှင် အလေးချိန် ၁၀၈ ပေါင်ရှိသည့် ဆန်အိတ်များကို ယခင်က တင်ပို့ကြပြီး ပြည်ပဈေးကွက်အတွက် နယ်စပ်သို့ ဆက်လက်တင်ပို့မည့် ဆန်အိတ်များမှာမူ အလေးချိန် ပေါင် ၁၁၀ ရှိသည်။ နယ်စပ်သို့တင်ပို့မည့် ပေါင် ၁၁၀ ဆန်အိတ်များကို ဆန်တင်ပို့ရာ နယ်ဒေသများက သီးသန့်တင်ပို့ပေးခြင်းဖြစ်သည်ဟု ဆန်ကုန်သည်တစ်ဦးထံမှ သိရသည်။

ဖျာပုံဒေသမှ ရန်ကုန်ဆိပ်ကမ်းသို့ ရေယာဉ် ကုန်တင်ခ တန်ဆာခနှုန်းမှာ ဆန်တစ်အိတ်လျှင် ၁၉၀ ကျပ် ရှိပြီး မော်ကျွန်းမှ ရန်ကုန်အထိ ကုန်တင်ခမှာ ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀ နှုန်းရှိကာ နှစ်ထပ်ရုပ်ပြေးတွင် ကျပ် ၃၅၀ နှုန်းဖြစ်ကြောင်း သိရသည်။

**ယာဉ်အဝင်အထွက်ခက်**

ပြည်ပသို့တင်ပို့မည့် ဆန်အိတ်များကို မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်ဆိပ်ကမ်းမှ နယ်စပ်ကုန်သွယ်ရေးစခန်းများအထိ တိုက်ရိုက်တင်ပို့၍ တောင်သူလယ်သမားများ ဈေးပိုရသလို နယ်စပ်ကုန်သည်များ အဆင်ပြေသော်လည်း ရန်ကုန်မြို့ဆိပ်ကမ်းများတွင် နောက်တွဲပါကုန်ကားများ ဝင်ရောက်နေခြင်းများကြောင့် ဘုန်းကြီးလမ်းမှ စဉ့်အိုးတန်းလမ်း ဆိပ်ကမ်းအကြား အချို့နေရာများတွင် ယာဉ်အဝင်အထွက် ခက်လာသည်ဟု ကုန်ကားယာဉ်မောင်းတစ်ဦးက ပြောသည်။

**စပါးစိုက်သူများ ဝင်ငွေပိုရ**

မတ် ၁၀ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် နွေဆန်သစ်များဖြစ်သော ရက် ၉၀ နှင့် ပခန်းဆန် အမျိုးအစားများမှာ အလေးချိန် ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၂၅၅၀၀-၂၆၀၀၀၊ သီးထပ်ဆန် တစ်အိတ်လျှင် ၂၅၀၀၀ ရှိပြီး နွေစပါးအသစ် ပေါင် ၅၀ တိုက် တင်းတစ်ရာလျှင် ဆန်စက်အရောက် ကျပ် ၆၁၀၀၀၀ နှုန်း ပေးဝယ်ရသည်ဟု ကျောင်းကုန်းဒေသမှ ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောသည်။

အလားတူ ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု ပျဉ်းမကုန်းကျေးရွာတွင်လည်း နေနှစ်နေလှန်းပြီးသော နွေစပါး တင်းတစ်ရာလျှင် ကျပ် ၆၂၀၀၀၀ နှုန်းဖြင့် ရောင်းချရသည်ဟု ယင်းကျေးရွာနေ နွေစပါးစိုက်ပျိုးသူ လယ်သမားတစ်ဦးက ပြောသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးသည့်ရာသီတွင် ရာသီဥတုမှန်သဖြင့် တစ်ဧကလျှင် နွေစပါး တင်း ၁၃၀ ဝန်းကျင်ထွက်ရှိကာ စပါးဈေးမှာလည်း တင်းတစ်ရာလျှင် ကျပ် ခြောက်သိန်းဝန်းကျင် ရရှိနေသဖြင့် နွေစပါးစိုက်ပျိုးသူများ ဝင်ငွေပိုမိုရရှိလာသည်ဟု ဒေသအသီးသီးမှ လယ်သမားများထံမှ သိရသည်။

သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန်လေးသန်း တင်ပို့နိုင်ရန် မျှော်မှန်းထားခြင်းမှာ ဖြစ်နိုင်ခြေရှိလာသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မကုန်ဆုံးသေးသော ဖေဖော်ဝါရီလမှာပင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် သုံးသန်းကျော် တင်ပို့ထားပြီးဖြစ်သည်ဟုလည်း သိရသည်။

**══ သတင်းဆောင်းပါး-ခင်ဆိုင် ══**

## ဒီးမော့ဆိုမြို့နယ်တွင် နွေစပါး ၃၄၅၈ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိ

**ဒီးမော့ဆို မတ် ၁၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုတွင် နွေစပါး ၃၄၅၈ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဒီးမော့ဆိုမြို့နယ်တွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပြီးခဲ့သည့်နှစ်တွင် မိုးစပါး ၂၉၄၆၁ ဧကနှင့် နွေစပါး ၃၂၅၈ ဧကကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နွေစပါး ၃၄၅၈ ဧကအထိ စိုက်ပျိုးနိုင်ရန် လျာထားပြီး ယခင်နှစ်ကစိုက်ပျိုးသည့် နွေစပါးထက် ဧက ၂၀၀ ပိုမိုစိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ နွေစပါးစိုက်ပျိုးသော တောင်သူများအား သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးခြင်းများကိုလည်း ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာအလိုက် တောင်သူများနှင့် တွေ့ဆုံကာ နည်းပညာပေး ဆွေးနွေးပွဲများလည်း ပြုလုပ်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးစိန်ထံမှ သိရသည်။ လက်ရှိအချိန်တွင် နွေစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများကလည်း ပျိုးပင်များ စနစ်တကျ ပျိုးထောင်နေကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

စာမျက်နှာ ၁၈ မှ

ကျန်တစ်ပိုင်းကို ညောင်ရမ်းခေတ်ဘုရင် ပင်းတလဲမင်း(ခရစ်နှစ် ၁၆၄၈-၁၆၆၁)ထံ ဆက်သခဲ့ရာ ငမောက်ပတ္တမြားဟု ထင်ရှားခဲ့သည်။

ငမောက်ပတ္တမြားသည် အလေးချိန် ရတီ ၉၀ ရှိ၍ လုံးချောသွေးထားသည့် ကျောက်ဖြစ်ကာ ဝါဂွမ်းစ သို့မဟုတ် နွားနို့တွင် ထည့်ထားပါက ဂွမ်းစနှင့် နွားနို့တို့သည် အနီရောင်သန်းလာသည်ဟု ဆိုသည်။ မြန်မာ့နန်းစဉ် ပတ္တမြားများအနက်



ငမောက်ပတ္တမြားဟု ယူဆကြသော ဗြိတိန်ဘုရင်မကြီး၏ သရဖူပေါ်မှ ပတ္တမြား

ငမောက်ပတ္တမြားသည် အထင်ရှားဆုံးဖြစ်သည်။ အခြား နန်းစဉ်ပတ္တမြားများဖြစ်ကြသည့် ရတီ ၂၀ အလေးချိန်ရှိသော လှော်ကားတင်လေး(သက္ကရာဇ် ၁၁၄၇ ခုနှစ်)၊ ၄၉ ရတီ အလေးချိန်ရှိသော လှော်ကားတင်ကြီး(သက္ကရာဇ် ၁၁၉၉ ခုနှစ်)၊ ရှစ်ရတီ အလေးချိန်ရှိသော စံကျောက်လယ်သီးရေ(သက္ကရာဇ် ၁၂၀၉ ခုနှစ်)၊ ခြောက်ရတီ အလေးချိန်ရှိသည့် ဆင်မတော်ကျောက်(သက္ကရာဇ် ၁၂၀၉ ခုနှစ်)၊ ၁၀ ရတီ အလေးချိန်ရှိသည့် နဂါးဗိုလ်မျိုးဝင်ကျောက်တော်(သက္ကရာဇ် ၁၂၀၉ ခုနှစ်)တို့သည်လည်း မိုးကုတ်ဒေသမှထွက်ရှိသည့် အဖိုးတန် ပတ္တမြားများ ဖြစ်ကြသည်။

ဘုရင်ထံဆက်သသည့် ပတ္တမြားကျောက်၏အဆင့်ကို မူတည်လျက် ဆင်၊ လှော်ကားငယ်၊ လှော်ကားကြီး စသည်တို့ဖြင့် တင်ဆောင်လာခဲ့ကြရသဖြင့် ဆင်တင်ပတ္တမြား၊ လှော်ကားငယ်တင် ပတ္တမြား၊ လှော်ကားကြီးတင်ပတ္တမြား စသည်ဖြင့် အခေါ်အဝေါ်များ ပေါ်ပေါက်လာခဲ့ရာ ငမောက်ပတ္တမြားသည် လှော်ကားကြီးတင် ပတ္တမြားဖြစ်သည်။ ပျောက်ဆုံးနေသည့် ငမောက်ပတ္တမြားကို အင်္ဂလိပ်အစိုးရ လက်ထက်ကပင် စုံစမ်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း အဖြေတစ်စုံတစ်ရာ မရရှိခဲ့သည့်အပြင် ဗြိတိသျှဘုရင်မကြီး၏ သရဖူအလယ်တွင် ထည့်သွင်းထားသည့် ပတ္တမြားကြီးကို ငမောက်ပတ္တမြားဟု ယူဆမှုများလည်း ရှိခဲ့သည်။

**မိုးကုတ်၏ ပထဝီဝင်**

မိုးကုတ်မြို့သည် တောင်ကုန်းတောင်တန်းထူထပ်၍ မြေပြန့်အနည်းငယ်သာရှိသော ဒေသဖြစ်ကာ ရေဆင်းအဖြစ် ၁၂ မိုင် ရှည်သော ကင်းချောင်းနှင့် ၁၁ မိုင်ရှည်သော နမ့်ပိုင်ချောင်းတို့ စီးဆင်းနေသည်။ မိုးများသော တောင်ပေါ်ဒေသဖြစ်သည့် မိုးကုတ်သည် အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၇ ဒီဂရီ စင်တီဂရိတ်ရှိကာ အနိမ့်ဆုံးအပူချိန်သည် ၀ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် မိုးရွာရက် ၁၃၁ ရက်ရှိခဲ့၍ မိုးရေချိန် ၁၀၄ ဒသမ ၁၃ လက်မ ရွာသွန်းခဲ့ကာ နွေရာသီ အမြင့်ဆုံးအပူချိန်သည် ၃၄ ဒီဂရီ စင်တီဂရိတ်နှင့် ဆောင်းရာသီ အနိမ့်ဆုံးအပူချိန်သည် ၂ ဒသမ ၇ ဒီဂရီ စင်တီဂရိတ် ရှိသည်။ မိုးကုတ်မြို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၂၉ ခုတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်အထိ လူဦးရေ ၁၀၈၄၀၆ ဦး နေထိုင်လျက်ရှိရာ နိုင်ငံခြားသား ၁၈၇၄၂ ဦး ပါဝင်သည်။

ဒေသခံအများစုသည် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းဖြင့် အသက်မွေးကြသော်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုလည်း စီးပွားဖြစ် လုပ်ကိုင်ကြသည်။ မိုးကုတ်ဒေသမှ ပတ္တမြားသာမက နီလာလည်း အများအပြား ထွက်ရှိသည့်အပြင် မြို့နယ်၏ အခြားအဓိကထွက်ကုန်တစ်ခုမှာ လက်ဖက်ဖြစ်သည်။

မိုးကုတ်မြို့နယ်တွင် ကြိုးဝိုင်းသစ်တော ၅၂၂၄၃ ဒသမ ၈၃ ဧကနှင့် ကြိုးပြင်သစ်တော ၃၀၁၁၁ ဒသမ ၄၃ ဧကတွင် ကျွန်းနှင့် ပျဉ်းကတိုး အနည်းငယ်အပြင် ထောက်ကြံ့၊ ကညင်၊ အင်ကြင်းစသည့် အပင်များနှင့် ဝါးများ ပေါက်ရောက်လျက်ရှိသည်။

သမိုင်းတစ်လျှောက်ထင်ရှားခဲ့သည့် မိုးကုတ်မြို့နယ်တွင် ဘုရား ခုနစ်ဆူ၊ စေတီ ၂၁၈ ဆူ၊ ပုထိုး ၄၆ ခု၊ ဘုန်းကြီးကျောင်း ၃၀၇ ကျောင်းနှင့် သီလရှင်ကျောင်း လေးကျောင်း တည်ရှိသည့်အနက် ဖောင်တော်ဦး၊ ချမ်းသာကြီး၊ မဟာမုနိ၊ ရွှေကူကြီး၊ ဒေါ်နန်းကြည့်တောင်၊ ပင့်ကူတောင်နှင့် ကျောက်ပြာသာဒ်ဘုရားတို့သည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ ခရစ်ယာန်ဘာသာရေး အဆောက်အအုံ ၇၅ ခု၊ အစ္စလာမ်ဘာသာရေးအဆောက်အအုံ သုံးခု၊ ဟိန္ဒူဘုရားကျောင်း ၃၅ ခုနှင့် တရုတ်ဘုရားကျောင်း ရှစ်ခုတို့လည်း တည်ရှိနေကြပေသည်။

မြန်မာ့ပတ္တမြားမြေ မိုးကုတ်မြို့ကို တည်ထောင်ခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၈၀၀ ပြည့်ခဲ့ပြီးဖြစ်ပေသည်။ သမိုင်းအစဉ်အဆက် ပတ္တမြားမြို့တော်အဖြစ် ထင်ရှားခဲ့သည့် မိုးကုတ်သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားသည့် ရတနာမြေအဖြစ် နှစ်ကာလရှည်ကြာစွာ တည်တံ့နေဦးမည်သာဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း (အတွဲ ၉)**

**(၂) ပတ္တမြားမြေသမိုင်း**

**(၃) မန္တလေးတိုင်းဒေသကြီး၏ ဒေသဆိုင်ရာအချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

# မီးဘေးလုံခြုံရေးအတွက် ကျေးရွာများတွင် မီးသတ်ယာဉ်စေလွှတ်၍ ရှေ့တန်းစခန်းဖွင့်ထား



**မြင်းမူ မတ် ၁၂**
ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် အဖြစ်များလျက်ရှိသော မီးလောင်ကျွမ်းမှုများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်နှင့် ဖြစ်ပွားပါက အချိန်တိုအတွင်း ထိရောက်စွာ ငြိမ်းသတ်ပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မီးသတ်စခန်းက ကျေးရွာများတွင် ရှေ့တန်းမီးသတ်စခန်းများ ဖွင့်လှစ်ကာ ထိုစခန်းများတွင် မီးသတ်ယာဉ်တစ်စီးစီကို ဖြန့်ခွဲထားရှိကြောင်း သိရသည်။

မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်ထိရောက်စွာ ငြိမ်းသတ်နိုင်ရေးအတွက် ကျေးရွာသုံးရွာတွင် မီးသတ်ယာဉ်များပါဝင်သော ရှေ့တန်းမီးသတ်စခန်းများ ထားရှိကြောင်း၊ မတ်လဆန်းတွင် မြို့နှင့် ၁၆ မိုင်ခန့်ကွာဝေးသော တောချောင်းဦးကျေးရွာ၌ မီးသတ်ယာဉ်တစ်စီးကို ဆက်လက်ထားရှိ ဆောင်ရွက်ပေးနိုင်သည့်အတွက် အနီးပတ်ဝန်းကျင်ကျေးရွာများအတွက် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဝေမင်းထွန်းက ပြောသည်။

တောချောင်းဦး ကျေးရွာအတွက် မီးသတ်ယာဉ်ကို မတ်လ ပထမပတ်အတွင်းက စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာမီးဘေးလုံခြုံရေးအဖွဲ့များ ထံသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်တို့က သွားရောက်ပေးအပ်ခဲ့ကြောင်း၊ မီးသတ်ယာဉ်မှာ ရေဂါလန် ၈၀၀ ဆံ့ ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်ဖြစ်ကာ ဆက်စပ်ပစ္စည်းများ ပါဝင်ပြီးဖြစ်ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# အင်းတော်စက်လှေတိမ်းမှောက်မှုတွင် ကယ်ဆယ်ပေးခဲ့သူများအား ပြည်နယ်အစိုးရက ဂုဏ်ပြု

**အင်းတော်ကြီး မတ် ၁၂**
ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းက အင်းတော်ကြီးအိုင်အတွင်း လေပြင်းတိုက်၍ ဖြစ်ပွားခဲ့သည့် စက်လှေတိမ်းမှောက်မှုတွင် လှေပေါ်ပါသူများအား အသက်ကယ်ဆယ်ခဲ့သည့် ဦးစိုးသန်းနှင့် ကိုဖြိုးဝေတို့အား ပြည်နယ်အစိုးရက ဂုဏ်ပြုခြင်းနှင့် အသက်ရှင်ကျန်ရစ်သည့် ကျောင်းသား ကျောင်းသူများအား အဝတ်အထည်များထောက်ပံ့ပေးအပ်ပွဲကို မတ် ၉ ရက်က အင်းတော်ကြီးဘုရားရှိ ဒေါ်ပုလဲမွှာရုံ၌ ကျင်းပခဲ့သည်။



ဂုဏ်ပြုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်လှေတိမ်းမှောက်မှုဖြစ်စဉ်တွင် ကယ်ဆယ်ရေးအတွက် ကနဦးအကြောင်းကြားသူ ဦးကျော်မင်းဦးအား ဂုဏ်ပြုငွေ ကျပ်နှစ်သိန်းနှင့် လက်ဆောင်ပစ္စည်းကိုလည်းကောင်း၊ သွားရောက်ကယ်ဆယ်သူ ဦးစိုးသန်းနှင့် ကိုဖြိုးဝေတို့ နှစ်ဦးအား ဂုဏ်ပြုငွေကျပ် ငါးသိန်းနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း လူမှုရေးဝန်ကြီးက ပေးအပ်ဂုဏ်ပြုခဲ့သည်။ ထို့နောက် လှေမှောက်မှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်ခဲ့သော ကျောင်းသား ကျောင်းသူ ခုနစ်ဦးနှင့် ဆရာမတစ်ဦးအား အဝတ်အထည်၊ စောင်နှင့်အစားအစာများ ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။

မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးကလည်း စက်လှေတိမ်းမှောက်မှုကြောင့် ကွယ်လွန်ခဲ့သည့် ကျောင်းသား ကျောင်းသူ ရှစ်ဦးနှင့် ဒေသခံ တစ်ဦး စုစုပေါင်း ကိုးဦးအတွက် နာရေးကုန်ကျငွေ ကျပ် ၄၁ သိန်းကျော် ကူညီထောက်ပံ့၍ အားပေးစကား ပြောကြားခဲ့သည်။

**မင်းမင်းဦး**

# အာရှအမျိုးသား စနူကာပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် ဘိလိယက်ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၂**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် အဓိက ပံ့ပိုးကူညီသည့် ချယ်ရီဦးတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အသက် ၂၁ နှစ်အောက် အာရှအမျိုးသားစနူကာပြိုင်ပွဲ၊ ဒုတိယ အကြိမ်မြောက် အမျိုးသမီးစနူကာပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် ဘိလိယက်ဖိတ်ခေါ်ပြိုင်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် Rose Garden ဟိုတယ်၌ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပခြင်းဖြင့် မြန်မာနိုင်ငံ၏ အေးချမ်း တည်ငြိမ်မှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေမှု ပကတိအခြေအနေများကို အားကစားမှတစ်ဆင့် နိုင်ငံတကာက သိမြင်နားလည်ခွင့် ရရှိစေရန် လည်းကောင်း၊ မြန်မာ ဘိလိယက်နှင့် စနူကာ အားကစားအဆင့်အတန်း မြင့်မားစေရန်နှင့် ထူးချွန်သည့် မျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွန်းလာစေရန်အတွက် လည်းကောင်း၊ ဘိလိယက်နှင့် စနူကာ အားကစားနည်းဖြင့် နိုင်ငံဂုဏ်သိက္ခာမြှင့်တင်နိုင်ရန် ရည်ရွယ်၍ လည်းကောင်း ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အာရှဘိလိယက်နှင့် ယူ-၂၁ စနူကာပြိုင်ပွဲ၌ ဆုရရှိသူများအား ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၂၂၅၀၊ ဒုတိယဆုကို ၁၁၂၅ ဒေါ်လာ၊ ပူးတွဲတတိယဆုများကို ၅၂၅ ဒေါ်လာ ချီးမြှင့်မည်ဖြစ်ကာ အမျိုးသမီးစနူကာပြိုင်ပွဲတွင် ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၈၀၀၊ ဒုတိယဆုကို ဒေါ်လာ ၉၀၀၊ တတိယဆုကို ၅၂၅ ဒေါ်လာ ချီးမြှင့်မည်ဖြစ်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ပါက မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ကလည်း ဆုကြေးငွေ ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀ နှင့် တတိယဆု ကျပ် ၁၀ သိန်းတို့ကို ထပ်ဆောင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအသင်း အပါအဝင် သီရိလင်္ကာ၊ ဟောင်ကောင်၊ အီရန်၊ ကာတာ၊ ဆီးရီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ပါကစ္စတန် စသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ လာရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲ မြစ်ကြီးနားမြို့၌ကျင်းပ

**မြစ်ကြီးနား မတ် ၁၂**
ကချင်ပြည်နယ် ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ ရှေရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် (DANA Facility)မှ Mr.Peter Brimble တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က ကချင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကလိုအပ်သော နည်းပညာ၊ ပေါင်းစပ်မှု၊ စျေးကွက်ချိတ်ဆက်ပေးမှု၊ အတွေ့အကြုံများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ရရှိလာစေရန်နှင့် နိုင်ငံတကာ စျေးကွက်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်၍ ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက DANA Facility အကြောင်းကို ဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ကချင်ပြည်နယ်အတွင်း ပို့ကုန် အလားအလာရှိသော သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာများ၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သည့် ပြည်ပတင်ပို့ရန် အလားအလာရှိသော ထုတ်ကုန်များအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားကာ ခင်းကျင်းပြသထားသော ဒေသထွက်ကုန်သဘာဝပစ္စည်းများကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**ဝင်းနိုင် (ကချင်မြေ)**

## သတင်းတိုများ

### လွှတ်တော်မှ လုံခြုံရေးအမှုထမ်းများအား ယာဉ်အန္တရာယ်အကြောင်း ပညာပေးဟောပြော

နေပြည်တော်ရှိ လွှတ်တော် အတွင်း၊ အပြင် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော အမှတ် ၁၈ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ အရာထမ်း၊ အမှုထမ်းများအား ယာဉ်အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၁၀ ရက်က လွှတ်တော်အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပြီး နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကြီးထွားလာမှု၊ ယာဉ်တိုက်မှုဖြစ်စဉ်များအကြောင်း စသည်တို့ကို ရှင်းလင်းဟောပြောခဲ့ကာ ဟောပြောပွဲသို့ လုံခြုံရေးတပ်ဖွဲ့ဝင် ၄၁၀ တက်ရောက်ခဲ့သည်။ ထို့အတူ ထိုနေ့ နေ့လယ်ပိုင်းတွင်လည်း ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၁၈)လုံခြုံရေးတပ်ဖွဲ့ခွဲသို့ သွားရောက်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယာဉ်အန္တရာယ်ကြီးထွားလာမှု၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

### တက္ကသိုလ်များဖုန်အဆင့် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်များဇုန်အဆင့် (ပုသိမ်ဇုန်) အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ ဆုပေးပွဲကို မတ် ၉ ရက်က ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ ကျင်းပရာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဧရာဝတီ ယူနိုက်တက် အသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်နှင့် တာဝန်ရှိသူများက အမျိုးသား အမျိုးသမီးပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အသင်းများနှင့် နေရာအလိုက် အကောင်းဆုံး ကစားသမားဆုများ၊ ဂိုးအများဆုံးသွင်းသောဆုများကို ချီးမြှင့်ကာ ကူညီဆောင်ရွက်ပေးခဲ့သော ဒိုင်လူကြီးများကိုလည်း ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့သည်။

**မောင်မောင်မြင့် ( ပြန် / ဆက် )**

### ပြည်သူများအား မူခင်းကျဆင်းရေးအသိပညာပေး

မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက်မှ ပြည်သူများအား မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို အောင်သိဒ္ဓိလမ်း ဆွမ်းလောင်းမဏ္ဍပ်ရုံ၌ မတ် ၁၀ ရက် ညပိုင်းက ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်နေမှုများ၊ ပြည်သူများမှ သတိပြုလိုက်နာရန် အချက်များနှင့် မူခင်းကျဆင်းရေးတွင် ရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် စသည်တို့ကို ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ အင်အား ၈၀ ခန့် တက်ရောက်ခဲ့ကာ သိရှိလိုသည်များကိုလည်း ပြည်သူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာထုတ်လုပ်နည်း သင်တန်းဆင်း

**လှိုင်ကော် မတ် ၁၂**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ တတ်မြောက်ကာ တစ်ပိုင်တစ်နိုင် ဝင်ငွေရှာဖွေနိုင်စေရန် ရည်ရွယ်၍ လှိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စု ဝမ်ကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ဆပ်ပြာထုတ်လုပ်နည်းသင်တန်း အမှတ်စဉ် (၂၀/၂၀၁၈) သင်တန်းဆင်းပွဲကို မတ် ၉ ရက်က ကျင်းပခဲ့သည်။

ဝမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ ကျင်းပသည့် သင်တန်းဆင်းပွဲတွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဟန်မြင့်ထွန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ခန့်တို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်က သင်တန်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆု ရရှိသူများအား ဆုများနှင့် သင်တန်းသူ ၂၆ ဦးအတွက် သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး သင်တန်းသူများ ထုတ်လုပ်ထားသည့် ဆပ်ပြာခဲ၊ ဆပ်ပြာရည်၊ ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်များကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့သည်။

**ကိုစိုင်း(လှိုင်ကော်)**



# ပညာဆီမီးထိန်ညီးဖြာဝေ၊ မေတ္တာရေကြောင့်လန်းပါစေ

**မြင့်စိုး(နတလ)**

**ကျောင်း(၃၀၀)ပြည့်အခမ်းအနားကျင်းပ**

နယ်စပ်ရေးရာဝန်ကြီးဌာန နတလဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာအဖွဲ့)တို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သော စာသင်ကျောင်းတည်ဆောက်ရေးလုပ်ငန်းများအနက် ကျောင်း(၁၀၀)ပြည့်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် မေလ ၂၃ ရက်နေ့၌ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။ ပထမဦးဆုံးကျင်းပခဲ့သော ထိုပွဲကိုတော့ တက်ရောက်ခွင့်မကြုံခဲ့ပါ။ မကြုံပင်မကြုံသော်ငြားလည်း ထိုကျောင်းဆောင် စတင်ဆောက်လုပ်ချိန်မှ ဖွင့်ပွဲအခမ်းအနားပြုလုပ်ချိန်အထိ အခက်အခဲပေါင်းမြောက်မြားစွာတို့ကို လူပင်ပန်းစိတ်ပင်ပန်းစွာ ကျော်လွှားကြိုးစားခဲ့ရသော ညီတော်မောင်ဦးညီညီလွင် (နတလညွှန်ကြားရေးမှူး- ငြိမ်း) ၏ ငို၍ရီ၍မရသော မျက်နှာဇာတ်ကားရိုက်နေရသကဲ့သို့ အဖြစ်အပျက်မျိုးစုံတို့ကို ပြန်လည်မြင်ယောင်နေမိသည်။ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၏ တာဝန်ပေးချက်အရ နိပ္ပွန် ဖောင်ဒေးရှင်း (စေတနာ) အဖွဲ့နှင့်ပူးပေါင်း၍ ဖွင့်ပွဲအခမ်းအနားအချိန်မီကျင်းပနိုင်ရေး ကြိုးပမ်းခဲ့ရပုံများ အခက်အခဲပေါင်းများစွာ ကြုံခဲ့ရသည်တို့ကို မကြာခဏ သူပြောပြခဲ့ဖူး၏။ ထိုစဉ်က နယ်စပ်/စည်ပင်ဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ပေရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် တာဝန်ယူစဉ် ကာလဖြစ်ပါသည်။

ကျောင်း (၂၀၀) ပြည့် ဖွင့်ပွဲအခမ်းအနားကိုမူ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ရာ၊ ထိုစဉ်က ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်စဝ်အောင်မြတ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူး ကိုကို၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Sasakawa နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ မိမိတို့နတလဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ (ဗိုလ်မှူးကြီးထွေးလှ-ငြိမ်း)တို့တက်ရောက်ခဲ့ကြရာ ထိုစဉ်က ကျွန်တော်ပါလိုက်ပါခွင့်ရခဲ့၍ အမှတ်တရဖြစ်ခဲ့ပါသည်။ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ) အဖွဲ့မှ တာဝန်ရှိသူများနှင့် အတူ ဓနုတိုင်းရင်းသား တိုင်းရင်းသူများ ဝမ်းပန်းတသာတက်ရောက်ခဲ့ကြသည်မှာ ကျောင်းဝင်းတစ်ခုလုံးပြည့်လျှံသွားခဲ့သည်။ ထိုစဉ်က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှာ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးဖြစ်ပါသည်။ ယခုကျောင်း (၃၀၀) ပြည့်ဖွင့်ပွဲအခမ်းအနားကို ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံဟေးအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ရာ တိုက်တိုက်ဆိုင်ဆိုင်တက်ရောက်ခွင့်ရခဲ့ပြန်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်ချီးမြှင့်**

ယင်းအခမ်းအနားကို ၂၀၁၈ ခုနှစ် မတ်လ ၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန် ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ကာကွယ်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Sasakawa၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)



အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းအရ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း၊ အမှတ်တရသစ်ပင်စိုက်ပျိုးပေးခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များက ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြခြင်း၊ ကျောင်းပိုင်ကလေး အားကစားကွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း၊ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးခြင်းတို့ ပြုလုပ်ခဲ့ပြီးနောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပကြပါသည်။ ထိုသို့ကျင်းပရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားရာ၌ နယ်စပ်ရေးရာဝန်ကြီးဌာန နတလဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ) အဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၂ ခုနှစ်ကစပြီး ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာသင်ကြားခြင်း၊ စီမံကိန်းအရ စာသင်ကျောင်းများအသစ်တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ၂၀၁၈ ခုနှစ်တွင် ကျောင်းပေါင်း (၃၀၀) ပြည့်မြောက်သွားပြီဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာဆန်းစစ်နိုင်သည့် အညွှန်းကိန်း (Indicator) သည် ပညာရေးပင်ဖြစ်ကြောင်း၊ မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)နှင့် (ရန်ကုန်) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၄ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ၉ ကျောင်း၊ အထောက်အပံ့ခံဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၉ ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၄ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးနေကြောင်း၊ အဆွေတော် Mr. Sasakawa ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေသည့် နိပ္ပွန်ဖောင်ဒေးရှင်းအနေနှင့်လည်း ၂၀၁၂ ခုနှစ်ကစပြီး မိမိတို့နိုင်ငံ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ထဲထဲဝင်ဝင်ပါဝင်ကူညီပြီး နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ယုံကြည်မှုပိုမို တည်ဆောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးမှုများကို တွေ့မြင်သိရှိရသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေးမူဝါဒ(မဟာဗျူဟာ) စီမံကိန်းတွင် ဖော်ပြထားသည့်အတိုင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားမှုမရှိဘဲ ကျောင်းနေအရွယ် လူငယ်လူရွယ်အားလုံးကို လူသားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနေပါကြောင်း၊ ကျောင်းသူကျောင်းသားအားလုံးအသင်းအဖွဲ့စိတ်ဓာတ်တည်ဆောက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးနေကြောင်း၊ အရည်အသွေးမြင့်မားသည့် ဆရာ ဆရာမကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များဖြစ်အောင် အဆင့်မြှင့်တင်ပေးနေကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr.Sasakawa ၏ ပြောစကားထဲမှ ကျွန်တော်၏ နားကိုစွဲသွားစေသော စကားတစ်ခွန်းမှာ ကျွန်တော်တို့ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ) အဖွဲ့အနေနဲ့ စာသင်ကျောင်းတွေ ဆောက်ပေးတဲ့နေရာမှာ ဒီမိုကရေစီဆိုတဲ့စကားကို ဘယ်သောအခါမှ ပြောဆို ဆွေးနွေးမှုမပြုခဲ့ပါဘူး။ သို့သော်လည်းပဲ ယခုလို ကျောင်းတွေဖြစ် ပေါ်ပေါက်လာအောင် ဒေသခံတိုင်းရင်းသားတွေနဲ့ စုပေါင်းတိုင်ပင်ညှိနှိုင်းကြ၊ စုပေါင်းအလုပ်လုပ်ကြ၊ အကျိုးကျေးဇူးအသီးအပွင့်တွေကို စည်းကမ်းတကျ မျှဝေခံစားကြဆိုတော့ကာ၊ ဒါဟာ ဒီမိုကရေစီနည်းလမ်းကျစွာ ဖော်ဆောင်ခြင်းမျိုး ပါပဲဟု ပြောသွားသည်ကိုပဲဖြစ်၏။ သူရော၊ ဂျပန်သံအမတ်ကြီးပါ ပအိုဝ်းအမျိုးသားဝတ်စုံကို ကျကျနနဝတ်ဆင်ပြီး စင်ပေါ်သို့ တက်ရောက်စကားပြောခြင်းဖြစ်၍ ဒေသခံပအိုဝ်းတိုင်းရင်းသားများက အထူးပင်နှစ်သက်သဘောကျနေပါတော့သည်။ ထို့အပြင် Mr.Sasakawa က (စေတနာ) အဖွဲ့တွင် နှစ်ရှည်လများတာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၈၁)နှစ်ရှိ ဆရာဦးတင်လေးအပါအဝင်၊ ဆရာမဒေါ်အေးအေးသန်း၊ ဒေါ်စုထွေးမြင့်တို့ကိုလည်း စင်ပေါ်သို့ ဖိတ်ကြားခေါ်ယူ၍ ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုကို လူသိရှင်ကြား ထုတ်ဖော်ချီးကျူးစကားပြောဆိုခဲ့ရာ အလွန်လေးစားစရာ ကောင်းလှပေသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့ကလည်း အမှာစကားများ ပြောကြားခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နတလဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပညာသင်ကြားခြင်းစီမံကိန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ပထမဦးဆုံးဖွင့်လှစ်ခဲ့သော ကျောင်းမှာ တောင်ကြီးမြို့နယ်အတွင်းရှိ ဂနိုင်ရွှေးကျေးရွာ အ.မ.က ကျောင်း ဖြစ်သည်။ ယခု ၂၀၁၈ ခုနှစ် စီမံကိန်းလုပ်ငန်းများပြီးစီးသွား ပြီးဖြစ်၍ နောင်လာမည့် MoU သစ်တွင် ကယားပြည်နယ်အတွင်းရှိ ကျောင်းများကိုပါ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

**နတလ၊ BAJ နှင့် ရခိုင်ဒေသ ကျောင်းပေါင်း ၁၀၀**

ယနေ့ကျင်းပပြုလုပ်ခဲ့သော ကျောင်းပေါင်း(၃၀၀)ပြည့်အခမ်းအနားကဲ့သို့ပင် နတလဦးစီးဌာန နှင့် BAJ တို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းပေါင်း ၁၀၀ ပြည့်အခမ်းအနားကို စစ်တွေမြို့နယ် ကြို့ဂဲ အ.လ.က(ခွဲ)ကျောင်း၌ မတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr.Sasakawa နှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**နတလ၊ TPA နှင့် ဆီဆိုင်မြို့ရေရရှိရေး**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် ကျောင်းဖွင့်ပွဲတက်ရောက်လာသူအားလုံးသည် မွန်းလွဲပိုင်းတွင် ဆီဆိုင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး တစ်ဖက်ပိတ်ဆည်မှ ဆီဆိုင်မြို့ပေါ် ၆ ရပ်ကွက် သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးခြင်းနှင့် စိုက်ပျိုးမြေဧက ၃၉၀ အား စိုက်ပျိုးရေသွယ်ယူပေးခြင်း လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြပါသည်။ နတလ ဦးစီးဌာနနှင့် TPA (ကမ္ဘာ့လူသားအဖွဲ့အ စည်း) တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆီဆိုင်မြို့ပေါ် ၆ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာလေးရွာမှ လူဦးရေ ၁၅၇၄၅ ဦးကို အကျိုးပြုမည်ဖြစ်ပါသည်။ ယင်းရေဖွင့်ပွဲအခမ်းအနားသို့ ဆီဆိုင်ဒေသမှ တိုင်းရင်းသားပြည်သူ ၁၈၀၀ ကျော် တက်ရောက်ခဲ့ကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အမျိုးသားအဆင့် ရေအရင်းမြစ်ကော်မတီက ချမှတ်ထားသော ရေလုပ်ငန်းစဉ်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့ပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ရှမ်းပြည်နယ်အတွင်း၌ စာသင်ကျောင်းများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေးမူဝါဒ၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသကဲ့သို့ တိုင်းရင်းသားသွေးချင်းများအတွက် ပညာဆီမီးထိန်ထိန်ညီးအောင် ထွန်းညှိပေးနိုင်ခဲ့ပြီဖြစ်သည်။ ထိုနည်းတူစွာ သန့်ရှင်းသော သောက်သုံးရေသွယ်ယူပေးခြင်း လုပ်ငန်းများသည်လည်း ဒေသခံတိုင်းရင်းသားများအတွက် နိုင်ငံတော်အစိုးရကပက်ဖျန်းပေးသည့်အေးမြသော မေတ္တာရေဟုညွှန်းဆိုရလျှင် မမှားတန်ရာ။ ။

> “မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွဲခြားမှုမရှိဘဲ ကျောင်းနေအရွယ် လူငယ်လူရွယ်အားလုံးကို လူသားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနေပါကြောင်း၊ ကျောင်းသူကျောင်းသားအားလုံးအသင်းအဖွဲ့ စိတ်ဓာတ်တည်ဆောက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်အောင် လေ့ကျင့်ပေးနေ”

## ဆိုဒီယမ်မီးလုံးများ တပ်ဆင်ခြင်းပြုလုပ်

**စစ်တွေ မတ် ၁၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ စစ်တွေမြို့ပေါ်ရပ်ကွက်များ၌ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ယခု 200 KVA Transfomer ကိုးလုံးတို့ကို အသစ်တိုးချဲ့တည်ဆောက်လျက်ရှိကာ 0.4 ကေဗွီ ဓာတ်အားလိုင်းကြိုးများ လဲလှယ်ခြင်းနှင့် ရှုပ်ထွေးဆားဇစ်ကြိုးများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေကြောင်း မတ် ၇ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန့်စင်ဦးက ပြောသည်။

ထို့အပြင် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် အဓိကလမ်းမကြီးများတွင် ဆိုဒီယမ်မီးလုံးများ တပ်ဆင်ခြင်းနှင့် လမ်းသွယ်များတွင် 65 W မီးလုံးကွေးများ တပ်ဆင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး လမ်းမီးများ တပ်ဆင်ခြင်းကြောင့် ညရဲ့အလှ လျှပ်စစ်မီးနှင့်ပြ ဆောင်ပုဒ်နှင့်အညီ မြို့နေပြည်သူများ ညအချိန်သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖြစ်မည်ဖြစ်သည်။ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ကြီးကြပ်၍ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ် နေ့ရက်များ၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရန်အတွက် အထူး အလေးထားပြု လုပ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# အမြင်အာရုံချို့ယွင်းသည့်ကလေးများအား ပထမဆုံးအကြိမ် နက္ခတ်ဗေဒင်သင်တန်းဆင်း



**ရန်ကုန် မတ် ၁၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ ပထမဆုံးအကြိမ် နက္ခတ်ဗေဒင် သင်တန်းဆင်းပွဲနှင့် ကွန်ပျူတာဇာတာဖြင့် ဖွဲ့ထားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဇာတာအား သင်တန်းဆင်းကျောင်းသူတစ်ဦးက နက္ခတ်ဗေဒပညာရပ်အရဆန်းစစ်ပြီး စာတမ်းဖတ်ခြင်း အခမ်းအနားကို မတ် ၁၁ ရက်မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနက ချမှတ်ထားသော စံနှုန်းများနှင့်အညီ လူမှုကယ်ဆယ်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ မသန်စွမ်းများအပါအဝင် အခြေခံ လူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းကို အဓိကအားဖြင့် စိတ်ဓာတ်မသန်စွမ်း၊ ခန္ဓာကိုယ်မသန်စွမ်း၊ အမြင်မသန်စွမ်းနှင့် အကြားမသန်စွမ်းဟူ၍ လေးမျိုးရှိသော်လည်း အမှန်တကယ် သန်စွမ်းကြသူများဖြစ်ကြောင်း၊ သန်စွမ်းကြောင်းပြသရန်အတွက် မသန်စွမ်းတိုင်း အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခု တတ်မြောက်ထားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင် ယခင်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန နှစ်ခုသာရှိခဲ့ရာမှ အစိုးရသစ်လက်ထက်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးဌာနကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းပြည်သူများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နက္ခတ်ဗေဒင်သင်တန်းဆင်းကျောင်းသား ကျောင်းသူများကိုယ်စား သင်တန်းဆင်း ကျောင်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းသင်တန်းတွင် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးလကြာမြင့်ခဲ့ကြောင်း သိရသည်။

"နက္ခတ်ဗေဒင် ကိန်းဂဏန်းအရ ကျွန်မတို့ရဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အသက်ရှည်မယ်၊ အတွေးအခေါ် မျှတမယ်၊ နိုင်ငံတကာအသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေရဲ့ လေးစားခြင်းကို ခံရမယ်ဆိုတဲ့ ကောင်းမွန်တဲ့အချက်တွေကို တွေ့ရပါတယ်"ဟု နက္ခတ်ဗေဒင်သင်တန်းဆင်း သင်တန်းသူ မနန်းနီလာခိုင်က ပြောသည်။ **မြင့်မောင်စိုး**

# တံတားချဉ်းကပ်လမ်းဖောက်ရာတွင် ပါဝင်ခဲ့သည့် လယ်ယာမြေနှင့် အိမ်ခြံမြေများအတွက် လျော်ကြေးပေးအပ်

**ရွှေကျင် မတ် ၁၂**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ကျုံချောင်-ကွမ်းဆိပ် အဖြောင့်လမ်းနှင့် သားပြတံတား ချဉ်းကပ်လမ်း ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သည့် လယ်ယာမြေနှင့် အိမ်ခြံမြေ အဆောက်အအုံများအတွက် ပိုင်ရှင်များနှင့် တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းက လမ်းတံတား ဆောက်လုပ်ရာတွင် မလွတ်ကင်း၍ ပျက်စီး သွားသော အဆောက်အအုံနှင့် လယ်ယာမြေပိုင်ရှင်များ ဆုံးရှုံးမှုမရှိစေရန် အစိုးရအနေဖြင့် လျော်ကြေးငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းက မိမိတို့အစိုးရလက်ထက်တွင် ပြည်သူများအနေဖြင့် ဆုံးရှုံးနစ်နာမှုမရှိစေရန် ကြိုးစားပေးနေကြောင်း၊ နစ်နာဆုံးရှုံးမှုများရှိပါက သက်ဆိုင်ရာသို့ တင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လမ်း၊ တံတား ဆောက်လုပ်ရာတွင် မလွတ်ကင်း၍ ဖယ်ရှားလိုက်ရသော အဆောက်အအုံ ငါးလုံးနှင့် တောင်သူ ၄၈ ဦး၏ လယ်မြေ ၂၅ ဒသမ ၆၆ ဧကအတွက် လျော်ကြေးငွေ စုစုပေါင်း ကျပ် ၃၃၄ သိန်းကျော်ကို ဝန်ကြီးနှင့် တာဝန်ရှိသူများက မြေပိုင်ရှင် တစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့ကြသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**အမရပူရ မတ် ၁၂**
အမရပူရမြို့နယ် မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်ဦး ဦးစီးသောအဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းဇော်ဦးစီးသောအဖွဲ့တို့က မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိ အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု တမုတ်ဆိုးအမကကျောင်းဝင်း၌ ရပ်/ကျေးတာဝန်ခံ (ရာအိမ်မှူး) ဦးမြင့်နိုင်နှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၅၅ ဦးအား ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေများ၊ ကလေးသူငယ်များအား ဆုံးမခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများ ခွဲခြားတတ်စေရန် ဟောပြောခြင်း၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# ကတူးတိုင်းရင်းသား ရိုးရာပွဲတော်ကို ဒုတိယအကြိမ်အဖြစ် အင်းတော်မြို့နယ်၌ ကျင်းပမည်

**အင်းတော် မတ် ၁၂**
ကတူးတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ကို ၂၀၁၇ ခုနှစ် မတ်လက ပထမအကြိမ်အဖြစ် ပင်လည်ဘူးမြို့နယ် တောင်ကုန်းအုပ်စု မြောက်မော်ကျေးရွာတွင် သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် မတ် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် အင်းတော်မြို့နယ် နံ့သာအုပ်စု အင်ပင်ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကတူးတိုင်းရင်းသားတို့သည် မြန်မာတိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်သော "သက်" အမျိုးအနွယ်မှဆင်းသက်လာပြီး ယခုအခါ မန္တလေးနှင့် မြစ်ကြီးနားမြို့ကြား ဧရာဝတီမြစ်ကမ်းဘေးရှိဒေသများနှင့် အဓိကအားဖြင့် ကသာ၊ ထီးချိုင့်၊ ကောလင်း၊ ဝန်းသို၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူးဒေသများတွင်လည်းကောင်း၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင်းရှိ နန်းခွင်ရွာ၊ ပင်းဘောရွာ၊ ကွင်းတန်းကြီးရွာနှင့် ဆားမော်ဒေသတို့တွင်လည်းကောင်း ပျံ့နှံ့နေထိုင်လျက်ရှိကြကြောင်း သိရသည်။

ထို့အပြင် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဘေးတွင်လည်း ဒေသအခေါ် သံလမ်းရိုး ကတိုးတိုင်းရင်းသားလူမျိုးတို့ ရှေးယခင်ကတည်းက အစဉ်အဆက်နေထိုင်လာကြပြီး အင်းတော်ကြီးအိုင်ပတ်ဝန်းကျင်ရှိ ဟဲပုံရွာ၊ ဟဲပါးရွာ၊ လုံးစန့်ရွာ၊ နန့်မွန်းရွာတို့တွင်လည်း နေထိုင်လျက်ရှိနေကြောင်း သိရသည်။



ရိုးရာဝတ်စုံပြည့် ဝတ်ဆင်ထားသော ကတူးတိုင်းရင်းသားမောင်နှံ

ကတူးတိုင်းရင်းသားတို့၌ ဘာသာစကားရှိပြီး စာပေမရှိသော်လည်း ရိုးရာအဝတ်အစားအဖြစ် ရှေးယခင်က အမျိုးသားများသည် တောင်ရှည်ပုဆိုး၊ တိုက်ပုံအင်္ကျီတို့ကို ဝတ်ဆင်ကြပြီး ယခုအခါ အမျိုးသားတို့သည် ခေတ်ကာလအခြေအနေအရ အဖြူအနက်စင်းပုဆိုး၊ ပင်နီအင်္ကျီတို့ကို ဝတ်ဆင်ကြကာ အမျိုးသမီးတို့သည် အဖြူစင်းတန်းသုံးခုပါ အပြာရောင်ခံ လုံချည်နှင့် အင်္ကျီဖြူတို့ကို ဝတ်ဆင်ကြကြောင်း သိရသည်။

ကတူးတိုင်းရင်းသားတို့သည် ရှေးယခင် ဘိုးဘေးဘီဘင် လက်ထက်များကတည်းက ကုန်းတွင်း ဆားထွက်ရှိနိုင်သော ဒေသတို့တွင် အဓိက အမှီပြုနေထိုင်ကြပြီး တောင်ယာလုပ်ငန်း၊ ဆားချက်လုပ်ငန်း၊ ရိုးရာရက်ကန်းနှင့် ရိုးရာ ရွှေကျင်လုပ်ငန်းတို့အပြင် အဓိကအားဖြင့် ခိုင်းဆင်တို့ကို ကတူးဘာသာစကားဖြင့် တတ်မြောက်အောင် သင်ကြားပေးပြီးမှ သစ်ထုတ်လုပ်ရေးလုပ်ငန်းတို့၌ ဆင်ဦးစီးလုပ်ငန်းတို့ကို ကျွမ်းကျင်စွာ လုပ်ကိုင်ကြကြောင်း သိရသည်။

ယခုအခါ ဒုတိယအကြိမ် ပွဲတော်ကျင်းပမည့် ၂၀၁၈ ခုနှစ် မတ် ၂၅ ရက် ပထမနေ့တွင် ဖွင့်ပွဲကျင်းပပြီး ရိုးရာဗျောတီးသူ ၁၀၀၊ ကသူ ၁၀၀ နှင့်အတူ ဖွင့်ပွဲသီချင်းသီဆိုခြင်း၊ အကပဒေသာများဖြင့် ကပြဖျော်ဖြေခြင်း၊ မတ်လ ၂၆ ရက် ဒုတိယနေ့တွင် သက်မျိုးနွယ်စုများဖြစ်သော ကတူး၊ ကနန်း၊ ရှမ်းနီ၊ ကချင်၊ သက် စသည့် မျိုးနွယ်စုတိုင်းရင်းသားတို့ တွေ့ဆုံဆွေးနွေးပွဲ၊ မတ်လ ၂၇ ရက် တတိယနေ့၌ ကတူးတိုင်းရင်းသားတို့ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကတူးတိုင်းရင်းသားပွဲတော်အတွင်း တိုင်းရင်းသားရိုးရာ လူထုစုပေါင်းကပွဲများ၊ ကတူးရိုးရာအကများ၊ သံချပ်များ၊ ကတူးမောင်၊ ကတူးမယ် ရွေးချယ်ပြိုင်ပွဲများ ကတူးတိုင်းရင်းသားဝတ်စုံ ဖက်ရှင်ပြိုင်ပွဲများ၊ ကတူးရိုးရာအားကစားပြိုင်ပွဲများဖြစ်သော ဒိုးတိုး၊ ဂျင်ပေါက်၊ လွန်ဆွဲ၊ ခေါင်းအုံးရိုက်၊ ခြေနင်းမောင်းထောင်း၊ လက်ဆုံမောင်းထောင်း၊ ဒူးလေးပစ်၊ ရေငုပ်ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး နောက်ဆုံးညတွင် ကတူးတိုင်းရင်းသားတို့၏ လူသိများသော ရိုးရာဇာတ်လမ်းတစ်ခုဖြစ်သည့် "မောင်ကျန်အလွမ်း"ပြဇာတ်ကို ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း အင်းတော်မြို့မှ ကတူးအမျိုးသားအဖွဲ့ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးဇော်မျိုးထွန်း၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကျေးရွာရေရရှိရေးလုပ်ငန်းများ ပြီးစီး၍ ဖွင့်ပွဲကျင်းပ



**သာစည် မတ် ၁၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာပုလဲကျေးရွာအုပ်စု ကျီတိုင်ကုန်း(မ) ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ UNICEF နှင့် ကျေးရွာပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သော စက်ရေတွင်း၊ ရေစက်ရုံ၊ ရေစင်နှင့် ရေမီတာ ရေပိုက်လိုင်း လုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစံထွန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက အမှာစကားပြောကြားကာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဌေးကိုက လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသင်း မင်းလတ်က စက်ရေတွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာ ရေကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်း ရေမီတာတပ်ဆင် အသုံးပြုနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားဧည့်သည်များ အဆက်မပြတ်ဝင်ရောက်နေ

**တာချီလိတ် မတ် ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီလမှ မတ် ၇ ရက်အထိ နှစ်လကျော်အတွင်း နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်ပေါင်း ၁၆၅၂၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ညအိပ်နှင့် နေ့ချင်းပြန်အဖြစ် ဝင်ရောက်လည်ပတ်ကြခြင်းဖြစ်ပြီး မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁) ဝင်ပေါက်နှင့် ရွှေတြိဂံဝင်ပေါက်တို့မှ ဝင်ရောက်ကြကြောင်း၊ အဆိုပါ နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ မဟာ မြတ်မုနိဘုရားကြီးကျောင်း၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ အာခါဈေး၊ တရုတ်ဘုံကျောင်း၊ ဝမ်ပုံ-ရွှေတြိဂံ၊ တာလေလန့်တောင်းဘုရား၊ မိုင်းဖြတ်မြို့ရှိ စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့ရှိ ရုပ်တော်မူဘုရား၊ မဟာမြတ်မုနိဘုရား၊ နောင်တုံကန်၊ သစ်တစ်ပင်တောင်၊ ပါလျံကျောင်း၊ ပင်းတောက် ရေတံခွန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသများသို့ သွားရောက်ကာ ရေမြေတောတောင် သဘာဝအလှများ၊ တိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာရင်း လည်ပတ်ကြကြောင်း သိရသည်။

ထို့အပြင် လေယာဉ်ခရီးစဉ်ဖြင့် ဝင်ရောက်၍ ပြည်တွင်းရှိ အထင်ကရဒေသများသို့ သွားရောက်လေ့လာလည်ပတ်မှုများလည်းရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်း၏ ပြောကြားချက်အရ သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## အထူးကျေးဇူးတင်ရှိခြင်း
# ဦးအောင်ဇေယျ
**သရုပ်ပြ၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
**အရာရှိ၊ ဆင်ခြေထောက်ရောဂါ တိုက်ဖျက်ရေးစီမံချက်၊ ရန်ကုန်ကော်ပိုရေးရှင်း**
**အုပ်ချုပ်ရေးမှူး၊ မြောက်ဥက္ကလာပ၊ (၁၉၆၄မှ ၁၉၆၆ခုနှစ်အထိ)**
**ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန**
**အသက်(၈၅)နှစ်**

၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးအောင်ဇေယျ အငြိမ်းစား (ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန) နာမကျန်းဖြစ်စဉ်က ဝိုင်းဝန်းကုသပေးခဲ့သော ပါမောက္ခ-ဌာနမှူး ဒေါက်တာဒေါ်နွယ်နွယ်နှင့် ရန်ကုန်ဆေးရုံကြီး နှလုံးကြပ်မတ်ကုသဌာနမှ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့်ဝန်ထမ်းများ၊ ဒေါက်တာဒေါ်အေးမြင့်ရှု(ကထိက၊ အထူးကုဆရာဝန်ကြီး၊ ဆေးပညာဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)၊ ဆရာ၊ ဆရာမများ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ နာရေးသို့ ရပ်ဝေးရပ်နီးမှကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်ကျောင်းသား၊ ကျောင်းသူများ၊ ဝမ်းနည်းကြောင်းမေးမြန်းကြသူများ၊ သက်န်းပရိက္ခရာ လှူဖွယ်ဝတ္ထုများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ခဲ့ကြသူများအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

# ဗိုလ်မှူးမြသောင်း
**(ကြည်း-၈၄၈၉)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု-၂**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးတောင်ပိုင်း၊ အမှတ်(၆၁-စီ)နေ (ဦးအေးမောင်-ဒေါ်မြရင်)တို့၏သား၊ (ဦးပုချိတ်-ဒေါ်လှသီ)တို့၏သားသမက်၊ဒေါ်စန်းတင်၏ခင်ပွန်း၊ ဒေါ်အေးအေးမြင့်(A.G.M၊ ငြိမ်း၊ MFTB)၊ ဦးအောင်ခိုင်ဝင်း-ဒေါ်ဆင့်ဆင့်မော်၊ ဦးသန်းထွဋ်အောင်-ဒေါ်ငွေငွေဝင်းတို့၏ဖခင်၊ မောင်ဖုန်းမြင့်ဟိဏ်း(TTC ကမာရွတ်)၏အဘိုးသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးကြီးမြင့်
**အသက်(၇၈)နှစ်**

ဒေါက်တာဦးကျော်မင်း(ပါမောက္ခ၊ ဌာနမှူး၊ ဘူမိဗေဒဌာန၊ ပြည်တက္ကသိုလ်)-ဒေါက်တာဒေါ်ကြည်ကြည်မော် (ပါမောက္ခ၊ ဌာနမှူး၊ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင် ဦးကြီးမြင့်(အငြိမ်းစား၊ ကျောင်းဆရာကြီး၊ အထက်တန်းရှေ့နေ၊ ငြိမ်း)သည် ၁၀-၃-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဘူမိဗေဒမိသားစု**
**ဒဂုံတက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိမ်းမောင်
**အသက်(၇၄)နှစ်**

ဗိုလ်မှူးမျိုးမင်း(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ဖခင် ဦးစိမ်းမောင်(လောင်းလုံ)သည် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၀)မှ**
**သူငယ်ချင်း၊ မိသားစုများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေစင်၊ လမ်း ဒါယိကာမကြီး
# ဒေါ်မြင့်မြင့်သန်း (ပြည့်စုံဖက်ရှင်)
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်လမ်းနေ ဦးအောင်မြင့်-(ဒေါ်ကျင်သောင်း) (ဒေါ်ကျင်သောင်း စောင်ဆိုင်)တို့၏သမီး၊ ဦးအကေး-[ဒေါ်တင်ရီ(ဖျာပုံ)]တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၁၂/၁)နေ ဦးစံထွန်း၏ဇနီး၊ ကိုနေလင်းဦး-မအိမ့်ဖြူဇင်(ပြည့်စုံကလေးဝတ်)၊ ကိုရဲထက်အောင်-မဆုမြတ်မွန်(ပြည့်စုံဖက်ရှင်)၊ ဒေါက်တာပြည့်ဖြိုးဝေတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ဘွားဘွားသည် ၁၁-၃-၂၀၁၈ရက် ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် ရေဝေး ဖူကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ် (၁၂/၁) ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၈ရက် နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာအောင်ခင်ဝင်း
**အသက်(၇၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူးဖြိုးဇော်အောင်နှင့် ဒေါ်စန္ဒာအောင်တို့၏ ဖခင် ဒေါက်တာအောင်ခင်ဝင်းသည် ၁၁-၃-၂၀၁၈ရက် ညနေ ၆း၃၀နာရီအတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အနိစ္စ ကောင်းရာသုဂတိလားပါစေ။

**OTS-102 ကျောင်းဆင်းအရာရှိများနှင့်**
**မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးနန်းဝင်းအောင်
**ပါမောက္ခ(ဌာနမှူး)(ငြိမ်း)၊ ဥပဒေပညာဌာန**
**ရတနာပုံတက္ကသိုလ်၊ မန္တလေးမြို့**
**အသက်(၆၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဒေါ်ခင်မူ၏ ချစ်လှစွာသောခင်ပွန်း ဦးနန်းဝင်းအောင် အသက်(၆၆)နှစ်သည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥပဒေပညာဌာနမိသားစု**
**မန္တလေးတက္ကသိုလ်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ကျင်တီ
**အသက်(၉၉)နှစ်**

ပဲခူးမြို့နယ်၊ မယင်းဓမ္မသိဂ်ီကျောင်းတိုက် ပဓာနဆရာတော် ဘဒ္ဒန္တဉူးသြဘာသ၏ ရဟန်းမယ်တော်ကြီး၊ ကျောက်တံခါးမြို့နေ ဦးသိန်းဆွေ-ဒေါ်ချိုချိုတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးမြတ်လွင်-ဒေါ်ခင်ခင်မာ(MX ဘက်ထရီ)၊ ညောင်လေးပင်မြို့နေ ဦးဆန်းနိုင်-ဒေါ်အေးမြင့်(လျှပ်စစ်ပစ္စည်းဆိုင်)၊ ဦးစိန်လှိုင်-ဒေါ်ခင်ချိုမာ(လှိုင်မိတ္တူ)၊ တောင်ငူမြို့နေ ဦးသန်းထွေး-ဒေါ်ခင်ဖြူမာ၊ ထားဝယ်မြို့နေ ဒေါက်တာသန်းကျော်-ဒေါ်ခင်အေးမာ၊ ပဲခူးမြို့နေ ကိုမျိုးဝင်း-မစန်းစန်းတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွား၊ ညောင်လေးပင်မြို့၊ မန္တလေးလမ်းနေ (ဦးဘား)၏ဇနီးသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့၊ မန္တလေးလမ်းနေ(ဦးဘား-ဒေါ်ကျင်တီ)နေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဒေါ်ရှုတီ (ပြည်)
**အသက်(၉၂)နှစ်**

ပြည်မြို့၊ ပန်းထိမ်တန်းလမ်း၊ အမှတ် ၁၈၄နေ (ဦးဂင်းစူ)၏ဇနီး၊ ဦးချင်းကြိုင်-ဒေါ်ကျဲ့လိန်(မကာအို)၊ ဦးခင်မောင်နီ-ဒေါ်ခင်ခင်ဝင်း (ရန်ကုန်)၊ ဦးဝှမ့်လုံ-ဒေါ်ခင်ယဉ်(ဟောင်ကောင်)၊ ဦးငွေအောင်-ဒေါ်စောယဉ်(ရန်ကုန်)၊ ဦးစိန်ဝင်း-ဒေါ်မေယဉ်(ရန်ကုန်)၊ ဦးမြတ်ထွန်း-ဒေါ်လေးယဉ်(ပြည်)၊ ဦးအောင်နိုင်-ဒေါ်ချင်းချင်း(ပြည်)၊ ဦးမျိုးငွေ-ဒေါ်ယဉ်ယဉ်(ကြံခင်း)၊ ဦးစိုးမြင့်၊ ဒေါ်အေးအေးခိုင်(ရန်ကုန်)တို့၏မိခင်၊ မြေး ၂၀၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၁၂-၃-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် အေးငြိမ်းရာ တရုတ်သုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

# ဒေါ်သန်းရွှေ
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၄၄(ပထပ်၊ ယာ)နေ (ဦးဝင်းမြင့်)၏ဇနီး၊ ဦးချစ်ဝင်း-ဒေါ်ခင်အေးသန်း၊ (ဦးကျော်ခိုင်)-ဒေါ်ဟန်ဟန်မော်၊ (ဒေါက်တာမောင်မောင်အေး)-ဒေါ်မို့မို့ဝင်းတို့၏ ချစ်လှစွာသော မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၃-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်တင်လှ (ဆိပ်ကြီးခနောင်တို)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မ/ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ် ၁၀၅၉နေ (ဦးအောင်ကြည်-ဒေါ်သန်းငွေ)တို့၏သမီး၊ (ဦးချစ်မောင်-ဒေါ်ဟန်)တို့၏သမီးချွေးမ၊ (Capt ဦးစံထွန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်လှလှမြင့်၏အစ်မ၊ (ဦးထိန်ဝင်း)-ဒေါ်ဥမ္မာစံ၊ ဦးဝင်းသွယ်(CE)-ဒေါ်ရီရီစံ၊ ဦးဇော်မိုးထွန်း-ဒေါ်သီရိဆွေ(IKBZ)၊ (ဦးအောင်မိုးထွန်း)-ဒေါ်စောလတ်လတ်သက်၊ ဦးကျော်ဇာထင်(Aung Kaung Htet Gems)-ဒေါ်မြင့်မြင့်စံ(Director Home Plus Co.,Ltd)တို့၏မိခင်၊ မောင်စည်သူဝင်း(Logistor & Event Director မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ မောင်ဇေသက်ပိုင်ဝင်း(Suzuki Myanmar Motor Co.,Ltd)၊ မောင်အောင်မော်မင်း၊ မောင်အောင်ကောင်းထက်(YUFL)၊ မောင်သက်ဇွဲသုတတို့၏ဘွားဘွားကြီးသည် ၁၂-၃-၂၀၁၈ရက် နံနက် ၁း၅၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဒေါ်တင်ရွှေ
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ဇာနည်အထက်(၁၀)လမ်း၊ အမှတ် ၄၀၀/ကနေ (ဦးအောင်ဒွန်း-ဒေါ်နှင်းမယ်)တို့၏သမီး၊ (ဦးမောင်ခိုင်-ဒေါ်နန်းယဉ်)၊ (ဦးပွ)-ဒေါ်ပုတင်၊ (ဦးပန်းညွှန့်-ဒေါ်နှင်း)တို့၏ညီမ၊(ဦးဘစိန်)၏ဇနီး၊ သမီး လေးယောက်၊ သားနှစ်ယောက်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၃-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
# ဦးအောင်မင်း အသက်(၇၅)နှစ်
**အသင်းဝင်အမှတ်-၄၆၃**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ဖော့ကန်၊ ဦးကျော်ဟိုးလမ်းသွယ်(၃)၊ ၄၈(က)နေ ဒေါ်သန်းနွဲ့၏ခင်ပွန်းသည် ၉-၃-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

# ဒေါ်အနှောင်းချော
**ပဠင်းကြီးလမ်း၊ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့**
**နာရေးကူညီမှုအသင်းဝင်၊ စစ်တွေ**
**အသက်(၇၃)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ဘောင်းဒွတ်သားစုရပ်ကွက်၊ ပဠင်းကြီးလမ်းနေ ဒေါ်အနှောင်းချော(နာရေးကူညီမှုအသင်းဝင်၊ စစ်တွေ)သည် ၁၀-၃-၂၀၁၈ရက် မွန်းလွဲ ၁း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိပ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်းဝင်(စစ်တွေ)

---

## ရဟန်းဒါယိကာမကြီး
# ဒေါ်လှတင်
**(ဝါးနက်ချောင်းစံပြကျေးရွာ)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၁၅/ခ)နေ(ဦးမောင်ဟန်-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဦးထွန်းဖေ)၏ဇနီး၊ ဦးဆောင်ဦး (မော်တော်ယာဉ်စည်ပင်ဌာန)-ဒေါ်စန်းသီတာ၊ ဦးချစ်လှ-ဒေါ်အိအိခိုင်၊ ဦးကျော်သူမော်-ဒေါ်ခိုင်မေသက်တို့၏ကြီးတော်၊ ဒေါ်အိအိခင် (မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်)၊ ဦးကျော်ကျော်ဝင်း (M-Shipping)-ဒေါ်ယုယုထွန်း၊ ဦးလေးအောင်(ဦးစီးအရာရှိ) - ဒေါ်လင်းလင်းထွန်း (ကွန်ပျူတာလုပ်ဆောင်ရေးမှူး) (ကျောင်းပြင်ပ ပညာရေးနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန)၊ ဦးတင်ထွေး-ဒေါ်ခိုင်ခိုင်ဆွေ၊ ဦးထက်အောင်-ဒေါ်သိမ့်သိမ့်အေး၊ မောင်အောင်ကျော်ကျော် - မနေခြည်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယိကာမကြီး
# ဒေါ်လှတင်
**(ဝါးနက်ချောင်းစံပြကျေးရွာ)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၁၅/ခ)နေ(ဦးမောင်ဟန်-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဦးထွန်းဖေ)၏ဇနီး၊ ဦးလှအေး(R.T.C)(အခြေစိုက်အလုပ်ရုံအမှတ်-၂၊ ငြိမ်း)-ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်စိန်(ပညာရေးသုတေသနဦးစီးဌာန၊ ငြိမ်း)၊ (ဒေါ်သန်းမေ)၊ ဒေါ်အုန်းမြင့် (စိတ္တသုခ ဘ·ကကျောင်း)-ဦးတင်အောင်သန်း(ဦးစီးမှူး၊ အခြေခံပညာဦးစီးဌာန၊ရုံးချုပ်)-ဒေါ်နွဲ့နွဲ့ကြည် (ကျောင်းပြင်ပ ပညာရေးဦးစီးဌာန၊ငြိမ်း)၊ ဦးအောင်ဆွေ-ဒေါ်မြင့်မြင့်သန်း (လှိုင်သာယာ)၊ ဒေါ်မြင့်မြင့်တင် (Y.U.F.L)၊ (ဦးမောင်ထွေး)၊ ဦးမောင်အေးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်၊ မြစ် ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)
# ဒေါ်ကြည်ကြည်အေး
**အသက်(၈၅)နှစ်**

နတ်တလင်းမြို့နေ (ဦးသိန်းမောင်-ဒေါ်နု)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်လှအေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၅)ရပ်ကွက်၊ ကုန်းဘောင်(၁)လမ်း၊ အမှတ် ၂၀၂နေ ရာသက်ပန်အသင်းဝင် ဗိုလ်ကြီးတင်လှိုင် (ငြိမ်း-BEME)၏ဇနီးသည် ၁၁-၃-၂၀၁၈ရက် နံနက် ၉း၂၀နာရီတွင် O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသားအသင်းသူများအား လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

# ဒေါ်ခင်မာရီ
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ် 32/3(A)နေ (ဦးကိုကိုကြီး-ဒေါ်စိန်စိန်)တို့၏သမီး၊ (ဦးစံမြဲ-ဒေါ်ခင်)တို့၏သမီးချွေးမ၊ ဦးသန်းထွန်းအောင်(ရှေ့နေ)၏ဇနီး၊ မမေသန်းထွန်း၊ မောင်မြတ်သန်းထွန်း - မမြတ်သီရိမြင့်၊ မောင်နေသန်းထွန်း-မနန်းအေးနွဲ့နွဲ့စမ်း၊ မောင်ဖြိုးစည်သူ-မခင်သန်းထွန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇း၂၀နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဘဒ္ဒန္တဂုဏနန္ဒ မဟာထေရ်မြတ်
**အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**
**စေတီယင်္ဂဏသြဝါဒါစရိယ၊ အိမ်တော်ရာစေတီတော်မြတ်ကြီး၏**
**သြဝါဒါစရိယဥက္ကဋ္ဌ၊ ပရိယတ္တိသာသနာနုဂ္ဂဟ**
**ရန်ကုန်ဆန်လှူအသင်းကြီး၏**
**သြဝါဒါစရိယ၊ ပိဋကသာကစ္ဆာအဖွဲ့ကြီး၏ဥက္ကဋ္ဌ**
**သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ မြို့မကျောင်းလမ်း၊ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဂုဏနန္ဒ မဟာထေရ်မြတ်သည် (၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) ၁၀-၃-၂၀၁၈ရက် (စနေနေ့) ည ၈နာရီတွင် ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံပျော်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သည့် ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) ၁၄-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် စံကျောင်းချမင်္ဂလာပြုလုပ်ပြီး (၁၃၇၉ခုနှစ် တပေါင်းလကွယ်နေ့) ၁၆-၃-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာခုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ရေဝေးသုသာန်၌ ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

---

## ဘဝနတ်နန်းစံမြန်းတော်မူခြင်း
# ဘဒ္ဒန္တဇောတာလင်္ကာရ
**(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**
**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့၊ (၇)ရပ်ကွက်၊ အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (ပရဟိတ ဘဝမြင့်တင်ရေး) တောင်ပေါ်ကျောင်းတိုက်(ဗုဒ္ဓရိပ်သာ)၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဇောတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇း၀၅နာရီတွင် ဘဝနတ်နန်းသို့ ခိုလှုံစံဝင်တော်မူသွားပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအသိပေးအကြောင်းကြားအပ်ပါသည်။ [၁၃၇၉ခုနှစ် တပေါင်းလကွယ်နေ့ ၁၆-၃-၂၀၁၈ရက် မွန်းတည့်၁၂နာရီတွင် ယာယီစံကျောင်း (နိဗ္ဗာန်ကျောင်း) အခမ်းအနားကျင်းပမည်ဖြစ်ပါသည်။]

ဈာပနဖြစ်မြောက်ရေးကော်မတီ
ဗုဒ္ဓရိပ်သာတောင်ပေါ်ကျောင်းတိုက်
ကသာမြို့

---

# ဦးအထွန်းခိုင်(ခ)ဦးမောင်ထွန်း (စစ်တွေ)
**အသက်(၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ် ၂၃၄နေ (ဦးမြ-ဒေါ်မဲစိန်)တို့၏သား၊ [ဒေါ်မြနှင်းစိန်(ခ)ဒေါ်အားထုံ]၏ခင်ပွန်း၊ ဦးမောင်ချို-ဒေါ်ရင်ရင်ခိုင်၊ ဒေါ်မူမူသန်း၊ ဦးတင်အေး-ဒေါ်ယမင်း၊ ဦးသိန်းဇော်၊ ဦးစိုးသိန်း-ဒေါ်စန်းစန်းမူ၊ ဦးသာထွန်း-ဒေါ်မင်းမင်းအေးတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

# ဦးရွှေတိုး အသက်(၆၀)
**(လက်ထောက်ဦးစီးမှူး၊လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန)**

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်နေ (ဦးအောင်မြင့်)-ဒေါ်တင်မြတို့၏သား၊ ရန်ကုန်မြို့နေ ဦးမြင့်ဦး-ဒေါ်အေးအေးသန်းတို့၏ညီ၊ ဦးမျိုးမြင့်အောင်-ဒေါ်အေးအေးဝင်း(Air KBZ)၊ (ဦးစိုးဝင်း)-ဒေါ်ပြုံး၊ ဒေါ်လှလှထွေး(ရုံးအုပ်ကြီး၊ ခရိုင်သစ်တောဦးစီးဌာန)၊ ကိုခင်မောင်ထွေး၊ ကိုအောင်ကျော်ဦးတို့၏အစ်ကို၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်၊အမှတ် ၉/၃၄၅နေ(ဒေါ်ဖြူဖြူခင်)၊ ဒေါ်ခင်ပြုံးရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇင်ဝင်း(ခ)ဂျိုကာ(ကမ္ဘောဇဘဏ်-၃)-ဒေါ်ဇင်မင်းသန့်(ကမ္ဘောဇဘဏ်-၁)၊ဦးအောင်လင်းဖြိုး(ကမ္ဘောဇဘဏ်-၂)တို့၏ဖခင်သည် ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဝမ်ကောင်းရပ်၊ အမှတ် ၉/၃၄၅ နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၈ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

# မသူဇာဝင်း
**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ် ၁၆နေ (ဦးစိုးမောင်-ဒေါ်ခင်သိန်း)၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၂၄၉နေ (ဦးဝင်းဖေ-ဒေါ်ခင်စော)တို့၏မြေး၊ (ဦးသိန်းဇော်၊ ကာကွယ်ရေးဦးစီးဌာန၊ ငွေစာရင်းရုံး)-ဒေါ်ခင်စောဝင်းတို့၏သမီး၊ မဇင်မာဝင်း(PT Power TRADING)၊ မောင်သော်ဇင်စိုး(မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)-မရည်မွန်ဝင့်အောင်တို့၏အစ်မ၊ ဦးကြည်သိန်း-ဒေါ်ခင်ဦးမြင့်၊ ဒေါ်ခင်သန်းအေး၊ (ဦးခင်မောင်ဇော်)-ဒေါ်ရွှေရ၊ဒေါ်ခင်မို့မို့ဝင်း-(ဦးဝင်းလှိုင်)-ဒေါ်ခင်အေးနိုင်၊ ဦးငွေမြင့်-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်မြမြစိုး၊ ဦးအောင်မြင့်-ဒေါ်တင်တင်လှ၊ ဒေါ်တင်တင်မြင့်တို့၏တူမသည် ၁၁-၃-၂၀၁၈ရက် ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ငုဝါလမ်းနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဦးတင်ဦး အသက်(၈၁)နှစ်
**(ဆား/ထွေ)ထုတ်လုပ်ရေးမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ မြေညီ(ဘီ)၊ အမှတ် ၇နေ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဦးသိန်းလှိုင်ဦး-ဒေါ်ရည်မွန်သင်း၊ ဦးမြင့်လှိုင်ဦး-ဒေါ်ခင်မာထိုက်၊ (ဦးညွန့်လွင်)-ဒေါ်သန်းသန်းဦး၊ ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာဦး၊ ဦးစံမောင်ဦး-ဒေါ်ချိုချိုဟန်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

**နေပြည်တော် မတ် ၁၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်သတင်းရယူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နှစ်နှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့ခုနစ်မြို့ မီးလင်းရန် ဆောင်ရွက်ပေးနိုင်ခဲ့



**စစ်တွေ မတ် ၁၂**

လက်ရှိအစိုးရတက်ပြီးနောက်ပိုင်း နှစ်နှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့ခုနစ်မြို့ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

"အခု အစိုးရတက်ပြီးတဲ့နောက် မအီမြို့ လျှပ်စစ်မီး စရပါတယ်၊ အဲဒီနောက် မင်းပြားမြို့ ဂွမြို့ မြေပုံမြို့ ပေါက်တောမြို့ ကမ်းထောင်းကြီးမြို့ တပ်တောင်မြို့တွေ ရပါတယ်၊ နှစ်နှစ်အတွင်းမှာပဲ လျှပ်စစ်မီးရတာ ခုနစ်မြို့ ရှိသွားပါပြီ"ဟု ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသ လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိရာ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ယခုမတ်လကုန်တွင် ပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း သိရသည်။

ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူးက "မတ် ၃၁ ရက်မှာ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိဖို့အတွက်ကို ဦးတည်ချက်ထား ဆောင်ရွက်နေပါတယ်၊ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိပြီးတာနဲ့ ရသေ့တောင်မြို့ရဲ့ ပတ်လည်မှာရှိတဲ့

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် မတ် ၁၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကိုမိုရင်၊ သီရိလင်္ကာတောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာတောင်ပိုင်း ကိုမိုရင်နှင့် မဒရပ်ဒေသတို့တွင် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

## ငပုတောမြို့နယ်၌ ဆင်သတ်မှုဆိုးနှစ်ဦးအား ဖမ်းဆီးရမိ

မှုခင်းသတင်း- စာ- ၁၂

## အရှေ့အလယ်ပိုင်းသို့ လက်နက်တင်ပို့မှု နှစ်ဆကျော်မြင့်တက်

နိုင်ငံတကာသတင်း- စာ- ၁၄

# အင်းလျားကန်ကို နိုင်ငံတကာခရီးသွားများ အပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေအနီးရှိ အင်းလျားကန်ကြီးကို နိုင်ငံတကာခရီးသွားများ အပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် အဆင့်မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ဒုတိယအကြိမ်မြောက် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၏ "ရန်ကုန်မြို့အင်းလျားကန်ကြီးကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပြီး ရန်ကုန်မြို့တွင်း ပြည်သူများသာမက နိုင်ငံတကာ

စာမျက်နှာ ၅ ကော်လံ ၁ ❇



# စင်ကာပူဖိတ်ခေါ် စက်ဘီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် လူရွေးပွဲကျင်းပမည်

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် မေ ၅ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် စင်ကာပူဖိတ်ခေါ်စက်ဘီးပြိုင်ပွဲယှဉ်ပြိုင်ရန် စီစဉ်ထားပြီး လူရွေးပွဲကို မတ် ၃၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိစက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းလူရွေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကစားသမားများအနေဖြင့် မတ် ၃၀ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၇၃၀၅၆၇၁၀၊ ၀၉-၂၀၂၂၀၆၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် မြန်မာ့စက်ဘီးအားကစား ပြန်လည်တိုးတက်လာရန် ဆောင်ရွက်လျက်ရှိပြီး ပြိုင်ပွဲအတွေ့အကြုံရစေရန် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017